

# ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှု

## ကမ္ဘာတစ်ဝှမ်းအတွေ့အကြုံမှ သင်ခန်းစာများ

Paul Shortell and Emma Irwin

Natural Resource Governance Institute

၂၀၁၇ခုနှစ်၊ မေလ

မျက်နှာဖုံးဓာတ်ပုံ - မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ ဖားကန့် မြို့နယ်တွင် အလွတ်တန်းကျောက်မျက် တူးဖော်သူတစ်ဦး ကုမ္ပဏီတစ်ခု၏ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်အတွင်း ခေါင်းစွပ်ဓာတ်မီးဖြင့် ကျောက်စိမ်းအရိုင်းရှာဖွေနေပုံ

ဓာတ်ပုံ - NRGI အတွက် မင်းဇေယျာ

# မာတိကာ


အကြောင်းအရာနှင့် ရည်ရွယ်ချက်များ ........................................................ 4

(၁) - နိုင်ငံသားကျောက်မျက်တူးဖော်မှုအား အထိုက်အလျောက်ခွင့်ပြုပေးခြင်း ...... 21

(၂) - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ခေတ်မီတိုးတက်အောင် ဆောင်ရွက်ခြင်း 31

(၃) - ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များအား ဆုံးဖြတ်ခြင်း........................... 40

(၄) - တန်ဖိုးဖြတ်လုပ်ငန်းစဉ်များအား တိုးတက်အောင်ဆောင်ရွက်ခြင်း............... 48


(၅) - အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းအား ပံ့ပိုးခြင်း .................................. 52


(၆) - ကုန်သွယ်ရေးမူဝါဒများအား ပြန်လည်သုံးသပ်ခြင်း ................................. 61

(၇) - တာဝန်ခံမှုအားကောင်းအောင် ဆောင်ရွက်ခြင်း..................................... 64

ရှေ့ဆက်ဆောင်ရွက်ရန် ........................................................................ 72

## ပုံ ၁ - ကျောက်မျက်လုပ်ငန်းများအား စီမံအုပ်ချုပ်ရာတွင် ကမ္ဘာတစ်ဝှမ်းမှ အတွေ့အကြုံ





ပါကစ္စတန်နိုင်ငံ
ရောင်စုံကျောက်မျက်များ
မြန်မာနိုင်ငံ
ရောင်စုံကျောက်မျက်များ
ထိုင်းနိုင်ငံ
ရောင်စုံကျောက်မျက်များ
သီရိလင်္ကာနိုင်ငံ
ရောင်စုံကျောက်မျက်များ
တန်ဇန်နီးယားနိုင်ငံ
စိန်
ရောင်စုံကျောက်မျက်များ
မဒါဂတ်စကာနိုင်ငံ
ရောင်စုံကျောက်မျက်များ

# အကြောင်းအရာနှင့်ရည်ရွယ်ချက်များ

ကျောက်မျက်များကို အလှအပနှင့် ဂုဏ်သိမ်အဆင့်အတန်းကို ကိုယ်စားပြုဖော်ပြသောအရာများအဖြစ် ရာစုနှစ်ပေါင်းများစွာ တန်ဖိုးထားလာခဲ့ကြပါသည်။ ၂၀၁၅ခုနှစ်တွင် ကျောက်မျက်အကြမ်းထည်များအတွက်ကမ္ဘာ့ဈေးကွက်သည် လျှော့ပေါ့ခန့်မှန်း ပါက အမေရိကန်ဒေါ်လာ ၁၇ဘီလီယံနှင့် ၂၃ဘီလီယံကြားရှိနိုင်ပါသည် (ပုံ ၂)။ သို့သော်အဖိုးတန်ကျောက်မျက်များထွက်ရှိသော နိုင်ငံအတော်များများတွင် ကျောက်မျက်အရင်းအမြစ်ကြွယ်ဝမှုသည် တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကို အနည်းငယ်သာ အထောက်အကူဖြစ်စေခဲ့ပါသည်။ ကျောက်မျက် လုပ်ငန်းကဏ္ဍတွင် အောက်ပါလက္ခဏာများကို ဆက်လက်တွေ့ရှိနေရဆဲဖြစ်ပါသည် -

### ပုံ ၂ - ကမ္ဘာ့ကျောက်မျက်အကြမ်းထည် ခန့်မှန်းရောင်းချရမှု ၂၀၁၅ခုနှစ်[1]



- တရားမဝင်လုပ်ကိုင်မှု ပျံ့နှံ့နေခြင်း။ ကျောက်မျက်တူးဖော်သူများနှင့် ကုန်သည်အတော်များများတို့သည် ကျောက်မျက် လုပ်ငန်းအား တရားဝင်လုပ်ကိုင်မှုများ၏ ပြင်ပမှဆောင်ရွက်ကြသဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် အလုပ်သမားဆိုင်ရာ အလေ့အထများအား ကျယ်ပြန့်စွာလိုက်နာကျင့်သုံးခြင်းကို လျော့ကျစေပြီး အချို့နိုင်ငံများတွင် ကျောက်မျက်လုပ်ငန်း၏ စနစ်တကျအုပ်စုဖွဲ့ကျူးလွန်သောရာဇဝတ်မှု၊ ပြည်တွင်းပဋိပက္ခနှင့် အဂတိလိုက်စားသော အုပ်ချုပ်မှုစနစ်တို့နှင့်ပတ်သက် ဆက်နွယ်နေမှုကို ဆက်လက်တည်မြဲစေပါသည်။
- ဝင်ငွေကောက်ခံရရှိမှုနည်းပါးခြင်း။ ကျောက်မျက်လုပ်ငန်းကဏ္ဍမှ အများပြည်သူအတွက် အကျိုးပြုမှုအပေါ် ကန့်သတ်မှု များရှိလေ့ရှိပြီး ထိုသို့ကန့်သတ်မှုများရှိနေရခြင်းမှာ လျှော့ပေါ့အစီရင်ခံခြင်းနှင့် ထုတ်လုပ်မှုအား လျှော့ပေါ့တန်ဖိုးဖြတ်ခြင်း သို့မဟုတ် အစိုးရအနေဖြင့် မျှတသောလုပ်ငန်းသဘောတူညီချက်များကို ညှိနှိုင်းရန်ပျက်ကွက်ခြင်းတို့ကြောင့်ဖြစ်ပါသည်။ တန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းများ နည်းပါးခြင်း။ ကျောက်မျက်များအား ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်ဆင့်တက်ပြုပြင်ခြင်း နှင့် ၎င်းတို့ကို လက်ဝတ်ရတနာအဖြစ်ထုတ်လုပ်ခြင်းသည် ကျွမ်းကျင်မှုလိုအပ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုတို့ကို ရေရှည်တည်တံ့စွာ ဖြစ်ပေါ်စေသောနည်းလမ်းဖြစ်ပြီး ကျောက်မျက်ထုတ်လုပ်သောနိုင်ငံများတွင် အဆိုပါလုပ်ငန်းများထဲမှ အနည်းငယ်ကိုသာ ဆောင်ရွက်ကြပါသည်။
- ကြီးကြပ်မှုအားနည်းခြင်း။ စည်းမျဉ်းစည်းကမ်းများမလုံလောက်ခြင်း၊ ကျောက်မျက်များ၏နောက်ကြောင်းအား ခြေရာခံ နိုင်မှုနည်းလမ်းများ အားနည်းခြင်းနှင့် သဘောတူညီချက်များ၊ ငွေပေးချေမှုများနှင့်အခြားအရေးကြီးသောအချက်အလက် များကို တစ်ခါတစ်ရံမှသာဖွင့်ဟထုတ်ဖော်ခြင်းကြောင့် ကျောက်မျက်နှင့်လက်ဝတ်ရတနာထုတ်လုပ်မှု လမ်းကြောင်းရှိ လုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်ခံမှု အပေါ် အကန့်အသတ်ဖြစ်စေပါသည်။

အထက်ပါစိန်ခေါ်မှုများသည် (စိန်မဟုတ် သော)ရောင်စုံကျောက်မျက်များကို အဓိက ထုတ်လုပ်သည့်နိုင်ငံများတွင် အထူးသဖြင့် ပို၍ကြုံတွေ့ရ ပါသည်။ နိုင်ငံတကာ ကျောက် မျက် တူးဖော်ရေးကုမ္ပဏီများ၏ လွှမ်းမိုးမှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အလေးထား စောင့်ကြည့်မှုတို့ကြောင့် စိန်လုပ်ငန်းကဏ္ဍ တွင် တရားဝင်ပြုလုပ်ခြင်းနှင့် မူဝါဒရေးဆွဲ ခြင်းများအား အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်သော်လည်း ရောင်စုံကျောက် မျက်လုပ်ငန်းကဏ္ဍသည် စိန်လုပ်ငန်းကဏ္ဍ နှင့်ယှဉ်လျှင်ဗဟိုချုပ်ကိုင်မှုအားနည်းပြီးအာရုံစိုက်ခံရမှုလည်းနည်းပါသည်။ အစိုးရ၊ ပုဂ္ဂလိ က ကဏ္ဍ၊ ပညာရှင်များနှင့် အရပ်ဘက်လူ့ အဖွဲ့အစည်းမှ လှုပ်ရှားဆောင်ရွက်သူများ အနေဖြင့် စိန်လုပ်ငန်းကဏ္ဍနှင့်ယှဉ်လျှင် သုတေသနလေ့လာမှုနှင့် ထိတွေ့ဆောင်ရွက် မှုနည်းပါးခြင်းတို့ကြောင့် ရောင်စုံကျောက် မျက်အရင်းအမြစ်များနှင့် စိန်စျေးကွက် နည်းတူ အမျိုးအစားကွဲပြားစုံလင်လှသော ၎င်းတို့၏စျေးကွက်များနှင့်ပတ်သက် ပြီး အများပြည်သူသိရှိနားလည်မှုအပေါ် အကန့်အသတ်ဖြစ်စေပါသည်။

ဤအစီရင်ခံစာတွင် နိုင်ငံများအနေဖြင့် ၎င်းတို့၏ကျောက်မျက်အရင်းအမြစ်များအား စီမံခန့်ခွဲမှုကို မည်သို့ပိုမိုကောင်းမွန် အောင် ဆောင်ရွက်နိုင်မည်ကို ကြံဆထားပြီး အထူးသဖြင့်ရောင်စုံကျောက်မျက်များကိုအသားပေးစဉ်းစားထားပါသည်။ နိုင်ငံတကာတွင်ကြုံတွေ့ရသောအတွေ့အကြုံများမှရရှိနိုင်သောအဓိကသင်ခန်းစာများ (ပုံ ၁)ကို  မီးမောင်းထိုးဖော်ပြပြီး ပိုမို ကောင်းမွန်သောစီးပွားရေးအရ သဘောတူညီ ချက်များ ဖော်ဆောင်ရန် စိတ်ပါဝင်စားသောအစိုးရများအတွက် မူဝါဒဆိုင်ရာ ရွေးချယ်နိုင်သောနည်းလမ်းများကို ဖော်ထုတ်တင်ပြန်ရန်ကြိုးပမ်းထားပါသည်။

## ကျောက်မျက်နှင့် အခြားတွင်းထွက်များအား နှိုင်းယှဉ်ခြင်း

သဘာဝသယံဇာတအရင်းအမြစ်များသည် စီမံခန့်ခွဲမှုဆိုင်ရာစိန်ခေါ်မှုများ အထူးသဖြင့်ဖြစ်ပေါ်စေပြီး အခြားသောကုန်ပစ္စည်း များအတွက် မူဝါဒဆိုင်ရာထည့်သွင်းစဉ်းစားမှုအတော်များများသည် ကျောက်မျက်များနှင့်လည်း အလားတူသက်ဆိုင်မှုရှိပါ သည်။[2] သို့သော် ကျောက်မျက်များစီမံခန့်ခွဲရာတွင်ရင်ဆိုင်ရသည့် အချို့သောစိန်ခေါ်မှုများဖြစ်ပေါ်စေလေ့ရှိသော အောက်ပါ တို့အပါအဝင်ဖြစ်သည့် ထူးခြားသောအရည်အသွေးများလည်း ရှိပါသည်

- မြင့်မားသောတစ်ယူနစ်တန်ဖိုး။ သာမန်စိန်အကြမ်းထည်သည် တစ်ယူနစ်အလေးချိန်အရ ရွှေထက် ခန့်မှန်းခြေ ၁၅ဆ လောက်ပို၍ တန်ဖိုးရှိပါသည်။ ရွှေအား "ကျောက်မျက်အဆင့်" ကျောက်များ (လက်ဝတ်ရတနာပြုလုပ်ရန် သင့်လျော် သော အရည်အသွေးရှိသည့် ကျောက်များ)နှင့်နှိုင်းယှဉ်ပါက အဆိုပါကွာခြားချက်သည် များစွာပို၍မြင့်မားနိုင်ပါသည်။[3]
- အမျိုးမျိုးဖြစ်နိုင်သောတစ်ယူနစ်တန်ဖိုး။ ကျောက်မျက်အမျိုးအစား တစ်မျိုး၏ဈေးနှုန်းသည် ၎င်း၏မြင်တွေ့ရသော အရည်အသွေး အပေါ် မူတည်ပြီး တွင်းထွက်ကျောက်အများစုကိုတော့ အရွယ် အစားနှင့် သန့်စင်မှုအပေါ်အခြေခံ၍ ဈေးနှုန်းသတ်မှတ်ပါသည်။ ဥပမာအားဖြင့် ၂၀၁၃ခုနှစ်တွင် Gemfields ကုမ္ပဏီက ဈေးကွက် တင် ရောင်းချသည့် ဖမ်ဘီယာနိုင်ငံမှထွက်ရှိသော အရည်အသွေး မြင့် မြများသည် ဖမ်ဘီယာနိုင်ငံမှထွက်ရှိသော အရည်အသွေးနိမ့် မြများထက် အလေးချိန်အရ ပျမ်းမျှ ၁၉ဆ ပို၍တန်ဖိုးရှိပါသည်။[4]
- ထူးခြားသောလက္ခဏာများ။ ကျောက်မျက်များစွာ၏အရည်အသွေး ကို (Color - အရောင်၊ Clarity - သန့်စင်ကြည်လင်ခြင်း၊ Cut - လက်ရာအဆင့်အတန်းနှင့် Carat Weight - ကာရက် အလေးချိန်တို့ကို ကိုယ်စားပြုသော) "C လေးလုံး"၊ အောင်းဝင် (ကျောက်မျက် အတွင်းပိတ်မိနေသောအရာများ) ရှိနေခြင်းစသည့် ဈေးကွက်ပေါက်ဈေးအပေါ် သက်ရောက်မှုရှိနိုင်သည့် အခြားသောဂုဏ်သတ္တိမျိုးစုံ နှင့် (ကျောက်ကို အရောင်တက်စေရန် ပြုလုပ်လေ့ရှိသည့်)အပူပေးခြင်း သို့မဟုတ် အခြားပြု ပြင်ပြောင်းလဲမှုရှိမရှိတို့အပေါ်အခြေခံ၍ သတ်မှတ်ပါသည်။ အဆိုပါအရည်အသွေးအတော်များများကို ပညာရှင်တစ်ဦး၏ ကျွမ်းကျင်မှုမပါရှိဘဲ အလွယ်တကူ မမြင်နိုင်ပါ။
- ရုပ်ပိုင်းဆိုင်ရာမဟုတ်သောဂုဏ်သတ္တိများ။ ကျောက်တစ်လုံး၏နောက်ကြောင်း သို့မဟုတ် အခြားတိကျစွာတွက်ချက်၍ မရသော အရည်အသွေးများသည် ထိုကျောက်၏ တန်ဖိုးအပေါ် လွှမ်းမိုးမှုရှိနိုင်ပါပြီး ဥပမာအားဖြင့် ကက်ရှမီယားနီလာ သည် အလားတူ လက္ခဏာများရှိသည့် မဒါဂတ်စကာကျွန်းမှထွက်သောနီလာထက် ပို၍မြင့်မားသောဈေးရ ရှိနိုင်ပါသည်။[5] "တာဝန်ယူမှုရှိစွာ ရယူထားသော (Responsibly Sourced)" သို့မဟုတ် အချို့သောသဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်း ကျင်နှင့် အုပ်ချုပ်မှုစံနှုန်းများနှင့်အညီ တူးဖော်ထုတ်လုပ်ထားသောကျောက်များကိုလည်း ဈေးကွက်များတွင် ပိုမိုလူကြိုက် များလာကြပါသည်။
- ရှုပ်ထွေးသောဆင့်တက်ပြုပြင်ခြင်း။ ကျောက်များအား အချောထည်ကျောက်မျက်များနှင့် လက်ဝတ်ရတနာများအဖြစ်သို့ အသွင်ပြောင်းထုတ်လုပ်သောလုပ်ငန်းစဉ်ဖြစ်သည့် "အရည်အသွေးမြှင့်တင်ခြင်း(Beneficiation)" သည် သတ္တုအရည်ကျိုခြင်းစသောအခြားတွင်းထွက်များကိုဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များထက်စာလျှင် လက်မှုပညာအဆင့်အတန်းရော အထူးပြုကျွမ်းကျင်မှုပါ ပိုမိုလိုအပ်ပါသည်။ ကောင်းမွန်သော သို့မဟုတ် ညံ့ဖျင်းသောလက်ရာအဆင့်အတန်းသည် ကျောက်မျက်တစ်လုံး၏ရရှိနိုင်သောဈေးနှုန်းကို မြင့်တက်စေခြင်း သို့မဟုတ် ကျဆင်းစေခြင်းအသီးသီးဖြစ်စေနိုင်ပါသည်။.

### အဓိကအသုံးအနှုန်းများ - တန်ဖိုးဖြတ်ခြင်း

"တန်ဖိုးဖြတ်ခြင်း"ဆိုသည်မှာ ကျောက်မျက်များ၏ ဈေးကွက်တန်ဖိုးကို သတ်မှတ်သော လုပ်ငန်းစဉ်ကို ဆိုလိုပါသည်။ အသုံးအနှုန်းများသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားနိုင်ပါသည်။

ဥပမာ တန်ဖိုးဖြတ်ခြင်း ဆောင်ရွက်သော ပုဂ္ဂိုလ် များအား (ကနေဒါနိုင်ငံတွင်) "Valuer" ဟူ၍ လည်းကောင်း၊ (တောင်အာဖရိကနိုင်ငံတွင်) "Valuator" ဟူ၍လည်းကောင်း၊ (ဆီရာလီယွန်နိုင်ငံတွင်) "Evaluator" ဟူ၍လည်းကောင်း အသီးသီး ရည်ညွှန်းခေါ်ဝေါ်ကြပါသည်။

## ပုံ ၃- ကျောက်မျက် လုပ်ငန်းအဆင့်ဆင့်




## ကျောက်မျက်လုပ်ငန်းအဆင့်ဆင့် (GEMSTONE VALUE CHAIN)အား လေ့လာခြင်း

ကျောက်တွင်းမှ စျေးကွက်တွင်းသို့ရောက်ရှိလာသောကျောက်မျက်များ၏လမ်းကြောင်းအဆင့်ဆင့်ကို ထုတ်လုပ်မှု၊ သွေးခြင်း နှင့် အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာထုတ်လုပ်မှုနှင့် လက်လီရောင်းချခြင်းအပါအဝင်ကွဲပြားသောအဆင့်များအဖြစ် ခွဲခြားသတ်မှတ်နိုင်ပြီး အဆိုပါ အဆင့်တစ်ဆင့်နှင့် တစ်ဆင့်ကြားတွင် လုပ်ငန်းလုပ်ဆောင်သူပေါင်းစုံတို့က အရောင်းအဝယ် ပြုလုပ်ကြလေ့ ရှိပါသည်။ အဆိုပါလုပ်ငန်းအဆင့်ဆင့်သည် ပထဝီအနေအထားအရ အပိုင်းပိုင်းကွဲနေပြီး ကျောက်မျက်အများ စုသည် ၎င်းတို့အားတူးဖော်ထုတ်လုပ်သည်မှ နောက်ဆုံးတွင်ဝယ်ယူသူများထံ စျေးကွက်တင်ရောင်းချခြင်းအထိ နယ်ပယ် ပေါင်းစုံကို ကျော်ဖြတ်ကြပါသည်။

### ထုတ်လုပ်မှု

ကျောက်မျက်များကို နိုင်ငံများစွာတွင်အမြောက်အများတူးဖော်နိုင်ပြီး အန္တာတိကတိုက်မှလွဲ၍ကျန်ကမ္ဘာ့တိုက်ကြီးများအားလုံး တွင် တူးဖော် နိုင်ပါသည်။ သို့သော်လည်း တူးဖော်ရရှိသောအရင်းအမြစ်များ၏ စုစုပေါင်းပမာဏတွင် ယေဘူယျ အားဖြင့် ငါး မှ တစ်ဆယ်ရာခိုင်နှုန်းလောက်အထိသာ လက်ဝတ်ရတနာပြုလုပ်ရန် လုံလောက်သောအရည်အသွေး (သို့မဟုတ် "ကျောက် မျက်အရည်အသွေး) ရှိသဖြင့် ပမာဏအရ အစီရင်ခံထားသာ ကိန်းဂဏန်းများသည် နိုင်ငံတစ်နိုင်ငံ၏ အမှန်တကယ်ထုတ် လုပ်မှုအား တိတိကျကျဖော်ပြနိုင်သည်မဟုတ်ပါ။[6]

ကမ္ဘာပေါ်တွင်စိန်အကြမ်းထည်များထုတ်လုပ်မှုသည် ၂၀၁၅ခုနှစ်၌ကာရက်ပေါင်း ၁၂၇သန်းနှင့် ၁၄၁သန်းကြားရှိမည်ဟု ခန့် မှန်းရပြီး စျေးကွက်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇.၅ဘီလျံတန်ဖိုးရှိမည်ဟု ခန့်မှန်းရပါသည်။[7] ရုရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စိန်ထွက်ရှိမှု အများဆုံးနိုင်ငံဖြစ်ပြီး အာဖရိကတိုက်တောင်ပိုင်းရှိအခြားအဓိကစိန်ထုတ်လုပ်သောနိုင်ငံများ၏ စုပေါင်းထုတ်လုပ် မှုသည် ကမ္ဘာပေါ်တွင်စိန်ထုတ်လုပ်မှု၏ ၅၀ရာခိုင်နှုန်းလောက်ရှိပါသည်။[8] အန်ဂိုလာနှင့် ကနေဒါနိုင်ငံများတွင် ကျောက်တွင်း အကြီးစားများစတင်လည်ပတ်လာနိုင်သည် ဟုမျှော်မှန်းထားသဖြင့် ၂၀၂၀ခုနှစ်နှင့်၂၀၃၀ခုနှစ်ကြားတွင် တစ်နှစ်လျှင် ကာရက် ပေါင်းသန်း ၂၀လောက် ထုတ်လုပ်မှုတိုးမြင့်လာမည်ဟုခန့်မှန်းရပါသည်။[9]

ယုံကြည်ရသောအချက်အလက်များမရှိခြင်းကြောင့် ရောင်စုံကျောက်မျက်ထုတ်လုပ်မှုပမာဏကို ဆုံးဖြတ်ရာတွင် ခက်ခဲသော် လည်း နှစ်စဉ်လက်လီရောင်းချရမှုတန်ဖိုးများအရကျောက်မျက်အရည်အသွေးရှိသောအကြမ်းထည်ရောင်စုံကျောက်မျက်များ ထုတ်လုပ်မှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၂သန်းနှင့် ၃သန်းအကြားရှိသည်ဟု ယူဆနိုင်ပါသည်။[10] အဆိုပါကိန်းဂဏန်း များတွင် ကျောက်စိမ်းအကြမ်းထည်မပါဝင် သည်ကို သတိမူရန်အရေးကြီးပြီး ကျောက်စိမ်းအကြမ်းထည် နှစ်စဉ်တူးဖော် ထုတ်လုပ်မှုသည် အခြားစိန်မဟုတ်သောရောင်စုံကျောက်အားလုံး၏ စုစုပေါင်းတန်ဖိုးထက် ပို၍များပါသည်။[11]

ယခင်ကျောက်တွင်းများ ကုန်ခန်းလာခြင်းနှင့် ကျောက်မျက်သိုက်အသစ်များရှာဖွေတွေ့ရှိခြင်းတို့ကြောင့် ရောင်စုံကျောက် မျက်များ အများဆုံး ထုတ်လုပ်သောနိုင်ငံများ သိသိသာသာပြောင်းလဲလာပါသည်။ နီလာ၊ ပတ္တမြားနှင့် မြများအား နိုင်ငံများ စွာတွင် တူးဖော်နိုင်သော်လည်း ကျောက်စိမ်းနှင့် တန်ဇန်နိုက်အစရှိသည့် အဖိုးတန်ကျောက်မျက်အမျိုးအစားများကို ဒေသ တစ်ခုတွင်သာ အများဆုံး သို့မဟုတ် အဆိုပါဒေသ တစ်ခုတည်းတွင်သာ တူးဖော်ရရှိပါသည်။[12]

ဘူမိဗေဒအနေအထားသည်မည်သူတို့ကျောက်မျက်တူးဖော်နိုင်မည့်အပေါ်အဆုံးအဖြတ်ပေးရာတွင်အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါသည်။ နက်ရှိုင်းပြီးကျောက်မျက်များ ပိုမိုစုစည်းစည်းတည်ရှိသည့် အဓိကကျောက်မျက်သိုက်များကို တူးဖော်ရန် ရင်းနှီးမြှုပ်နှံမှုအမြောက်အများလိုအပ်ပြီး အကျိုး အမြတ်လည်းပိုမိုရရှိနိုင်ကာ အဆိုပါတွင်းများကို ကုမ္ပဏီများ က တူးဖော်လေ့ရှိပါသည်။ "အနယ်ကျနုန်းမြေများ (alluvial deposits)" ဟုလည်း များသောအားဖြင့် ရည်ညွှန်းခေါ်ဆို လေ့ရှိသော)ကျောက်မျက်များပျံ့နှံတည်ရှိနေပြီး တူးဖော်ရလွယ်ကူသောတွင်းများကို နိုင်ငံသားများက အသေးစားနှင့် လက်လုပ်လက်စားတူးဖော်မှုနည်းလမ်းများအသုံးပြု၍ တူးဖော်နိုင်ကြပါသည်။

ကျောက်မျက်ထုတ်လုပ်မှုလမ်းကြောင်းရှိအဆင့်တိုင်းကိုလုပ်ကိုင်ဆောင်ရွက်သော နိုင်ငံတကာကျောက်မျက် တူးဖော်ရေး ကုမ္ပဏီအနည်းငယ်သည် ကမ္ဘာပေါ်တွင်စိန် ထုတ်လုပ်မှု၏ဂ၀ရာခိုင်နှုန်းလောက်ကို ထိန်းချုပ်ထား သည်ဟု ခန့်မှန်းနိုင်ပါသည်။ လန်ဒန်အခြေစိုက် De Beers အုပ်စုသည် နှစ်ဆယ်ရာစုအဆုံးပိုင်းတွင် စိန် အချောထည် ထုတ်လုပ်မှုကဏ္ဍကို တစ်ဦးတည်း နီးပါး ခြယ်လှယ်နိုင်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီ၏ ဈေးကွက်ဝေစု ကိုလျှော့ချရန် မကြာသေးမီနှစ်များတွင် စီးပွားရေးလက်ဝါး ကြီး အုပ်မှုတားဆီးရေးလုပ်ဆောင်မှုများရှိခဲ့သော်လည်း De Beers ကုမ္ပဏီသည် စိန်ရောင်းချမှုတွင် တန်ဖိုးအရ ဦးဆောင်နေဆဲဖြစ်ပါသည်။ ရုရှားနိုင်ငံမှ Alrosaကုမ္ပဏီ နှင့်တကွ De Beersကုမ္ပဏီသည် နှစ်စဉ်စိန်အကြမ်းထည် ရောင်းချရမှု၏ ၆၀ နှင့် ၇၀ ရာခိုင်နှုန်း ကြားလောက်ကို ဆောင်ရွက်နေပါသည်။ Petra Diamonds ၊ Dominion Diamond နှင့် Rio Tinto ကုမ္ပဏီများကလည်း အရေး ပါသော အကြီးစားစိန်တူးဖော်ရေးစီမံကိန်းများကို ဆောင်ရွက်ပါသည်။[13]

နိုင်ငံသားများ၏ ကျောက်မျက်တူးဖော်မှု (အခန်း ၁ ကို ကြည့်ပါ) သည် ကျောက်စိမ်းမပါဝင်သော ရောင်စုံကျောက်မျက် ထုတ်လုပ်မှု၏ ၇၀ နှင့် ၈၀ ရာခိုင်နှုန်းအကြားရှိသည်ဟု မကြာခဏဖော်ပြလေ့ရှိပြီး ထိုအခြေအနေသည် Gemfields နှင့် True North ကုမ္ပဏီများစသည့် နိုင်ငံတကာကုမ္ပဏီများက စီးပွားဖြစ်စီမံကိန်းများတွင်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာသည် နှင့်အမျှ ပြောင်းလဲလာခဲ့ပါသည်။[14]
ပြည်တွင်းကျောက်မျက်တူးဖော် ရေး ကုမ္ပဏီများကလည်း ကိုလံဘီယာမြဈေးကွက်နှင့် မြန်မာနိုင်ငံကျောက်စိမ်းလုပ်ငန်းအစရှိသည့် အချို့ဈေးကွက်များတွင် အရေးအကြီးဆုံး အခန်းကဏ္ဍမှပါဝင်ကြပါသည်။[15]

### အဓိကအသုံးအနှုန်းများ - နိုင်ငံသားနှင့် ကုမ္ပဏီတူးဖော်မှု

ကျောက်မျက် တူးဖော်ရာတွင် အသေးစားနှင့် လက်လုပ်စားတူးဖော်ခြင်း (ASM)နှင့် အကြီးစားတူးဖော်မှု(LSM) ဟူ၍ ယေဘုယျအားဖြင့်ခွဲခြားသတ်မှတ်နိုင်ပါသည်။ အဆိုပါအသုံး အနှုန်းများအား ဒေသအားလုံးတွင် တပြေးညီအဓိပ္ပာယ်သတ် မှတ်ထားခြင်းမရှိဘဲ လုပ်ကိုင်ဆောင်ရွက်သူအမျိုးအစား သို့မဟုတ် အဖွဲ့အစည်း၊ တူးဖော်ရာတွင် အသုံးပြုသော နည်းလမ်း၊ ကျောက်တွင်း၏ အကျယ်အဝန်း သို့မဟုတ် ထုတ်လုပ်မှု ပမာဏနှင့် အခြားစံ သတ်မှတ်ချက်များ အပေါ်အခြေခံ၍ ASM/ LSM ဟူသော အသုံးအနှုန်းများကို သုံးစွဲရာတွင်ကွဲပြားမှုရှိနိုင်ပါသည်။

ASM/LSM ဟူသော အသုံးအနှုန်းများအား သုံးစွဲရာတွင် မရှင်းမလင်းဖြစ်မှုကို ရှောင်ရှားရန် ဤအစီရင်ခံစာတွင် မှတ်ပုံတင်ထားခြင်းမရှိသောပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများက တူးဖော် လုပ်ကိုင်သော ကျောက်တွင်းများ ("နိုင်ငံသားတူးဖော်ခြင်း") နှင့် မှတ်ပုံတင်ထားသော ကုမ္ပဏီ အရွယ်အစားပေါင်းစုံက တူးဖော်လုပ်ကိုင်သော ကျောက်တွင်းများ ("ကုမ္ပဏီတူးဖော် ခြင်း") ဟူ၍ အခြေခံအားဖြင့် ခွဲခြားထားပါသည်။

## အကြမ်းထည်ရောင်းဝယ်ခြင်း

ကျောက်မျက်လုပ်ငန်း Value Chain၏ အဆင့်တိုင်းတွင် ရောင်းဝယ်မှု ဖြစ်ပေါ်သော်လည်း ကျောက်မျက်အကြမ်းထည်များ အရောင်းအဝယ် ပြုလုပ်ပုံကြောင့် ကျောက်မျက်ထုတ်လုပ်သောနိုင်ငံများမှ အစိုးရများ က အထူးသဖြင့် ကျောက်မျက်အကြမ်း ထည်များရောင်းဝယ်မှုအပေါ် ပိုမို စိတ်ဝင်စားမှုရှိကြပါသည်။ ဈေးကွက်ရှာဖွေရေးနည်းလမ်းများသည် တရားဝင်ဖြစ်ခြင်း၊ ယှဉ်ပြိုင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်းတို့နှင့်ပတ် သက်ပြီး အတိုင်းအတာ အမျိုးမျိုးရှိကြပါသည်။

De Beersကုမ္ပဏီက ဖန်တီးထားသော ရှေးယခင်ကတည်းကကျင့်သုံး နေပြီး Alrosaကုမ္ပဏီက မကြာသေးမီက အတုခိုးထားသော စိန်ရောင်း ချမှုနည်းလမ်းသည် "Sightholder"စနစ်ဟု လူသိများပါသည်။ အဆိုပါ နည်းလမ်းအရ နစ်ရှည်စာချုပ်များကို အကန့်အသတ်ဖြင့် "Sightholders"များထံချထားပေးပြီး "Sightholders" များက "Sight" ဟု ခေါ်သော ပုံမှန်ပြုလုပ်သည့်အရောင်းပွဲများတွင် ထုတ်လုပ်သူများ ထံမှ စိန်အကြမ်းထည်များကို အသုတ်လိုက်ဝယ်ယူခွင့်ရှိပါသည်။ Sightholder စနစ်သည် နှစ်ရှည်စာချုပ်ကိုင်ဆောင်ထားသူ အနည်း ငယ်အတွက် စိန်ဝယ်ယူရရှိနိုင်မှုအား ထိရောက်စွာ ကန့်သတ်ပေးထား ပါသည်။[16]

ကမ္ဘာပေါ်တွင်ပတ္တမြားနှင့်မြအများဆုံးထုတ်လုပ်သော Gemfields ကုမ္ပဏီသည် ကျောက်မျက်အကြမ်းထည်များကို ပုံမှန်ကျင်းပသော လေလံပွဲများမှတဆင့် ဈေးကွက်တင်ရောင်းချပါသည်။[17] ဤစနစ်၏ အကျိုးကျေးဇူးများတွင် ရောင်းချမှုများကို ဈေးကွက်အပြောင်းအလဲများနှင့် ဦးတည်ရာများနှင့်အညီ အလိုက်သင့် ပြောင်းလဲနိုင်ခြင်း၊ ကျောက်များ၏ တန်ဖိုးကို ပို၍ပွင့်လင်း မြင်သာစွာနှင့် မျှတစွာ ဆုံးဖြတ်နိုင်ခြင်း၊ စီမံခန့်ခွဲရာတွင် ပိုမိုလွယ် ကူခြင်းနှင့် အလားအလာရှိသောဝယ်လက်မျိုးစုံထံ ရောင်းချနိုင်ခြင်းတို့ ပါဝင်ပါသည်။

ကျောက်မျက်များကို နိုင်ငံသားများ သို့မဟုတ် ကုမ္ပဏီငယ်များက တူးဖော်သောအခါ ပြည်တွင်းထုတ်လုပ်မှုအား နိုင်ငံတကာ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးရန် ရှုပ်ထွေးပြီးကြုံသလို ကျသလိုဆောင်ရွက်သောပွဲစားကွန်ရက်များ၏ ပတ်သက်ဆက်နွယ် မှုများကို အသုံးချရပါသည်။ အဆိုပါ ကိစ္စရပ်များတွင် ကျောက်မျက်များအား တူးဖော်သည့်နေရာမှ ၎င်းတို့ကို သွေးပြီးအချောထည်ပြုလုပ်သည့်အဆင့်အထိ အကြိမ်ပေါင်းများစွာ လက်ပြောင်းရောင်းဝယ်လေ့ရှိကြပါသည်။

## အရည်အသွေးမြှင့်တင်ခြင်း

ကျောက်မျက်အကြမ်းထည်များကို ပို၍အချောထည်အဆင့်ရောက်သော ထုတ်ကုန်များအဖြစ်သို့ အသွင်ပြောင်းထုတ်လုပ် ခြင်းအား တန်ဖိုး မြှင့်တင်ဆင့်တက်ပြုပြင်ခြင်း (Value-adding Process) သို့မဟုတ် "အရည်အသွေးမြှင့်တင်ခြင်းဟု ခေါ်ပါ သည်။ သွေးခြင်း၊ အချောထည် ပြုလုပ်ခြင်းနှင့် (အပူပေးခြင်း၊ ဖယောင်းရိုက်ခြင်း သို့မဟုတ် အရောင်ဆိုးခြင်းစသည့်) ပပြုပြင် ပြောင်းလဲခြင်းအပါအဝင် အဆင့်ဆင့်ဆောင်ရွက် သော အရည်အသွေးမြှင့်တင်ခြင်း အဆင့်များသည် ကျောက်မျက်၏ ဈေးကွက်ပေါက်ဈေးကို ပျမ်းမျှ ၅ဂရာခိုင်နှုန်းအထိ တိုးမြှင့်ပေးပါသည်။ အခြားပစ္စည်းများနှင့်တကွ ကျောက်မျက်များကို လက်ဝတ်ရတနာအဖြစ် ထုတ်လုပ်ခြင်းသည် အဆိုပါကျောက်မျက်၏တန်ဖိုးကို ထပ်မံမြှင့်တင်ပေးပါသည်။


အကြီးစားလက်လီရောင်းချသူများ၊ အသေးစားနှင့် အလတ်စားကုမ္ပဏီများနှင့် လွတ်လပ်သော လက်မှုပညာရှင်များအပါအဝင် ကွဲပြားသော လုပ်ငန်းဆောင်ရွက်သူပေါင်းစုံတို့က ကျောက်မျက်ဆင့်တက်ပြုပြင်ခြင်းနှင့်လက်ဝတ်ရတနာထုတ်လုပ်ရေးကို လုပ်ကိုင်ကြပါသည်။ အချို့သော လုပ်ငန်းဆောင်ရွက်သူများသည် အရည်အသွေးမြှင့်တင်ခြင်းခြင်း၏အဆင့်တစ်ဆင့် သို့မဟုတ် တစ်ဆင့်ထက်ပို၍အထူးပြုလုပ်ကိုင်ကြပြီး အချို့ကလည်းအရည်အသွေးမြှင့်တင်ခြင်း၏အဆင့်တိုင်းကိုလုပ်ဆောင် နိုင်ပါသည်။

### အဓိကအသုံးအနှုန်းများ - "အရည်အသွေး မြှင့်တင်ခြင်း"


""အရည်အသွေး မြှင့်တင်ခြင်း" သို့မဟုတ် "တန်ဖိုး မြှင့်တင်ဆင့်တက် ပြုပြင်ခြင်း" ဆိုသည်မှာ ကျောက်မျက် အကြမ်းထည်များအား အချောထည် လက်ဝတ် ရတနာ ထုတ်ကုန်များ အဖြစ်သို့ အသွင် ပြောင်းလဲသော လုပ်ငန်းစဉ်ကို ဆိုလိုပါသည်။ ဤအစီရင်ခံစာတွင် အသုံးပြုထားသော အရည် အသွေးမြှင့် တင်ခြင်းဟူသော အသုံးအနှုန်းအများ စုသည် အဓိကအားဖြင့် ကျောက်မျက်များအား သွေးခြင်းနှင့် အချောထည် ပြုလုပ်ခြင်းကို ဆိုလို ပါသည်။ သို့သော်လည်း အရည်အသွေး မြှင့်တင် ခြင်းဟူသော အယူအဆတွင် ကျောက်မျက်ပြုပြင် ခြင်းများနှင့် ၎င်းတို့အား လက်ဝတ် ရတနာအဖြစ် ထုတ်လုပ်ခြင်း လည်းပါဝင်ပါသည်။

အရည်အသွေး မြှင့်တင်ခြင်း ဟူအသုံးအနှုန်းသည် ကျောက်မျက် ပညာရပ်ပိုင် ဆိုင် ရာဖြစ်ပါသည်။ ဥပမာအားဖြင့် ရောစုံ ကျောက်မျက်များစွာအား သွေးခြင်းနှင့် အချောထည် ပြုလုပ်ခြင်းတို့ကို "ကျောက်သွေးခြင်း" ဟူ၍လည်းကောင်း ကျောက် စိမ်းကဏ္ဍတွင် ကျောက်သွေးသူများအား "ကျောက်မျက် ပန်းပုပညာရှင်များ" ဟူ၍လည်းကောင်း ရည်ညွှန်း ခေါ်ဝေါ်ကြပါသည်။

## ပုံ ၄ - ကျောက်မျက်တူးဖော်ခြင်း၊ သွေးခြင်းနှင့် အရောင်းပြုလုပ်ခြင်း၏ ခန့်မှန်းထားသော ပထဝီအနေအထားအရပျံ့နှံမှု[25]



## သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်း



ကျောက်မျက်လုပ်ငန်း Value Chain ၏ အလယ်ပိုင်းတွင် မည်သူက ကျောက်မျက်များကို ဆင့်တက်ပြုပြင်သည်ထက် မည် သည့်နေရာတွင် ထိုလုပ်ငန်းစဉ်အားဆောင်ရွက်သည်ကပို၍ အရေးပါပါသည်။ ကုန်ကျစရိတ်သက်သာစွာဖြင့် ကျောက်မျက်များ ဆင့်တက်ပြုပြင်ရေး အထူး ဆောင်ရွက်သော အာရှနိုင်ငံများ သည် ကျောက်သွေးခြင်းနှင့် လက်ဝတ်ရတနာထုတ်လုပ်သော ကဏ္ဍကို ပို၍လွှမ်းမိုးလာကြပြီး အိန္ဒိယနိုင်ငံ သည် အလေးချိန်အားဖြင့် ကမ္ဘာ့စိန်ထွက်ရှိမှု၏ ၉၀ရာခိုင်နှုန်းလောက်ကို ဆင့် တက်ပြုပြင်ခြင်းဆောင်ရွက်လျက်ရှိကာ Suratမြို့တွင် အများဆုံးဆောင်ရွက်ပါသည်။[18] ရောင်စုံ ကျောက်များအား ဆင့်တက် ပြုပြင်ခြင်းကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ (ကွမ်ကျိုးမြို့တွင် ပြုလုပ်လေ့ ရှိသည်)၊ အိန္ဒိယနိုင်ငံ (Jaipurမြို့တွင် ပြုလုပ်လေ့ ရှိသည်)နှင့်သီရိလင်္ကာနိုင်ငံတို့တွင် လုပ်ဆောင်လေ့ရှိပါသည်။[19] အဆိုပါနိုင်ငံများ၏ယှဉ်ပြိုင်နိုင်စွမ်းသည် သမိုင်းတွင် ကျောက် မျက်ဆင့်တက်ပြုပြင်ရာ၌ အရေးပါသည့် (ဘယ်လ်ဂျီယံနိုင်ငံ၊ အစ္စရေးနိုင်ငံနှင့် စိန်ဆိုလျှင် အမေရိကန်ပြည်ထောင်စုစသည့်) နိုင်ငံများ အပေါ် ဖိအားများဖြစ်ပေါ် စေပြီး ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းဖွံ့ဖြိုးလာစေရန်ကြိုးပမ်းနေသော ကျောက်မျက်ထုတ်လုပ်သည့်နိုင်ငံများအတွက် ဈေးကွက်အတွင်းသို့ ဝင်ရောက်ရာတွင် အတားအဆီးများဖြစ်ပေါ် စေပါသည်။ (အခန်း ၅ ကို ကြည့်ပါ။)

## လက်လီရောင်းချခြင်း

ကျောက်မျက်များအား အခြေခံကုန်ပစ္စည်းများထက်စာလျှင် ဇိမ်ခံပစ္စည်းများအဖြစ် ရောင်းချကြသဖြင့် ဝယ်ယူသုံးစွဲမှုနှင့် ဈေးနှုန်းများသည် ကျောက်မျက်များ၏နှစ်လို ဖွယ်ကောင်းသောအချက်တွင် များစွာမူတည်နေပါသည်။ De Beers ကုမ္ပဏီက ၎င်း၏ "စိန်တစ်လုံးသည် ထာဝရ (a diamond is forever)" ဟုခေါ် သော ကြော်ငြာလှုပ်ရှားမှုဖြင့် စေ့စပ်လက်စွပ်များ အတွက် စိန်များကိုရေရှည်ရောင်းချနိုင်အောင်လုပ်ဆောင် ခဲ့သည့် ၁၉၄၀ပြည့်နှစ်အစောပိုင်းကတည်းက ကုန်အမှတ်တံဆိပ် ကြော်ငြာခြင်းနှင့်အရောင်း မြှင့်တင်ခြင်းတို့သည် ကျောက်မျက်လုပ်ငန်း အောင်မြင်မှုအတွက် အရေးပါပါသည်။ မကြာသေးမီ ဆယ်စုနှစ်များတွက်"တာဝန်ယူမှုရှိစွာရယူခြင်း(Responsibly Sourcing)"(အခန်း၇ကို ကြည့်ပါ)သည် ကျောက်မျက်များအား ကြော်ငြာရာနှင့် ရောင်းချရာတွင် သက်ရောက်မှုအများဆုံးဖြစ်ပေါ် စေခဲ့သည့် အသွင်ပြောင်းလဲကြော်ငြာမှု ဖြစ်လာခဲ့ပါသည်။

စိန်ဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများ ကမ္ဘာတစ်ဝှမ်းရောင်းချရမှုသည် မကြာသေးမီနှစ်များအတွင်း ပျမ်းမျှနှစ်စဉ် အမေရိကန်ဒေါ်လာ ၇၀ဘီလျံနှင့် ၈၀ဘီလျံကြား ရှိပါသည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် အရေးအပါဆုံး ကျောက်မျက်ဈေးကွက်ဖြစ်ပြီး စိန်ဖြင့် ပြုလုပ်သော လက်ဝတ်ရတနာများ၏ ၄၀ရာခိုင်နှုန်းလောက်ကို ဝယ်ယူသုံးစွဲနေသော် လည်း တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အခြားဖွံ့ဖြိုးဆဲ နိုင်ငံများ၏ တိုးမြင့်လာသော ဝယ်လိုအားကြောင့် အမေရိကန်ပြည် ထောင်စု၏ ဈေးကွက်ကို လျော့ကျလာစေပါသည်။[20]

စိန်မဟုတ်သောကျောက်မျက်များ၏ ခေတ်စားမှုသည် မကြာသေးမီနှစ်များတွင် တဟုန်ထိုးမြင့်တက်ခဲ့ကာ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ရောင်စုံကျောက်အမျိုးအစားအတော်များများ၏ဈေးနှုန်းများသည် ၁၀၀ရာခိုင်နှုန်းကျော်အထိ မြင့်တက် ခဲ့ပါသည်။[21] ရောင်စုံကျောက်များ (ကျောက်စိမ်းမပါဝင်) ဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာရောင်းချရမှုသည် တစ်နှစ် လျှင် ကမ္ဘာ့လက်လီရောင်းချရမှုစုစုပေါင်း၏ ၅ နှင့် ၇ ရာခိုင်နှုန်းကြား သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၀ဘီလျံနှင့် ၁၂ဘီလျံ ကြားရှိမည်ဟု ခန့်မှန်းရပါသည်။ ပတ္တမြား၊ နီလာနှင့် မြတို့သည် စုစုပေါင်းတန်ဖိုး၏ အများဆုံးရာခိုင်နှုန်းများ အဖြစ်ပါဝင်ကြ သော်လည်း ထိုကျောက်မျက်များ၏စုစုပေါင်းဝေစုသည် ၅၀ရာခိုင်နှုန်းမှ၉၀ရာခိုင်နှုန်း အထိ အမျိုးမျိုးဖြစ်နိုင်သည်ဟု ခန့်မှန်းရ ပါသည်။[22] ကျောက်စိမ်း၏ တန်ဖိုးကို တွက်ချက်ရန် စိန်ခေါ်မှုအချို့ရှိနေသော်လည်း တရုတ်နိုင်ငံ ပြည်မကြီးတစ်ခုတည်း၌ပင် ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော လက်ဝတ်ရတနာရောင်းချရမှုသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၇ဘီလျံနှင့် အထက် ရှိနိုင် ပါသည်။[23]



မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်တွင် ပယင်းကျောက်တူးသူတစ်ဦး ကျောက်တွင်းထဲသို့ ဝင်ရောက်နေပုံ


ဓာတ်ပုံ - NRGI အတွက် ခွန်လတ်


ကျောက်စိမ်းမဟုတ်သော ရောင်စုံကျောက်မျက်များဖြင့်ပြုလုပ်ထားသည့် လက်ဝတ်ရတနာများရောင်းချရမှု၏ ဖိုဂရာခိုင်နှုန်း လောက်ကို အမေရိကန်ပြည်ထောင်စုမှဝယ်ယူသည်ဟု ခန့်မှန်းရပါသည်။ သို့သော်လည်း ဈေးကွက်များသည် ကွဲပြားခြားနား နေပြီး မြောက်အမေရိကနှင့် ဥရောပမှ ဝယ်ယူသူများသည် နီလာကို ပိုမိုဝယ်ယူလေ့ရှိသော်လည်း တရုတ်နိုင်ငံမှ ဝယ်ယူသူ များသည် ပတ္တမြားကို ပိုမိုဝယ်ယူလေ့ရှိကာ ကျောက်စိမ်းဈေးကွက်တစ်ခုလုံးနီးပါးမှာလည်း ၎င်းတို့ထံမှဖြစ်ပါသည်။[24]

ယေဘုယျတူညီမှုများ မည်သို့ပင်ရှိစေကာမူ လက္ခဏာများ သို့မဟုတ် မူလတူးဖော်ထုတ်လုပ်သောနိုင်ငံတူညီသည့် ကျောက် မျက်များသည် ကျောက်တွင်းများမှ ဈေးကွက်သို့ရောက်ရှိသော လမ်းကြောင်းမတူညီကြပါ။ ဥပမာအားဖြင့် မာလာဝီမှ တူးဖော် ထုတ်လုပ်သော နီလာများအား သီရိလင်္ကာနှင့်ယှဉ်လျှင်သော်လည်းကောင်း၊ တန်ဇန်နိုက်အား တန်ဇန်နီးယားမှ ပတ္တမြားနှင့် ယှဉ်လျှင်သော်လည်းကောင်း၊ ကိုလံဘီယာတွင် ထုတ်လုပ်သောမြနစ်လုံးသည် ၎င်းတို့ကို ကုမ္ပဏီ သို့မဟုတ် နိုင်ငံသားတူး ဖော်သူများက တူးဖော်ထုတ်လုပ်သည့်အပေါ် မူတည်၍ သော်လည်းကောင်း ၎င်းတို့၏ Value Chain ပုံစံသည် သိသိသာသာ ကွာခြားသွားနိုင်ပါသည်။

ပါဝင်ဆောင်ရွက်သူများ၏ အရေအတွက်နှင့် အမျိုးအစားသည်  ကျောက်မျက်လုပ်ငန်းအဆင့်ဆင့်၏ပွင့်လင်းမြင်သာမှုကို များစွာအဆုံးအဖြတ်ပေးပါသည်။ အချောထည်ထုတ်လုပ်သော စိန်လုပ်ငန်း၏ဗဟိုချုပ်ကိုင်မှုအလွန်များသော သဘာဝကြောင့် ထုတ်လုပ်မှု၏ ပိုမိုများပြားသော ရာခိုင်နှုန်းကို စိန်တွင်းမှဈေးကွက်အထိ ခြေရာခံနိုင်ပါသည်။[26] အဆင့်အားလုံးတွင် အသေး စားလုပ်ငန်းဆောင်ရွက်သူများဖြင့် ပြည့်နက်နေသော ရောင်စုံကျောက်မျက်ကဏ္ဍတွင် ထိုကဲ့သို့ခြေရာခံနိုင်လေ့မရှိပါ (ပုံ ၅)။

## ပုံ ၅ - ဘော့ဆွာနာစိန်နှင့် မဒါဂတ်စကာနီလာတို့၏ Value Chain များကို နှိုင်းယှဉ်ခြင်း[27]




တူးဖော်ထုတ်
လုပ်ခြင်း
နိုင်ငံသားတူးဖော်သူ
(မဒါဂတ်စကာနိုင်ငံ)
မဒါဂတ်စကာ
နိုင်ငံမှ
ကုန်သည်(များ)
တ်စကာ
နိုင်ငံမှ
ကုန်သည်(များ)
(မြို့ငယ်)
မဒါဂတ်စကာ
နိုင်ငံမှ
ကုန်သည်(များ)
(မြို့ကြီး)
သီရိလင်္ကာ
နိုင်ငံမှ
ကုန်သည်(များ)
(မဒါဂတ်စကာ
နိုင်ငံ)
သီရိလင်္ကာ
နိုင်ငံမှ
ကုန်သည်(များ)
(သီရိလင်္ကာ
နိုင်ငံ)
ထုတ်လုပ်မှုကုမ္ပဏီ
(အီတလီနိုင်ငံ)
လက်ဝတ်ရတနာ
ထုတ်လုပ်ခြင်း
သွေးခြင်းနှင့်
အရောထည်ပြုလုပ်ခြင်း
သွေးခြင်းနှင့်အရောထ
ည်ပြုလုပ်ခြင်းကုမ္ပဏီ
(သီရိလင်္ကာနိုင်ငံ)
လက်လီ
ရောင်းချခြင်း
လက်ဝတ်ရတနာကုမ္ပဏီ
(အမေရိကန်ပြည်ထောင်စု)

## ပိုမိုကောင်းမွန်သော လုပ်ငန်းပိုင်းဆိုင်ရာသဘောတူညီချက်ရယူခြင်း

စနစ်တကျစီမံခန့်ခွဲပါက သဘာဝသယံဇာတများသည် နိုင်ငံများအတွက် အကျိုးအမြတ်ရှိစေပြီး အလုပ်အကိုင်နှင့် ဝင်ငွေတိုး တက်ခြင်း၊ အစိုးရ အခွန်ဝင်ငွေရရှိစေခြင်းနှင့် အခြားဆက်နွယ်နေသောစီးပွားရေးလုပ်ငန်းများပေါ်ပေါက်လာစေရန်လှုံ့ဆော် ပေးခြင်းအပါအဝင် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်ပါသည်။ ကောင်း မွန်သော လုပ်ငန်းပိုင်းဆိုင်ရာသဘောတူညီချက်သည် ပုံစံမျိုးစုံဖြစ်နိုင်ပြီး အစိုးရများသည် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများပြဋ္ဌာန်းခြင်းဖြင့် ကျောက်မျက်ကြွယ်ဝစွာပိုင်ဆိုင်မှုကိုအကောင်းဆုံး အသုံးချရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည်။ အကျဉ်းချုံးဖော်ပြထားသောနိုင်ငံများအကြား ဇမ်ဘီယာနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံများအားလေ့လာမှုများတွင် အဆိုပါ နိုင်ငံ နှစ်နိုင်ငံအနေဖြင့် ၎င်းတို့၏ကျောက်မျက်ပိုင်ဆိုင်မှုများကို နိုင်ငံတော်၏ဦးစားပေးဆောင်ရွက်မှုများနှင့်အညီ မည်ကဲ့သို့ အသုံးချထားသည်ကို ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင်ဆက်လက်ဖော်ပြမည့်အပိုင်းများ၌ ကျောက်မျက်ထုတ်လုပ်သော နိုင်ငံများ အထူးသဖြင့်ရောင်စုံကျောက် မျက်တူးဖော်သော နိုင်ငံများ၏ အတွေ့အကြုံများကို အသားပေးဖော်ပြသွားပါသည်။ ထိုနိုင်ငံများ၏အတွေ့အကြုံများအား ပေါင်းစပ်၍ စီမံအုပ်ချုပ်မှုဆိုင်ရာ အဓိက စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကာ ကျောက်မျက်တူးဖော်ခြင်းဖြင့် ရရှိနိုင်သော တန်ဖိုးများအား မြှင့်တင်နိုင်မည့်အခွင့်အလမ်းများကို တတ်နိုင် သမျှ ဖော်ထုတ်တင်ပြသွားပါမည် -

- ပထမအခန်းနှစ်ခန်းတွင် ရောင်စုံကျောက်မျက်များတူးဖော်ရေးဆိုင်ရာအခြေအနေများကို ဖော်ပြထားပါသည်။ အခန်း(၁) တွင် နိုင်ငံသားတူးဖော်သူများ၏ ကြုံသလိုကျသလိုတူးဖော်မှု၏ ဆိုးရွားသောအကျိုးဆက်များကို အစိုးရအနေဖြင့် ကာကွယ်နိုင်မည့် နည်းဗျူဟာများကို နှိုင်းယှဉ်ထားပါသည်။ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများအား စီမံခန့်ခွဲခြင်းနှင့် စည်းကမ်းထိန်းသိမ်းခြင်း ဆောင်ရွက်ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEများ)၏ အခန်းကဏ္ဍကို အခန်း(၂) တွင် လေ့လာဆန်းစစ်ထားပါသည်။
- နောက်ပိုင်းအပိုင်းများသည် ကျောက်မျက်များက အစိုးရဝင်ငွေအပေါ် မည်သို့အကျိုးပြုနိုင်ခြင်းနှင့်သက်ဆိုင်ပါသည်။ အခန်း(၃)တွင် နိုင်ငံများအနေဖြင့် မျှတသောဝင်ငွေဝေစုရရှိစေသော ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များကို ပြုလုပ်နိုင် မည့်နည်းလမ်းအား ဖော်ပြ ထားပြီး အခန်း(၄)တွင် ကျောက်မျက်များအား တန်ဖိုးဖြတ်ခြင်းအတွက် ထိရောက်သော စနစ်များရေးဆွဲဖော်ဆောင်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဖော်ပြထားပါသည်။
- အခန်း(၅)နှင့် (၆)တွင် တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်း (Value-added Processing) အား ဖွံ့ဖြိုးအောင်ဆောင်ရွက် နိုင်မည့် နည်းလမ်းများကို လေ့လာသုံးသပ်ထားပါသည်။ အခန်း(၅)တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသောကျောက်မျက်လုပ်ငန်း တည်ထောင်ရာတွင် အရေးပါသောအကြောင်းအချက်များစွာကို ဖော်ထုတ်တင်ပြထားပြီး အရည်အသွေးမြှင့်တင်ခြင်း (Beneficiation)အတွက်ကောင်းမွန် သော ပတ်ဝန်းကျင်မျိုးဖန်တီးပေးရာတွင် နိုင်ငံတော်အစိုးရ၏ အခန်းကဏ္ဍကို ဆွေးနွေးထားပါသည်။ ကျောက်မျက်ထုတ်လုပ်သော နိုင်ငံများတွင် တန်ဖိုးမြှင့်တင်ခြင်း(Value Addition)အား အားပေး ရန် ကုန်သွယ်ရေးမူဝါဒများအသုံးပြုခြင်းကို အခန်း(၆)တွင်လေ့လာ သုံးသပ်ထားပါသည်။
- နောက်ဆုံးအခန်း၌ ကျောက်မျက်လုပ်ငန်းအဆင့်ဆင့်(Gemstone Value Chain)တွင် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ခြေရာခံနိုင်ခြင်း ပို၍ရှိလာစေရန် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ဆောင်မှုများကို လေ့လာတင်ပြထားပြီး အဆိုပါလုပ်ဆောင်မှုများအား ရောင်စုံကျောက်မျက်ကဏ္ဍတွင် အကောင်အထည်ဖော်ရာ၌ ကြုံတွေ့ရမည့်စိန်ခေါ်မှုများ ကိုလည်း မှတ်ချက်ပြုတင်ပြထားပါသည်။

## လေ့လာမှု - ဇမ်ဘီယာနိုင်ငံ

ဇမ်ဘီယာနိုင်ငံသည် ၁၉၇၀ပြည့်နှစ်များတွင် ကျောက်မျက်အရည်အသွေးရှိသောမြများထွက်ရှိသည့် ကမ္ဘာပေါ်တွင်အရေး ပါသောနိုင်ငံတစ်ခု ဖြစ်လာခဲ့ပြီး ကျောက်မျက်မှတဆင့် စီးပွားရေးအကျိုးအမြတ်ရှာဖွေမှုသည် ၁၉၂၀ပြည့်နှစ်များကတည်းက စတင်ခဲ့ပါသည်။ ယနေ့အခါတွင် အာဖရိကတိုက်တောင်ပိုင်းရှိအဆိုပါနိုင်ငံသည် တစ်ကမ္ဘာလုံး မြထွက်ရှိမှု၏ ၄၀ရာခိုင်နှုန်း လောက်အထိ ထုတ်လုပ်သည်ဟုခန့်မှန်းရပြီး ထွက်ရှိသောမြအများစုကို Copperbelt ဒေသရှိ Ndola ကျေးလက်ဒေသ ကန့်သတ်မြနယ်မြေ (Ndola Rural Emerald Restricted Area) မှ တူးဖော်ရရှိပါသည်။[28]

ထိရောက်မှုမရှိသောစည်းကမ်းမူဘောင်၊ ပုဂ္ဂလိကကဏ္ဍ၏ နိမ့်ကျသောစွမ်းဆောင်ရည်နှင့် တရားဥပဒေစိုးမိုးရေးအားနည်းမှု တို့သည် ဇမ်ဘီယာနိုင်ငံ၏ ကျောက်မျက် အရင်း အမြစ်များ ထိရောက်စွာဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာအဟန့်အတား ဖြစ်စေခဲ့ပါသည်။ ထုတ်ပေးထားသော ကျောက်မျက်တူးဖော်ရေးလိုင်စင် ၃၄၅ ခု၏ ၆၀ရာခိုင်နှုန်းလောက်သည် ၂၀၀၄ခုနှစ်တွင် လုပ်ငန်းဆောင်ရွက်မှုမရှိကြောင်း ခန့်မှန်းရပါသည်။ ဘူမိဗေဒအချက်အလက်များနည်းပါးခြင်း၊ ဝန်ထုတ်ဝန်ပိုးဖြစ်စေ သော ဘဏ္ဍာရေးမူဘောင်၊ ငွေကြေးနှင့် နည်းပညာရရှိရန်ခက်ခဲခြင်းအပါအဝင် အခက်အခဲမျိုးစုံတို့သည် တူးဖော်ထုတ် လုပ်ခွင့်အများဆုံးရရှိထားသောပြည်တွင်းအသေးစား သို့မဟုတ် အလတ်စား ကုမ္ပဏီများ အနေဖြင့် အကျိုးအမြတ်ရှိသောကျောက်မျက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အတားအဆီးဖြစ်စေပါသည်။[29] ဇမ်ဘီယာကျောက်မျက်များ၏ ၄၀ရာခိုင်နှုန်းလောက် နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၆၀လောက်အထိတန်ဖိုးရှိနိုင်သောကျောက်မျက်များကို လိုင်စင်မရှိဘဲ တူးဖော်နေကြောင်း မကြာသေးမီက ၂၀၁၃ခုနှစ်တွင် အစိုးရအရာရှိများက ခန့်မှန်းထားပါသည်။[30]

လွန်ခဲ့သောဆယ်စုနှစ်နှစ်စုတလျှောက် ဇမ်ဘီယာနိုင်ငံ၏တရားဝင်မြထွက်ရှိမှုများစွာကို စက်ယန္တရားများဖြင့်တူးဖော်ထုတ် လုပ်သောအကြီးစားထုတ်လုပ်ခွင့်ရရှိထားသောနေရာသုံးခုဖြစ်သည့် Kagem ၊ Grizzly နှင့် Chantete တို့တွင် တူးဖော် ထုတ်လုပ်ပါသည်။ အဆိုပါနေရာသုံးခုထဲမှ အကြီးဆုံးဖြစ်သည့် Kafubu ကျောက်မျက်တွင်းများ (Kagem) ကို ဇမ်ဘီယာ အစိုးရက ၆၀ရာခိုင်နှုန်းပိုင်ဆိုင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း အဖြစ် ၁၉၈၀ပြည့်နှစ်များတွင် တည်ထောင်ခဲ့ပါသည်။ အစိုးရ၏ထိန်းချုပ်မှုအောက်တွင် လုပ်ငန်းစွမ်းဆောင်ရည်နှစ်ပေါင်းနှစ်ဆယ်လောက်နိမ့်ကျခဲ့ပြီးနောက်ပိုင်း ဇမ်ဘီယာအစိုးရသည် Kagem တွင် ပိုမိုများပြားသောရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာအောင်အားပေးရန် ၎င်း၏စီမံခန့်ခွဲရေးတာဝန်များကို (၁၉၉၆ ခုနှစ်တွင်) လည်းကောင်း၊ ရှယ်ယာပိုင်ဆိုင်မှုအများစုကို (၂၀၀၆ခုနှစ်တွင်) လည်းကောင်း အိန္ဒိယ-အစ္စရေးလူမျိုးများ ပိုင်ဆိုင်သောလုပ်ငန်းစုဖြစ်သည့် Hagura ထံ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။[31] သို့သော်လည်း အဆိုပါ စီမံကိန်းသည် ၂၀၀၀ ပြည့်နှစ် နှစ်လည်ပိုင်းအထိ အကျိုးအမြတ်မရှိဘဲ ဆက်လက်လည်ပတ်ခဲ့ပါသည်။[32]

Pallinghurst ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော UKစတော့အိတ်ချိန်းတွင်စာရင်းဝင်သည့် Gemfields သည် Kagem ၏ စီမံခန့်ခွဲမှုကို ၂၀၀၈ခုနှစ်တွင် ရယူခဲ့ပါသည်။[33] ထိုကုမ္ပဏီသည် အရေးပါသောတူးဖော်ရေးနှင့်ဆင့်တက်ပြုပြင်ရေးနည်းပညာ များ အဆင့်မြှင့်တင်မှုများပြုလုပ်ခြင်း၊ ပြည်တွင်းဝန်ထမ်းဦးရေ ၅၀၀ ကျော် ခန့်အပ်ခြင်း၊ စီမံကိန်းနေရာ၏လုံခြုံရေးအားဖြည့် ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းတို့ဖြင့် အဆိုပါစီမံကိန်းအား ရောင်စုံကျောက် မျက်လုပ်ငန်းကဏ္ဍတွင် ကြုံတောင့်ကြုံခဲအတိုင်းအတာတစ်ခုအထိ အသုံးချ၍ အကျိုးအမြတ်ရှာဖွေနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် Gemfields သည် မြကာရက် သန်း ၃၀ အထိ တူးဖော်ထုတ်လုပ်နိုင်ခဲ့ကြောင်း အစီရင်ခံထားပြီး အဆိုပါထုတ်လုပ်မှုကြောင့် ထိုကုမ္ပဏီသည် ကမ္ဘာပေါ်တွင် (ပမာဏအရ) ရောင်စုံကျောက်မျက် အများဆုံးထုတ်လုပ်သောလုပ်ငန်း ဖြစ်လာခဲ့ ပါသည်။[34]

Gemfields၏ ထိရောက်သောစျေးကွက်ရှာဖွေခြင်းနှင့်အရောင်းမြှင့်တင်ခြင်းသည် ဇမ်ဘီယာနိုင်ငံအနေဖြင့် ၎င်း၏ ကျောက် မျက်အရင်းအမြစ် များကို အကောင်းဆုံးအသုံးချရာတွင် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ အဆိုပါကုမ္ပဏီသည် ထုတ်လုပ်မှု များကို ကမ္ဘာပေါ်တွင်ပုံမှန်ကျင်းပ သော လေလံပွဲများမှတဆင့် ကမ္ဘာပေါ်ရှိစျေးကွက်များနှင့်ချိတ်ဆက်ပါသည်။ လူ့ကျင့်ဝတ်နှင့်ကိုက်ညီသောထုတ်လုပ်သူအဖြစ်အသိအမှတ်ပြုခံရသည့်အဆိုပါကုမ္ပဏီ၏အမှတ်တံဆိပ်နှင့်အများပြည်သူထံ ကြော်ငြာ ခြင်းဆိုင်ရာလှုပ်ရှားမှုသည် ဇမ်ဘီယာနိုင်ငံ ကျောက်မျက်များ၏ တန်ဖိုးကို ကမ္ဘာ့စျေးကွက်တွင်မြင့်တက်စေရန် အထောက် အကူဖြစ်စေခဲ့ပြီး ထိုကုမ္ပဏီက လေလံတင်ရောင်းချသောမြအကြမ်းထည်များ၏ ကာရက်တစ်ယူနစ် ပျမ်းမျှစျေးနှုန်းသည် ၂၀၀၉ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း ဆယ်ဆမြင့်တက်ခဲ့ပါသည်။[35] ၂၀၁၂ခုနှစ်နှင့် ၂၀၁၅ခုနှစ်အတွင်း Kagem သည် ခန့်မှန်း ခြေ အမေရိကန်ဒေါ်လာ သန်း ၃၀ လောက် အမြတ်ခွဲဝေမှုများပေးအပ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၃.၇သန်းလောက်ကို အခွန်များနှင့် ရတနာခွန်များအဖြစ် ပေးခဲ့ပါသည်။[36] နှိုင်းယှဉ်ဖော်ပြရလျှင် (ဇမ်ဘီယာနိုင်ငံ၏ ဒုတိယအကြီးမားဆုံး မြထုတ် လုပ်သောကုမ္ပဏီဖြစ်ပြီး Gemfields မှ စီမံခန့်ခွဲမှုလွှဲပြောင်းရယူခြင်းမပြုမီ Kagem နှင့် မြပမာဏမတိမ်းမယိမ်း ထုတ်လုပ် သည်ဟု အစီရင်ခံ ထားသော) Grizzly Mining Limited ကုမ္ပဏီသည် ၂၀၁၄/၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဇမ်ဘီယာငွေကြေး ၃.၅ သန်း (သို့မဟုတ် အမေရိကန်ဒေါ်လာ ၄၆၀,၀၀၀) ဝင်ငွေ ရရှိခဲ့ကြောင်း အစီရင်ခံထားပါသည်။[37]

ဇမ်ဘီယာနိုင်ငံအတွက် ကောင်းမွန်သောစျေးနှုန်းများရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၏ပါဝင်ဆောင်ရွက်မှုကလည်း တန်းတူအရေးပါ ပါသည်။ Kagem တွင် အစိုးရ၏ ပိုင်ဆိုင်မှု ၂၅ရာခိုင်နှုန်းသည် မကြာသေးမီနှစ်များအတွင်း အရေးပါသော ဝင်ငွေများကို ရရှိစေခဲ့ပါသည်။ ပြည်တွင်းတွင်ရောင်းချသော တန်ဖိုးကို အမြင့်ဆုံးမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် အစိုးရသည် Jaipur သို့မဟုတ် စင်ကာပူ စသည့် သာမန် ရိုးကျကျောက်မျက်အရောင်းအဝယ်ဗဟိုမြို့များထက်စာလျှင် ဇမ်ဘီယာ၏ မြို့တော် Lusaka တွင် လေလံပွဲအချို့ကျင်းပရန်လည်း Gemfields အား တိုက်တွန်းခဲ့ပါသည်။ အဆိုပါတိုက်တွန်းချက်သည် မေးခွန်းထုတ်စရာဖြစ်နေသော်လည်း ထိုကုမ္ပဏီအနေဖြင့် ထိုသို့ဆောင်ရွက်ခြင်းသည် ၎င်းတို့၏ မြများကို ကိုလံဘီယာနှင့် ဘရာဇီးနိုင်ငံတို့မှ ယှဉ်ပြိုင်သူများက ထုတ်လုပ်ထားသောမြများနှင့် ယှဉ်ပြိုင်ရန်ခက်ခဲစေကြောင်း ပြောပါသည်။[38] ဇမ်ဘီယာ တွင် ကျင်းပသော လေလံပွဲများတွင် စျေးနှုန်းပိုမိုကောင်းမွန်လေ့ရှိပါသည်။

ရေရှည်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာအတွေ့အကြုံကို ပေါင်းစပ်ထားသော ဇမ်ဘီယာနိုင်ငံတွင်ကျင့်သုံးသည့် Gemfields၏ နည်းဗျူဟာသည် ဗဟိုချုပ်ကိုင်မှုပို၍များပြားသော စိန်လုပ်ငန်းကဏ္ဍတွင်ကျင့်သုံးသော ကုမ္ပဏီများ၏နည်းလမ်းနှင့် များစွာ အလားသဏ္ဍာန်တူပါသည်။ အဆိုပါ နည်းလမ်းသည် တူးဖော်ထုတ်လုပ်ရရှိမှုကို တိုးတက်စေနိုင်ပြီး ကျောက်မျက်ရောင်းဝယ် ဖောက်ကားမှု၏ ပိုမိုကြီးမားသောစျေးကွက်ဝေစုကို တရားဝင်ဖြစ်စေနိုင်သည့်အပြင် အစိုးရအနေဖြင့် အခွန်ဝင်ငွေကောက်ခံ နိုင်ရန် အတွက်လည်းပိုမိုကောင်းမွန်သောအခွင့်အလမ်းများဖော်ဆောင်ပေးနိုင်ပါသည်။ သို့သော်လည်းအဆိုပါနည်းလမ်းအား အောင်မြင်အောင်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် ပုဂ္ဂလိကဆောင်ရွက်သူများ၏ ဆောင်ရွက်နိုင်စွမ်းနှင့် တစိုက်မတ် မတ် ဆောင်ရွက်မှုအပေါ် တန်းတူညီမျှစွာမူတည်နေပါသည်။[2] စိန်ခေါ်မှုများ အတိုင်းအတာတစ်ခုအထိ အသီးသီး ရင်ဆိုင်ခဲ့ကြရ သည်ဆိုသော်လည်း အပြန်အလှန်တာဝန်ခံမှုအပေါ်အခြေခံသောဆက်ဆံရေးကြောင့် ဇမ်ဘီယာနိုင်ငံနှင့် Gemfields ကုမ္ပဏီတို့ အကျိုးအမြတ်ရရှိခဲ့ကြပါသည်။

## လေ့လာမှု - သီရိလင်္ကာနိုင်ငံ

သီရိလင်္ကာနိုင်ငံ၏ ကြွယ်ဝသော အနယ်ကျနုန်းမြေများအား ရာစုနှစ်ပေါင်းများစွာ ကြုံသလိုကျသလိုတူးဖော်ခဲ့ကြပြီး အရည် အသွေးမြင့်နီလာနှင့် အခြားရောင်စုံကျောက်မျိုးစုံ ထွက်ရှိပါသည်။ ၂၀၁၄ခုနှစ်တွင် ရောင်စုံကျောက် သီရိလင်္ကာငွေကြေး ၁၈.၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၄၁ သန်း)ဖိုး ပြည်ပသို့တင်ပို့ရောင်းချခဲ့ပြီး နီလာသည် တန်ဖိုးအားဖြင့် ၇၀ရာခိုင်နှုန်း လောက်ဖြစ်မည်ဟု ခန့်မှန်းရပါသည်။[40] အဆိုပါကျွန်းနိုင်ငံ သည် ၎င်း၏ကိုယ်ပိုင်အရင်းအမြစ်များအပြင် မဒါဂတ်စကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ရောင်စုံ ကျောက်ထွက်ရှိသော အခြားနိုင်ငံများ၏ ထုတ်လုပ်မှုကိုလက်လှမ်းမီရရှိနိုင်သော ကမ္ဘာ့ပေါ်တွင် ရောင်းဝယ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးဗဟိုဌာနတစ်ခုအဖြစ် တိုးတက်ဖြစ်ပေါ်လာပါသည်။

အဆင့်နိမ့်နည်းပညာအသုံးပြုသောနည်းလမ်းများအားအဓိကအသုံးပြုခြင်းနှင့်နိုင်ငံခြားသားများ၏လုပ်ငန်းဆောင်ရွက်မှုကိုကန့်သတ်ထားခြင်းတို့ကြောင့်ထောင်ပေါင်းများစွာသော ဒေသခံများ၏စားဝတ်နေရေးအတွက် အထောက်အကူဖြစ်သော်လည်း တူးဖော်ထုတ်လုပ်မှုနှုန်းမှာ အသင့်အတင့်သာရှိပါသည်။ သီရိလင်္ကာနိုင်ငံတွင် နိုင်ငံသား ကျောက်မျက် တူးဖော်မှုသည် နိုင်ငံ၏ စိုက်ပျိုးရေးစနစ်နှင့်အပြိုင်တိုးတက် ပြောင်းလဲလာခဲ့ပြီး လယ်ယာလုပ်ငန်းခွင်မှအလုပ်သမားများအတွက် ရာသီ အလိုက် အလုပ်အကိုင်ပေးသည့်အပြင် မြေပိုင်ရှင်များအတွက်လည်း အပိုဝင်ငွေရရှိစေပါသည်။ တူးဖော်မှုနှင့်ပတ်သက်သော ကုန်ကျစရိတ်များနှင့် အကျိုးအမြတ်များကို ငွေကြေးရင်းနှီးသူ(များ)နှင့် တူးဖော်သူ(များ)က ခွဲဝေခံစားကြပြီး တစ်ဦးစီသည် ကျောက်မျက်တူးဖော်မှုမှရရှိသောဝင်ငွေ၏ ၃၅ရာခိုင်နှုန်းအားရရှိကာ ကျန် ၂၀ရာခိုင်နှုန်း နှင့် ၁၀ရာခိုင်နှုန်းအား မြေပိုင်ရှင်နှင့် လိုင်စင်ကိုင်ဆောင်သူ တို့က အသီးသီးရရှိကြပါသည်။ မြေပိုင်ရှင်များ၏ကြီးကြပ်မှုနှင့် နိုင်ငံတော်ကျောက်မျက်နှင့် လက်ဝတ်ရတနာအာဏာပိုင်အဖွဲ့(National Gems and Jewellery Authority)၏ ပုံမှန်စစ်ဆေးမှုတို့ကြောင့် တရားမဝင်တူးဖော်မှုများ ကို ဟန့်တားနိုင်ပြီး ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအလေ့အကျင့်ကောင်းများအား ကျယ် ကျယ်ပြန့်ပြန့်ကျင့်သုံးမှုကို လည်း အားပေးရာရောက်ပါသည်။ စက်ယန္တရားများအသုံးပြု၍ လုပ်ငန်းဆောင်ရွက် ခြင်းများကို ခွင့်ပြုခြင်းမှာ အလွန်ရှားပါးပြီး လိုင်စင်တစ်ခုစီ၏ သက်တမ်းတလျောက် အဆိုပါအာဏာပိုင်အဖွဲ့က ထိန်းသိမ်းထားသော အာမခံငွေသည် အသုံးမပြုတော့သောတွင်းများအား ပြန်လည်မြေဖို့ခြင်းကို အားပေးရာရောက်ပါသည်။[41]

၎င်း၏အလားတူနိုင်ငံများနှင့်မတူဘဲ,[42] သီရိလင်္ကာနိုင်ငံသည် ခိုင်မာသော ပြည်တွင်းကျောက်မျက်အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းကဏ္ဍ ကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါသည်။ (ယခုပျောက်ကွယ်သွားပြီဖြစ်သော) State Gem Corporation လက်အောက်တွင် ပထမမျိုးဆက်အား နိုင်ငံတကာအဆင့်မီအောင် လေ့ကျင့်ပေးခဲ့ပြီးကတည်းက အရည်အချင်းပြည့်ဝသော သီရိလင်္ကာကျောက်သွေးသမားများအရေအတွက် သည် ခန့်မှန်းခြေ ၂၀,၀၀၀ ဦးရေလောက်အထိတိုးများလာကာ ထိုဦးရေ၏ လေးပုံသုံးပုံသည်ရောင်စုံကျောက်သွေးသူများဖြစ်ပါသည်။[43] အဆိုပါကျွန်းနိုင်ငံ၏တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း များကို အခွန်ဆိုင်ရာမက်လုံးမျိုးစုံတို့က အထောက်အပံ့ဖြစ်စေကာ ကျောက်မျက်နှင့် လက်ဝတ်ရတနာထုတ်ကုန်များအတွက် သွင်းကုန်နှင့် ပို့ကုန်ဆိုင်ရာ အခွန်များကို ကင်းလွတ်ခွင့်ပေးထားပြီး ကျောက်သွေးသမားများနှင့် လက်ဝတ်ရတနာပြုလုပ်သူ များအား ဝင်ငွေခွန်နှင့် (မကြာသေးမီအထိ) Value-added Tax ကိုပါကင်းလွတ်ခွင့်ပေးခဲ့ပါသည်။ လက်ဝတ်ရတနာလုပ်ငန်း ကဏ္ဍတွင် ခေတ်မီနည်းပညာများအသုံးပြုနိုင်ရန် နိုင်ငံတော်ကစီမံခန့်ခွဲသော လက်ဝတ်ရတနာဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ငွေကြေးထောက်ပံ့ပေးခဲ့ပါသည်။[44]

သီရိလင်္ကာနိုင်ငံအနေဖြင့်ဆင့်တက်ပြုပြင်ခြင်းနှင့်ရောင်းဝယ်ဖောက်ကားခြင်းအတွက် ဗဟိုဌာနတစ်ခုဖြစ်လာစေရန်အစိုးရအစီအစဉ်ပေါင်းစုံက အထောက်အပံ့ပေးခဲ့ပါသည်။ ကျောက်မျက်လုပ်ငန်းကဏ္ဍကို စိစစ်ခြင်းနှင့်အာမခံတံဆိပ်ခပ်နှိပ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပို့ကုန် အတွက် ပံ့ပိုးဆောင်ရွက်ပေးခြင်းအပါအဝင် ကျောက်မျက်လုပ်ငန်း ကဏ္ဍနှင့်သက်ဆိုင် သော ဝန်ဆောင်မှုများစွာပေးသည့် ငွေကြေးအရ လွတ်လပ်သည့်အဖွဲ့အစည်းဖြစ်သော အမျိုးသားကျောက်မျက်နှင့်လက်ဝတ်ရတနာအာဏာပိုင်အဖွဲ့ (National Gems and Jewellery Authority)က ထိန်းသိမ်းကြီးကြပ်ပါသည်။ NGJA သည် အာရှ၊ ဥရောပနှင့်မြောက်အမေရိကရှိအဓိက ဈေးကွက်များတွင် အရောင်းမြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ပို့ကုန်တိုးတက်ရေးဘုတ်အဖွဲ့ (Export Development Board)နှင့် အနီးကပ်လက်တွဲဆောင်ရွက်ပြီး အဆိုပါဘုတ်အဖွဲ့တွင် အာဏာပိုင်အဖွဲ့ ၏ ဘုတ်အဖွဲ့ဒါရိုက်တာများ ကိုယ်စားပြုပါဝင်ကြသည်မှာ တိုက်ဆိုင်မှုမဟုတ်ပါ။ EDBကလည်း နိုင်ငံတော်၏ နီလာအတွက် ကုန်အမှတ်တံဆိပ်မြှင့်တင်ရေးနည်းဗျူဟာရေးဆွဲခြင်းအား ဦးဆောင်ခဲ့ပြီး အဆိုပါနည်းဗျူဟာကြောင့် ကမ္ဘာတစ်ဝှမ်းရောင်းချ သူများအကြား "သီရိလင်္ကာနီလာ (Ceylon sapphires)" ဟူ၍ နေရာတစ်နေရာရရှိလာစေရန် အထောက်အပံ့ဖြစ်စေခဲ့ ပါသည်။[45]

သီရိလင်္ကာနိုင်ငံသည် ကျောက်မျက်ကဏ္ဍအား စီမံအုပ်ချုပ်ရာတွင် အခြားအနည်းငယ်သောနိုင်ငံများတွင်တွေ့ရှိရသည့် အတိုင်းအတာအထိ အဘက်ဘက်က ပြည့်စုံအောင်ဆောင်ရွက်နိုင်ခဲ့ပြီး ထုတ်လုပ်မှုအဆင့်ဆင့် (Value Chain) ၏ အထက်ပိုင်း (Upstream) နှင့် အလယ်ပိုင်း (Midstream) နှစ်ပိုင်းလုံးတွင် ပြည်တွင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အားပေးပြီး တူးဖော်မှုများကို ထိရောက်သော ကြီးကြပ်မှုပြုလုပ်ကာ တစ်ဖက်တွင်လည်း နိုင်ငံသားများ၏ တူးဖော်မှုကို ထိန်းသိမ်း ကာကွယ်သည့်အပြင်နိုင်ငံသားများပိုင်ဆိုင်ပြီးနိုင်ငံသားများကိုယ်တိုင်လုပ်ကိုင်သောပို့ကုန်အသားပေးကဏ္ဍဖြစ်အောင်လည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုနည်းလမ်းတွင် အားနည်းချက်အချို့လည်းရှိပြီး ဥပမာ သီရိလင်္ကာနိုင်ငံ၏ လွတ်လပ်သောဘဏ္ဍာရေးစနစ်ကြောင့် ကျောက်မျက်ကဏ္ဍမှ ဝင်ငွေတိုက်ရိုက်ကောက်ခံရရှိမှုအပေါ် အကန့်အသတ်ဖြစ်စေကာ အဂတိ လိုက်စားမှုနှင့်ပတ်သက်သည့်စွပ်စွဲချက်များလည်း မကြာခဏထွက်ပေါ်နေပါသည်။[46] သို့သော်လည်း ပြည်တွင်းကျောက် မျက်လုပ်ငန်းကဏ္ဍ၏ ပြယုဂ်နှင့်ဆောင်ရွက်နိုင်စွမ်းများတွင် တစိုက်မတ်မတ်ရင်းနှီးမြှုပ်နှံမှု၊ အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သော အဆိုပါ အဖွဲ့အစည်းများ၏ ဆက်လက်၍တိုးတက်ပြောင်းလဲလာမှု တို့အပါအဝင် သီရိလင်္ကာနိုင်ငံကြုံတွေ့ခဲ့ရသော အတွေ့အကြုံ၏ အစိတ်အပိုင်းများစွာ သည် အခြားသောနိုင်ငံများတွင် ပိုမိုကောင်းမွန်သော ကျောက်မျက်လုပ်ငန်းစီမံအုပ်ချုပ်မှုအတွက် အထောက်အပံ့ဖြစ်စေနိုင် ပါသည်။

# (၁) နိုင်ငံသားကျောက်မျက်တူးဖော်မှုအား အထိုက်အလျောက်ခွင့်ပြုပေးခြင်း

နိုင်ငံသားကျောက်မျက်တူးဖော်မှုသည် တစ်ကမ္ဘာလုံးတွင် ပမာဏအားဖြင့် ရောင်စုံကျောက်မျက်(စိန်မပါဝင်)ထုတ်လုပ် မှု၏ ၇၀ရာခိုင်နှုန်းနှင့် ၈၀ရာခိုင်နှုန်းကြား၊ ခန့်မှန်းခြေအားဖြင့် စိန်ထုတ်လုပ်မှု၏၂၀ရာခိုင်နှုန်းလောက်ရှိပြီး ကျောက်မျက် ကဏ္ဍ၏အရေးပါသောလက္ခဏာတစ်ရပ်ဖြစ်ပါသည်။[47]


အဆိုပါနိုင်ငံသားတူးဖော်သူများအားမည်သို့ကြီးကြပ်ပြီး စနစ်တကျဆောင်ရွက်စေမည်နှင့် အဆိုပါပုဂ္ဂိုလ်များနှင့် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများအကြား ထိတွေ့ဆက်ဆံမှုနှင့်ပတ်သက်ပြီး အလေးထားလာသော အစိုးရ များ တိုးများလျက်ရှိပါသည်။ လက်ဝတ်ရတနာဈေးကွက် တွင် တာဝန်ယူမှုရှိသောရယူမှုဖြစ်ပေါ်စေရန် တွန်းအားပေးလာခြင်းကလည်း နိုင်ငံသားများတူးဖော်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအား ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန် ကျောက်မျက်ကဏ္ဍအတွင်း စိတ်ပါဝင်စားမှုမြင့်တက်လာစေခဲ့ပါသည်။

ကျောက်မျက်တူးဖော်ရေးဆောင်ရွက်နေသောလူအရေအတွက်ကို အတိအကျတွက်ချက်ရန် ခက်ခဲသော်လည်း ရရှိနိုင်သောအထောက်အထားများအရ တစ်ကမ္ဘာလုံးတွင် နိုင်ငံသားကျောက်မျက်တူးဖော်သူများ သန်းနှင့်ချီ၍ ရှိပါသည်။ ကျောက်မျက်တူးဖော်ရေးနယ်မြေတစ်ခုသို့ ဝင်ရောက်လာသော နိုင်ငံသားများ သိန်းနှင့်ချီ၍ရှိနိုင်သော်လည်း အဆိုပါအရေအတွက်သည် နှစ်ပေါင်းတစ်ခုကြာပြီးနောက် တူးဖော်နိုင်သော ကျောက်မျက်သိုက်များ ကုန်ခန်း သွားသည့်အခါ ကျဆင်းသွားပါသည်။[49] ရေရှည်တွင် နိုင်ငံများ၌နိုင်ငံသားကျောက်မျက်တူးဖော်သူများ အရေအတွက်သည် အနည်းဆုံးတစ်ရာလောက်ကနေ အများဆုံးတစ်သိန်းကျော်အထိရှိနိုင်ပါသည်။[50]

နိုင်ငံသားကျောက်မျက်တူးဖော်မှု၏ သဘာဝသည် တူးဖော်မှုအမျိုးအစား၊ နိုင်ငံသားတူးဖော်သူများ၏နောက်ခံအကြောင်းနှင့် လုပ်ငန်း များအား တစ်ဦးချင်း သို့မဟုတ် စုပေါင်းဆောင်ရွက်ခြင်းအပါအဝင် အကြောင်းအချက်များစွာပေါ်တွင်အခြေခံ၍ ကွာခြားမှုရှိနိုင်ပါသည်။ ကြီးမားသောရှာဖွေတွေ့ရှိမှုများသည် အခြားဒေသများမှ ပြောင်းရွှေ့လာမှုများ "အလုံးအရင်း" ဖြင့် ရောက်ရှိလာအောင် စွဲဆောင်လေ့ရှိပါသည်။ အသစ်ရောက်ရှိလာသူများက ကျောက်မျက်နယ်မြေများနှင့်အစိုးရဝန်ဆောင်မှု များအားရယူရန် မြင့်တက်လာသောပြိုင်ဆိုင်မှုကြောင့် ဒေသခံလူထုများနှင့် တင်းမာမှုများဖြစ်ပေါ်လေ့ရှိကာ ကိစ္စရပ်အတော် များများတွင် အဆိုပါဒေသခံလူထုများကလည်း အပိုဝင်ငွေရရှိရန် အနီးနားရှိ ကျောက်မျက်သိုက်များအား ယခင်ကတည်းက တူးဖော်လာခဲ့ကြပါသည်။ အရင်းအမြစ်များ၏ လက်လှမ်းမီရယူနိုင်ခြင်းအပေါ် မူတည်၍ နိုင်ငံသားများသည် ကျောက်မျက် သိုက်များအား တိုက်ရိုက်သော်လည်းကောင်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီက ထုတ်လွှတ်သောစွန့်ပစ်မြေစာများထံမှ သော်လည်းကောင်း ကျောက်မျက်များအား တူးဖော်နိုင်ကြပါသည်။

နိုင်ငံသားကျောက်မျက်တူးဖော်သောလုပ်ငန်းခွင်များတွက် အမျိုးအစားစုံလင်လှသော လုပ်ငန်းဆိုင်ရာဆက်ဆံရေးများကို တွေ့မြင်နိုင်ပါသည်။ တူးဖော်ရေးတွင် တိုက်ရိုက်ပါဝင်သူများ (သို့မဟုတ် အချို့နိုင်ငံများတွင် ရည်ညွှန်းခေါ်ဝေါ်လေ့ရှိသော "ကျောက်တူးသမားများ") သည် ပုံမှန် အားဖြင့် တစ်နေ့လျှင်အမေရိကန်ဒေါ်လာ ၅ဒေါ်လာအောက်သာဝင်ငွေရရှိပြီး များသောအားဖြင့် ကျောင်းပညာရေးလည်းတတ်မြောက်
ကြခြင်း မရှိ၊ ချေးငွေလည်းမရယူနိုင်သည့်အပြင် ဘူမိဗေဒနှင့် ကျောက်မျက်ဗေဒတို့နှင့်ပတ်သက်၍လည်း လုံလောက်သောဗဟုသုတ မရှိကြပါ။[51] ထိုသူများသည် အခြေခံအဆောက်အအုံနှင့် ကိရိယာများအား ရင်းနှီးမြှုပ်နှံ၍ဝယ်ယူရန်၊ လုပ်ငန်းဆောင်ရွက်မှုများအတွက် လမ်းညွှန်မှုရယူရန်နှင့် တူးဖော်ရရှိသော ကျောက်မျက်များအား တန်ဖိုးဖြတ်ရန်နှင့် ဈေးကွက်တင်ရောင်းချရန် ကျောက်တွင်းပိုင်ရှင်များ၊ မြေပိုင်ရှင်များ သို့မဟုတ် ဒေသခံကုန်သည်များစသည့် ပို၍အတွေ့အကြုံရှိသောသူများအပေါ် မှီခိုကြရပါသည်။

## ပုံ ၆ - ကျောက်မျက်ထုတ်လုပ်မှုတွင် ကုမ္ပဏီနှင့် နိုင်ငံသား တူးဖော်မှု၏ ခန့်မှန်းပမာဏများ[48]



သို့သော်လည်း နိုင်ငံသားတူးဖော်သူများသည် ၎င်းတို့စွမ်းဆောင်ရည်များအား မြှင့်တင်ရန် တရားဝင်စီစဉ်ဆောင်ရွက်မည့် သို့မဟုတ် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတွင် ရင်းနှီးမြှုပ်နှံမည့် အလားအလာမရှိဘဲ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းအရင်း တစ်စိတ်တစ်ပိုင်းမှာ ကျောက်မျက်တူးဖော်ခြင်းအား ရေရှည်အလုပ်အကိုင်အဖြစ်ယူဆသူ နည်းပါးသောကြောင့်ဖြစ်ပါသည်။ ကျောက်မျက်လုပ်ငန်းသို့ မကြာခဏဝင်ရောက်လာသော ပုဂ္ဂိုလ်များသည် အလျှင်အမြန်ကြွယ်ဝချမ်းသာနိုင်သည့်နည်းလမ်း အဖြစ်ယူဆချက်အပေါ် (ထိုယူဆချက်သည်မှားလေ့ရှိပါသည်) အခြေခံကြပါသည်။ တူးဖော်သူများစွာကလည်း ကျောက်မျက် တူးဖော်ရေးအား သီးနှံရိတ်သိမ်းသည့်ရာသီများကြားတွင် ယာယီ သို့မဟုတ် အချိန်ပိုင်းအလုပ်အဖြစ် လုပ်ကိုင်ကြပါသည်။

## နိုင်ငံသားကျောက်မျက်တူးဖော်မှုနှင့် စနစ်တကျဆောင်ရွက်မှုမရှိခြင်းကို ဖြေရှင်းခြင်း

နိုင်ငံသားကျောက်မျက်တူးဖော်ခြင်း၏ ပြန့်ကျဲပြီးယာယီဆန်သောသဘော သဘာဝနှင့် ကျောက်မျက်တူးဖော်သူများ၏ စွမ်းဆောင်ရည်နိမ့်ပါးခြင်းတို့သည် စီမံအုပ်ချုပ်ရာတွင် အခက်အခဲများဖြစ်ပေါ်စေပါသည်။ နိုင်ငံသားကျောက်မျက်တူးဖော်သူအများစုသည် လိုင်စင်မရှိဘဲ သို့မဟုတ် ထိရောက်သောကြီးကြပ်မှုမရှိဘဲ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထိုအချက်သည် အောက်ပါတို့အပါအဝင် ဆိုးရွားသောရလဒ်များအား ဖြစ်ပေါ်စေလေ့ရှိပါသည် -

- တရားမဝင်လုပ်ဆောင်ရန် အခွင့်အလမ်းများပိုမိုရရှိခြင်း။ တရားမဝင်ကျောက်မျက်တူးဖော်သူများသည် ဒေသတွင်းအဂတိ လိုက်စားမှုနှင့် ကလေးလုပ်သားအသုံးပြုမှုနှင့် အဓမ္မခိုင်းစေမှုများတွင် ပါဝင်ကျူးလွန်နိုင်ပါသည်။[52] အဖြစ်အပျက်များစွာ တွင် ကြုံသလိုကျသလိုတူးဖော်မှုများမှထွက်ရှိလာသောကျောက်မျက်များသည် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ် ခြင်းနှင့် စနစ်တကျအုပ်စုဖွဲ့ကျူးလွန်သောရာဇဝတ်မှု၊ ပြည်တွင်းပဋိပက္ခနှင့် နိုင်ငံတကာအကြမ်းဖက်မှုဝါဒအား ငွေကြေး ထောက်ပံ့ရာတွင်လည်း အကူအညီဖြစ်စေခဲ့ပါသည်။[53]
- ဝင်ငွေနှင့်အခြားစီးပွားရေးဆိုင်ရာအကျိုးကျေးဇူးများအားလျော့ကျစေခြင်း။ နိုင်ငံသားကျောက်မျက်တူးဖော်သူအတော်များ များသည် ၎င်းတို့၏ တူးဖော်ထုတ်လုပ်မှုကို ထုတ်ဖော်ကြေညာခြင်းမရှိသဖြင့် ကျောက်မျက်အရင်းအမြစ်များ၏တန်ဖိုးကို တွက်ချက်ခြင်း၊ အခွန် ကောက်ခံခြင်းနှင့် အခြားဆက်စပ်နေသောကဏ္ဍများနှင့်ဝန်ဆောင်မှုများဖွံ့ဖြိုးရေးအား ပံ့ပိုးပေး ခြင်းနှင့်စပ်လျဉ်းသော စိန်ခေါ်မှုများအား မြင့်တက်စေပါသည်။
- သဘာပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများအား ပိုမိုဆိုးရွားစေခြင်း။ အထိန်းအကွပ်မရှိကျောက်မျက်တူး ဖော်ခြင်း သည် သစ်တောပြုန်းတီးခြင်းနှင့်ရေထုညစ်ညမ်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကာ ဒေသတွင်းရှိဇီဝမျိုးစိတ်မျိုးကွဲများ အပေါ် ခြိမ်းခြောက်နိုင်ပြီး ဒေသတွင်းမြေမျက်နှာသွင်ပြင်ကိုလည်း ပြောင်းလဲစေနိုင်ပါသည်။ အစိုးရဝန်ဆောင်မှုများအပေါ် အကျပ်အတည်းများ ပိုမို ဖြစ်ပေါ်စေခြင်းအပြင် ကျောက်မျက်ရှိသောနယ်မြေများသို့ နိုင်ငံသားများပြောင်းရွှေ့ခြင်းသည် မူးယစ်ဆေးဝါးများသုံးဆွဲခြင်းနှင့် HIV/AIDS ရောဂါကူးဆက်ပြန့်ပွားခြင်းစသည်တို့ကြောင့် ပိုမိုကြီးမားသော ဘေးကင်း လုံခြုံမှုမရှိခြင်းဆိုင်ရာပြဿနာများနှင့်ဆက်စပ် နေပြီး အများပြည်သူကျန်းမာရေးအတွက်လည်း အန္တရာယ်များမြင့်တက် စေပါသည်။
- နိုင်ငံသားကျောက်မျက်တူးဖော်သူများအပေါ် ခေါင်းပုံဖြတ်မှုများအား ဆက်လက်ဖြစ်ပေါ်စေခြင်း။ လုံလောက်သော အရင်းအမြစ် သို့မဟုတ် ပညာတတ်မြောက်မှုမရရှိသဖြင့်နိုင်ငံသားကျောက်မျက်တူးဖော်သူများကိုယ်တိုင် ကျောက်မျက် ကုန်သည်များ၊ ကျောက် တွင်းပိုင်ရှင်များ သို့မဟုတ် အခြားသြဇာအာဏာရှိသောပုဂ္ဂိုလ်များက ကြွေးနှံ့နစ်အောင် ငွေချေး ခြင်း၊ မျှတမှုမရှိသော တန်ဖိုးဖြတ် ခြင်းနှင့် အခြားနည်းလမ်းများဖြင့် ခေါင်းပုံဖြတ်ခြယ်လှယ်ခြင်းများ၏ သားကောင်များ ဖြစ်သွားနိုင်ပါသည်။

## နိုင်ငံသားများကျောက်မျက်တူးဖော်ခြင်းနှင့် ကုမ္ပဏီများကျောက်မျက်တူးဖော်ခြင်းအကြား ပဋိပက္ခများဖြေရှင်းခြင်း

မကြာသေးမီဆယ်စုနှစ်များအတွင်း ကုမ္ပဏီများအား လိုင်စင်ချထားပေးမှုများပြားလာခြင်းနှင့် တစ်ဖက်တွင်လည်းနိုင်ငံသား တူးဖော်မှုများ မြင့်တက်လာခြင်းတို့ကြောင့် ကျောက်မျက်အရင်းအမြစ်များအား တစ်နေရာတည်းတွင် အပြိုင်အဆိုင် အလုအယက်တူးဖော်လာကြပါသည်။ ရောင်စုံကျောက်မျက်ထုတ်လုပ်သည့်ကုမ္ပဏီကဦးစီးဆောင်ရွက်သောစီမံကိန်းအများစုတွင် ၎င်းတို့၏လုပ်ကွက်များအတွင်း နိုင်ငံသားများက တရားမဝင်ဝင်ရောက်တူးဖော်ခြင်းများအတိုင်းအတာတစ်ခုအထိ ရှိခဲ့ပြီး တစ်ခါတစ်ရံနိုင်ငံသားတူးဖော်သူများနှင့် လုံခြုံရေးဝန်ထမ်းများအကြား ပြင်းပြင်းထန်ထန်အချင်းဖြစ်ပွားမှုများရှိခဲ့ပါသည်။[54]

ကုမ္ပဏီများနှင့် နိုင်ငံသားတူးဖော်သူများအကြားဖြစ်ပွားသောပဋိပက္ခများသည် တစ်ယောက်ကိုတစ်ယောက် တရားမဝင် လုပ်ကိုင်နေသည်ဟု အပြန်အလှန်ယူဆချက်များကြောင့်လည်း ပို၍အားကောင်းလာပါသည်။ လိုင်စင်မရှိဘဲတူးဖော်သူ များက ကျောက်မျက်အရင်းအမြစ်များကို ယခင်ကတည်းကတူးဖော်နေခြင်းများအား ပုံမှန်အားဖြင့် ကုမ္ပဏီများနှင့် အစိုးရများ က အသိအမှတ်ပြုလေ့မရှိပါ။ နိုင်ငံသားတူးဖော်သူများ၏ ရှုထောင့်မှကြည့်လျှင် ယခင်လက်လုပ်လက်စားတူးဖော်မှုများအား ပြောင်းရွှေ့ခြင်း၊ ကျောက်မျက်အရင်းအမြစ်များ သို့မဟုတ် တူးဖော်မှုမှရရှိ သောအကျိုးအမြတ်များအား လက်ဝါးကြီးအုပ် ခြယ်လှယ်ခြင်းနှင့်အဓိပ္ပာယ်ရှိသောအပြန်အလှန်ပြောဆိုဆက်ဆံမှု သို့မဟုတ် ဆွေးနွေးတိုင်ပင်မှု မရှိခြင်းတို့သည် ကုမ္ပဏီအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရန်အတွက် ဒေသခံပြည်သူများနှင့်ပြေလည်မှုရရှိရန် ခက်ခဲစေပါသည်။

ဆက်ဆံရေးများအား ပြေလည်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံသားတူးဖော်သူများသည် စက်ယန္တရားများဖြင့်တူးဖော် သော ကျောက်တွင်း များမှ ထွက်ရှိလာသော မြေစာများမှ ကျောက်မျက်များကို ရှာဖွေသောအခါတွင် အထူးသဖြင့်ခက်ခဲနိုင် ပါသည်။[55] ထိုသို့သော အခြေအနေများ သည် ကုမ္ပဏီများက ၎င်းတို့၏စွန့်ပစ်မြေစာများအား ကောင်းမွန်စွာစီမံခန့်ခွဲခြင်း မရှိသည့်အခါမျိုးတွင် ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါကုမ္ပဏီများအနေဖြင့် ၎င်းတို့၏သဘာဝပတ်ဝန်းကျင်ဆိုင်ရာအလေ့အထ များအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် စွန့်ပစ် မြေစာများအပေါ် ဝင်ငွေရလမ်းတစ်ရပ်အဖြစ်မှီခို ကြသော နိုင်ငံသားများ၏ မျှော်မှန်းချက်များအကြား ဟန်ချက်ညီအောင်ခက်ခဲစွာချိန်ကိုက်ရပါသည်။



မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်တွင် အလွတ်တန်းကျောက်မျက်တူးဖော်သူများက ကုမ္ပဏီကစွန့်ပစ်ထားသော မြေစာများတွင် ကျောက်စိမ်းရှာဖွေနေပုံ

ဓာတ်ပုံ - NRGI အတွက် မင်းဇေရာ

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားရမည့်အချက်များ

ခန့်မှန်းခြေ ကမ္ဘာပေါ်တွင်ထွက်ရှိသော ရောင်စုံကျောက်မျက်များ၏ ၉၀ရာခိုင်နှုန်းအား ဝင်ငွေနိမ့်ကျသောနိုင်ငံများနှင့် ဝင်ငွေ အလယ်အလတ်ရှိသောနိုင်ငံများတွင် တူးဖော်ကြပါသည်။[56] ဆင်းရဲမွဲတေမှုမြင့်မားသောဒေသများတွင် ကျောက်မျက်သိုက် များအား နိုင်ငံသားများတူးဖော်မှုသည် ရှောင်လွှဲမရသောကိစ္စရပ်ဖြစ်ပါသည်။ သို့သော် အဆိုပါနိုင်ငံသား တူးဖော်မှုများသည် ဆိုးရွားသောသက်ရောက်မှုများဖြစ်ပေါ် စေခြင်းရှိ မရှိ သို့မဟုတ် ကုမ္ပဏီ များ၏စီမံကိန်းများနှင့်ပဋိပက္ခများဖြစ်ပေါ်ခြင်းရှိ မရှိ သည် မည်သည့်အတိုင်းတာအထိ အစိုးရက ထိရောက်သောထိန်းချုပ်မှုနှင့် ကြီးကြပ်မှုဆောင်ရွက်သည့်အပေါ် မူတည်နေ ပါသည်။

ကုမ္ပဏီများသည် ၎င်းတို့၏လုပ်ကွက်များအတွက် တရားမဝင်ကျောက်မျက်တူး ဖော်သူများအားတားဆီးရန် ပိုမိုအားကောင်း သောတရားဥပဒေ စိုးမိုးရေးအား မကြာခဏတောင်းဆိုလေ့ရှိပါသည်။ အစိုးရများဆောင်ရွက်သောနည်းလမ်းတစ်ရပ်မှာ နိုင်ငံသားများ လုပ်ကွက်အတွင်းသို့ ဝင်ရောက်မှုအားကန့်သတ်ပြီး ကျောက်မျက်ထုတ် လုပ်သောနယ်မြေများတွင် စစ်တပ် သို့မဟုတ် အခြားလုံခြုံရေးအဖွဲ့များထားရှိခြင်းအား အားပေးခြင်းဖြစ်ပါသည်။[57] ဤနည်းလမ်းသည် ယေဘုယျအားဖြင့် နိုင်ငံသားများကျောက် မျက်တူးဖော်မှုအား ကန့်သတ်ရာတွင် ထိရောက်မှု ရှိလေ့ မရှိသည့်အပြင် တစ်ခါတစ်ရံ အဂတိ လိုက်စားမှုအား မြင့်တက်စေပြီး ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များ၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်စေပါသည်။

အဆိုပါနည်းလမ်းများ၏ အားနည်းချက်များကြောင့် ကျောက်မျက်တူးဖော်သောအ ခြေအနေများကို တိုးတက်အောင်ဆောင် ရွက်ရာတွင် နိုင်ငံသားတူးဖော်သူများအား ကြုံသလိုကျသလိုတူးဖော်နေခြင်းမှ တရားဝင်ကျောက်မျက်ကဏ္ဍအတွင်းသို့ ဝင်ရောက်လာစေရန်လိုအပ်ကြောင်း ပို၍အသိအမှတ်ပြုလာကြပါသည်။ ဘရာဇီး၊ တန်ဇန်နီးယားနှင့် အခြားကျောက်မျက် ထုတ်လုပ်သောနိုင်ငံများတွင် ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများအရ အဆိုပါ တရားဝင်ကျောက်မျက်ကဏ္ဍအတွင်းသို့ ဝင်ရောက်လာစေသော လုပ်ငန်းစဉ်အားဆောင်ရွက်ရန် အစိုးရနှင့် ကုမ္ပဏီများက အောက်ပါအစီအမံများဖြင့် ရေရှည်အမြဲပွားယ်ရှိစွာကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်းပေါ်လွင်ပါသည် -

- နိုင်ငံသားကျောက်မျက်တူးဖော်မှုအတွက် ဥပဒေအခြေခံကို ရှင်းလင်းခြင်း။ စည်းမျဉ်းဥပဒေများတွင် နိုင်ငံသားကျောက် မျက်တူးဖော်သူများအတွက် တရားဝင်လုပ်ငန်းဆောင်ရွက်မှုများသတ်မှတ်ပေးသင့်ပြီး ၎င်းတို့သည် မြေပိုင်ရှင်များနှင့် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများ စသည့် အခြားပုဂ္ဂိုလ်များနှင့် မည်ကဲ့သို့ ပတ်သက်နေသည်ကို ရှင်းပြသင့်သည်။
- အရင်းအမြစ်များအားရယူနိုင်စေခြင်း။ အစိုးရများသည် ဒေသရှိဘူမိဗေဒအခြေအနေအပေါ် မူတည်၍ ကျောက်မျက် ထုတ်လုပ်သော နယ်မြေများအား ကုမ္ပဏီများနှင့် နိုင်ငံသားတူးဖော်သူများထံ မျှတစွာချထားသတ်မှတ်ပေးသင့်သည်။ အသေးစား သို့မဟုတ် လက်လုပ်လက်စား နည်းလမ်းများဖြင့် စီးပွားဖြစ်တူးဖော်နိုင်သော ကျောက်မျက်သိုက်အနည်း ငယ်သာရှိပါ ကုမ္ပဏီများအနေဖြင့် နိုင်ငံသားတူးဖော်သူများထံ ဆပ်ကန်ထရိုက် Subcontract စနစ်ဖြင့် အလုပ်အပ်နှံ ခြင်း သို့မဟုတ် နိုင်ငံသားတူးဖော်သူများအား အဆိုပါကျောက်မျက်သိုက်များအား တူးဖော်ရာတွင် အကူအညီပေးခြင်း နည်းလမ်းတို့သည် အသုံးဝင်နိုင်ပါသည်။
- ခွင့်ပြုမိန့်ထုတ်ပေးသောလုပ်ငန်းစဉ်အား ရိုးရှင်းလွယ်ကူစေခြင်း။ အစိုးရများသည် ဒေသအလိုက် သို့မဟုတ် နယ်မြေ အလိုက် လိုင်စင်ထုတ်ပေးရေးရုံးခန်းများ တည်ထောင်ခြင်း၊ အခကြေးငွေများလျှော့ချပေးခြင်းနှင့် ကျောက်တွင်းလုပ်ငန်း အစီအစဉ် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းများစသည့် လိုအပ်သောစာရွက်စာတမ်းများသည် နိုင်ငံသား တူးဖော်သူများ၏ ဆောင်ရွက်နိုင်မှုနှင့် ကိုက်ညီခြင်းရှိမရှိအားပြန်လည်သုံးသပ်ခြင်းဖြင့်  တရားဝင်ပြုလုပ်ခြင်းတွင် ကြုံတွေ့ရသောအခက်အခဲများကို ဖယ်ရှားပေးနိုင်ပါသည်။
- စေ့စပ်ဆွေးနွေးရန် တွေ့ဆုံပွဲများကျင်းပပေးခြင်း။ ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်း အဖြစ် နိုင်ငံသားတူးဖော်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် အကြီးစားစီမံကိန်းများ၏ တရားဝင်ဖြစ်ခြင်းအား တိုးတက်စေပါသည်။ ကုမ္ပဏီ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ဖြေရှင်းရန်၊ ရပ်ရွာလူထု၏ လိုအပ်ချက်များအား ဖော်ထုတ်ရန်နှင့် ကျောက်တွင်းမှ ရရှိသော အကျိုးအမြတ်အားခွဲဝေခြင်းအတွက် စနစ်တစ်ခုသဘောတူကျင့်သုံးရန် အတွက် တွေ့ဆုံ ဆွေးနွေးပွဲများကျင်းပခြင်းသည် အကျိုးရှိနိုင်ပါသည်။
- အဖွဲ့အစည်းများအား ပံ့ပိုးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ သမဝါယမအသင်းများ သို့မဟုတ် အခြားအသင်းအဖွဲ့ များသည် နိုင်ငံသားတူးဖော်သူများအတွက် ကျောက်မျက်ကဏ္ဍအတွင်း အခြားသူများနှင့် ထိပ်တိုက်ညှိနှိုင်းဆွေးနွေးနိုင် စွမ်းကို မြင့်တက်စေ ပါသည်။ ငွေထုတ်ချေးမှုအစီအစဉ်များ သို့မဟုတ် ဥပဒေဆိုင်ရာအခွင့် အရေးများနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြားပေးမှုများ၊ ကျောက်မျက်ဗေဒ၊ ကျောက် တွင်းဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာစီမံခန့်ခွဲမှုအစရှိသော ဗဟုသုတနှင့် အရင်းအမြစ်များပေးခြင်းကလည်း ကျောက်မျက်တူးဖော်သူများအနေဖြင့် ခေါင်းပုံဖြတ်ခံရမည့်အန္တရာယ်အား ရှောင်ရှားရာတွင် အကူအညီဖြစ်စေပြီး အစိုးရအဖွဲ့အစည်းများအကြား ကောင်းမွန် သော ညှိနှိုင်းဆောင်ရွက်မှုဖြစ်ပေါ်စေရန်လည်း အားပေးပါသည်။

## လေ့လာမှု - ဘရာဇီးနိုင်ငံ

ကျယ်ဝန်းသောမြေနယ်နိမိတ်ရှိပြီး ထိုမြေများစွာကိုလည်း စူးစမ်းရှာဖွေခြင်းမပြုရသေးသောဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး နှင့် အမျိုးအစားအစုံလင်ဆုံး ကျောက်မျက်သိုက်များကို ပိုင်ဆိုင်ထားသည်ဟု ယူဆရပါသည်။ အဆိုပါတောင်အမေရိကန်နိုင်ငံသည် တတိယ မြအများဆုံးထုတ်လုပ်သောနိုင်ငံဖြစ်ပြီး စိန်နှင့် ရှားပါးပြီးတန်ဖိုးရှိသော ပါရိုင်အီဘာပြည်နယ် မှ ထွက်ရှိသည့်တိုမလင်း(Tourmaline) ထုတ်လုပ်ရာတွင်လည်း အရေးပါသောနိုင်ငံဖြစ်ပါသည်။ ယခုအခါတွင်တွင်းများစွာကို ကုမ္ပဏီများက တူးဖော်လုပ်ကိုင်လျက်ရှိသော်လည်း garimpeiros ဟု ခေါ်သော နိုင်ငံသားတူးဖော်သူများသည် ယခင်က တည်းက နိုင်ငံတွင်ထွက်ရှိသောကျောက်မျက်အများစုကို တူးဖော်ရရှိခဲ့ ကြပါသည်။ garimpeiros အရေအတွက်သည် အချိန်နှင့်အမျှ အပြောင်းအလဲဖြစ်နေပြီး ကျောက်မျက်အတူးများသောအချိန်များတွင် ဦးရေ ၅၀၀,၀၀၀ လောက်ထိ ရှိနိုင်ပါသည်။ ဘရာဇီးနိုင်ငံ၏ အဓိကမြထုတ်လုပ်သော ဒေသသုံးခုထဲတစ်ခုတွင် ကျောက်မျက်တူးဖော်ခြင်း၌ ပြည်သူ အယောက် ၈၀,၀၀၀ လောက် ရှိကြောင်း တာဝန်ရှိသူများ က မကြာသေးမီက ခန့်မှန်းထားပါသည်။[58] အဆိုပါတူးဖော်သူများ အကြားကြုံသလိုကျသလိုဆောင်ရွက်မှုကြောင့် ယေဘုယျအားဖြင့် အများပြည်သူ ဝန်ဆောင်မှု ထိရောက်စွာပေးခြင်းနှင့် ပြည့်စုံလုံလောက်သော ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအခြေအနေများထားရှိကျင့်သုံးခြင်းအပေါ် အတား အဆီးဖြစ်စေပြီး ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအား ထိန်းချုပ်ခြင်းကိုလည်း  အားနည်းစေပါသည်။

ရှုပ်ထွေးသောခွင့်ပြုမိန့်ထုတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ငွေကြေးဆိုင်ရာအခက်အခဲများကြောင့် လိုင်စင်ထုတ် ပေးရေး လုပ်ငန်းစဉ်တွင် နိုင်ငံသားတူးဖော်သူများ၏ ပါဝင်မှုကို အတားအဆီးဖြစ်စေပါသည်။ ၁၉၈၉ခုနှစ်နှင့် ၂၀၀၈ခုနှစ် ဘရာဇီးနိုင်ငံ၏ ကျောက်မျက်တူးဖော်သူများဆိုင်ရာဥပဒေများအရ သတ်မှတ်ထားသောစနစ်တွင် ကျောက်မျက်တူးဖော်သူ များ (garimpeiros) သည် အကြီးစားရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သောအစီအမံများနှင့်အလားတူသော အစီအမံ များကို ဆောင်ရွက်ရန် တာဝန် ရှိသည်ဟု သတ်မှတ်ထားပြီး ယခင်ရှိသော ရိုးရှင်းသည့်မှတ်ပုံတင်ခြင်းစနစ်အား ဖျက်သိမ်းခဲ့ ပါသည်။ အသေးစားနှင့်လက်လုပ်လက်စားကျောက်မျက်တူးဖော်သူများအနေဖြင့် ဘူမိဗေဒဆိုင်ရာဆန်းစစ်မှုဆောင်ရွက်ရန် မလိုအပ်သော်လည်း (ဗဟိုအစိုးရအစား ပြည်နယ်များက စီမံခန့်ခွဲသော) လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာခွင့်ပြုမိန့်မျိုးစုံရယူ ခြင်းသည် "သာမန်လက်လုပ်လက်စားကျောက်မျက်တူးဖော်သူတစ်ဦးအတွက် ငွေကြေးအရ သို့မဟုတ် စီမံဆောင်ရွက်နိုင်မှုအရ ဆောင်ရွက်နိုင်သည်ထက်များစွာကျော်လွန်နေပါသည်။"[59] ကနဦးရင်းနှီးမြှုပ်နှံမှုအနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀,၀၀၀နှင့် အသေးစားမြတွင်းတစ်တွင်းကို ထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ ၂,၅၀၀ မှ ၅,၀၀၀ အထိ ထပ်မံလိုအပ် ကြောင်းလည်း တူးဖော်သူများသည် ပြောပါသည်။[60]

ဘရာဇီးနိုင်ငံ၏ အစိုးရသည် နိုင်ငံသားများ၏ ကျောက်မျက်တူးဖော်မှုကို တရားဝင်ဖြစ်စေရေးနည်းလမ်းအဖြစ် သမဝါယမ အသင်းများကို အားပေးမြှင့်တင်ခဲ့ပြီး နိုင်ငံသားမြနှင့်စိန် တူးဖော်သူများအတွက်အသင်းများ နိုင်ငံတစ်ဝှမ်းဖွဲ့စည်းခဲ့ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် အစိုးရရုံးပိုင်းဆိုင်ရာ အတားအဆီးများလျှော့ချခြင်း၊ မြေရရှိရန် အစိုးရ၊ မြေပိုင်ရှင်များ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများနှင့်ညှိနှိုင်းဆွေးနွေးခြင်း နှင့် ကိစ္စရပ်ပေါင်းစုံတွင် တူးဖော်ရေးလုပ်ငန်းများအတွက် နည်းပညာ ကျွမ်းကျင်သူများငှားရမ်းခြင်းတို့တွင် အထောက်အကူပေးသည့် အထောက်အထားများရှိပါသည်။[61]

သို့သော်လည်း စနစ်တကျဖွဲ့စည်းထားသော နိုင်ငံသားကျောက်မျက်တူးဖော်မှု၏ ပျံ့နှံ့ကျင့်သုံးမှုနှင့် အသုံးဝင်မှုအပေါ် အတော်အတန် အကန့်အသတ်ရှိနေပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဘရာဇီးနိုင်ငံ၏ မတိုးတက်သေးသောဥပဒေမူဘောင် ကြောင့်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ garimpeiros များအား ၎င်းတို့အနေဖြင့် သမဝါ ယမအသင်းများတွင် တရားဝင်ပြုလုပ်ထားသရွေ့ တွင်းထွက်အရင်းအမြစ်များကို ဦးစားပေးအနေဖြင့် ရရှိခွင့်သတ်မှတ်ပေး ထားသော်လည်း အဆိုပါမူအား စီမံအုပ်ချုပ်ရန်အတွက် ရှင်းလင်း သော စနစ်အား အကောင်အထည်ဖော်ခြင်းမရှိပါ။ တူးဖော် ထုတ်လုပ်ခွင့်များကို အသေးစားတူးဖော်သူများထံ မည်သို့ခွဲဝေချထားသင့်သည်နှင့် ပတ်သက်ပြီး ၁၉၆၇ခုနှစ်သတ္တုတွင်း လုပ်ထုံးနှင့် ၁၉၈၉ခုနှစ်နှင့် ၂၀၀၈ခုနှစ်အသေးစားသတ္တုတွင်းဥပဒေများတွင် ရှင်းလင်းမှုမရှိပါ။[62] လက်တွေ့တွင် ဥပဒေနှင့် အညီ လုပ်ဆောင်ရန် နိုင်ငံသားတူးဖော်သူများသည် အများပြည်သူပိုင်မြေပေါ်တွင် တူးဖော်ရမည် သို့မဟုတ် ပုဂ္ဂလိက မြေပိုင်ရှင်များ သို့မဟုတ် လုပ်ပိုင်ခွင့်ရရှိထားသူများနှင့် ညှိနှိုင်းဆောင်ရွက်ရပါသည်။

Milanez နှင့် Puppim တို့ကလည်း "သမဝါယမအသင်းများဖွဲ့စည်းခြင်းသည် အစိုးရရုံးပိုင်းဆိုင်ရာ လုပ်ရပ်တစ်ခုသာဖြစ်ပြီး ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုများအပေါ်မည်သည့် သက်ရောက်မှုမျှမရှိကြောင်း အတွေ့အကြုံက ဖော်ပြနေကြောင်း" တွေ့ရှိ ထားပါသည်။[63] သမဝါယမ အသင်းများစွာကို ကျောက်တွင်းပိုင်ရှင်များ၏ ကျောက်ကုန်သည်များက ဦးဆောင်ပြီး ထိုအချက် ကြောင့် နိုင်ငံသားတူးဖော်သူများ၏ အကျိုးအမြတ်ထက် အဆို ပါအကျိုးသက်ဆိုင်သူများ၏အကျိုးအမြတ်ကို ဦးစားပေးလေ့ ရှိပါသည်။[64] ပညာရေး၊ ကျန်းမာရေးဆိုင်ရာခံစားခွင့်များ သို့မဟုတ် တည်ငြိမ်သောအလုပ်ခန့်ထားမှုမရှိခြင်းတို့ သည် ယေဘု ယျအားဖြင့် အဖွဲ့ဝင်တစ်ဦးချင်းအကြား ကြုံသလိုကျသလိုဆောင်ရွက်ခြင်းကို ဆက်လက်ဖြစ်ပေါ်စေပါသည်။ အချို့သော ကျောက်မျက်သမဝါယမအသင်းများသည် အကျိုးမျှော်ကိုးလက်သိပ်ထိုးဝါဒအတွက် အကျိုးတော်ဆောင်များဖြစ်လာကြပြီး ခေါင်းဆောင်များအား ၎င်းတို့၏နိုင်ငံရေးပတ်သက်ဆက်နွယ်မှုများကိုအသုံးပြု၍ စည်းကမ်းထိန်းသိမ်းမှုများကို ရှောင်ရှားနိုင် စေကြောင်း ဆိုကြပါသည်။[65]

ဘရာဇီးနိုင်ငံ၏အတွေ့အကြုံများအရသမဝါယမအသင်းများဖွဲ့စည်းခြင်းသည် ဖောက်ပြန်တတ်သောသက်ရောက်မှုများအပြင် အပြုသဘော ဆောင်သောသက်ရောက်မှုများလည်း ရှိနိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ရရှိထားသော အထောက်အထားများ အရ နိုင်ငံသားတူးဖော်သူများ အား စနစ်တကျဖွဲ့စည်းခြင်းသည် အနည်းဆုံးတော့ တောင်းဆိုနိုင်စွမ်းအားနှင့် ငွေကြေးအရင်း အမြစ်များကို တစ်စုစည်းတည်းဖြစ်စေခြင်းဖြင့် ၎င်းတို့တရားဝင်ဖြစ်ခြင်းအတွက် အထောက်အပံ့ဖြစ်စေနိုင်ကြောင်း တွေ့ရ ပါသည်။ သို့သော်လည်း  ထိုသို့ ဖွဲ့စည်းခြင်းသည် ပိုမိုဆောင်ရွက် နိုင်စွမ်းရှိသူများအတွက် အခွင့်အရေးယူအသုံးချရန် လမ်းဖွင့်ပေးခြင်းမျိုးလည်း ဖြစ်နိုင်ပြီး အချို့သောကိစ္စရပ်များတွင် အဖွဲ့ဝင်တစ်ဦးချင်း၏ အသက်မွေးဝမ်းကြောင်းမှုများကို အဓိပ္ပာယ်ရှိစွာမြှင့်တင်ပေးခြင်းမပြုဘဲ တရားမဝင်ဆောင်ရွက်ခြင်းကို အခိုင်အမာကျင့်သုံးခြင်း ဖြစ်လာနိုင်ပါသည်။ ဘရာဇီး နိုင်ငံ၏ အဖြစ် အပျက်တွင် သက်ဆိုင်ရာဥပဒေများအား ပြင်ဆင်ခြင်းနှင့် ရှင်းလင်းခြင်း၊ အဖွဲ့အစည်းများအတွင်း အုပ်ချုပ်မှု ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းနှင့် တရားဥပဒေစိုးမိုးရေးအား ပိုမိုအားကောင်းအောင် ဆောင်ရွက်ခြင်းတို့သည် ကျောက်မျက်ကဏ္ဍတွင် သမဝါယမအသင်းများ၏ အခန်းကဏ္ဍကို တိုးတက်စေရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။

## လေ့လာမှု - တန်ဇန်နီးယားနိုင်ငံ

စိန်၊ ပတ္တမြားနှင့်နီလာများစွာထွက်ရှိသော တန်ဇန်နီးယားနိုင်ငံသည် ယင်းနိုင်ငံ၏အမည်ကို အစွဲပြု၍ခေါ် ဆိုသော အပြာရောင် ကျောက်မျက် တန်ဇန်နိုက် ထွက်ရှိသည့် ကမ္ဘာပေါ်တွင် တစ်ခုတည်းသောနိုင်ငံအဖြစ် လူသိများပါသည်။ ထိုနိုင်ငံတွင် ရောင်စုံ ကျောက်အများစုကို နိုင်ငံသားများက တူးဖော်ကြပါသည်။ မကြာသေးမီကထုတ်ပြန်ခဲ့သောတွင်းထွက်မူဝါဒတွင် ၂၀၁၀ခုနှစ် သတ္တုတွင်းအက်ဥပဒေအတွက် အခြေခံ အုတ်မြစ်ချမှတ်ပေးပြီး တန်ဇန်နီးယားနိုင်ငံအား အာဖရိကတိုက်၏ ကျောက်မျက် ဗဟိုဌာနအဖြစ်တိုးတက်လာစေခြင်း၊ အလတ်စားနှင့် အသေးစားကျောက်မျက်တွင်းများအား တန်ဇန်နီးယားနိုင်ငံသားများ သာ အပြည့်အဝပိုင်ဆိုင်စေခြင်းနှင့်လုပ်ကိုင်စေခြင်းအပြင် ကျောက်မျက်တူးဖော်ခြင်းတွင် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်ဆောင်ရွက်မှုကို အားပေးခြင်းတို့ဖြင့် "ကျောက်မျက်တူးဖော်ရေးတွင် တန်ဇန်နီးယား နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက် မှုကို လွယ်ကူအဆင်ပြေစေရန်၊ ပံ့ပိုးပေးရန်နှင့်တိုးမြှင့်ရန်" အစိုးရ၏ ကတိကဝတ်ကိုလည်း သတ်မှတ်ပေးပါသည်။[66]

တန်ဇန်နီးယားနိုင်ငံတွင် အဆိုပါနိုင်ငံသားကျောက်မျက်တူးဖော်သူများ အား တရားဝင်ဖြစ်လာစေရန် လိုင်စင်ထုတ်ပေးရေး လုပ်ထုံးလုပ်နည်းများအား ရိုးရှင်းအောင်ပြုလုပ်ခြင်း၊ မြေရရှိမှုမြှင့်တင်ပေးခြင်းနှင့် နိုင်ငံသားကျောက်မျက်တူးဖော် သူများ အတွက် လိုအပ်သောအရင်းအမြစ်များရရှိနိုင်အောင် ဖြန့်ဝေပေးခြင်းအပါအဝင် တိကျသောဆောင်ရွက်မှုအဆင့်များကို ပြုလုပ်ခဲ့ပါသည်။ ၂၀၁၀ခုနှစ် သတ္တုတွင်းအက်ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀၀,၀၀၀ အောက်လိုအပ်ပြီး သက်တမ်း ၎င်းနှစ်မှ ခုနစ်နှစ်အထိ ခွင့်ပြုသော "အခြေခံတူးဖော်ရေးလိုင်စင် (Primary Mining License)" အား သတ်မှတ် ထားပါသည်။[67] အဆိုပါအခြေခံတူးဖော်ရေးလိုင်စင်ရယူရန်အတွက် လုပ်ထုံးလုပ်နည်းသည် သာမန် သို့မဟုတ် အထူး တူးဖော်ရေးလိုင်စင်များ နှင့်ယှဉ်လျှင် လိုအပ်ချက်များပိုမိုနည်းပါးသော်လည်း အဆိုပြုထားသော လုပ်ငန်းတည်နေရာ တွင် သဘာဝပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာစုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုင်စင်များကို Dares Salaam မြို့ရှိ တွင်းထွက်ဆိုင်ရာကော်မရှင်အရာရှိ (Comissioner for Minerals) အစား ဇုန်အလိုက်ကျောက်တွင်း အရာရှိများ (Zonal Mines Officers) က ထုတ်ပေးပါသည်။[68]

၂၀၀၄ခုနှစ်ကတည်းက အစိုးရသည် ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များစွာပါဝင် သော ၂၀၀၀စတုရန်းကီလိုမီတာအား နိုင်ငံသားများ ကျောက်မျက်တူးဖော်ရန်အတွက် သီးသန့်သတ်မှတ်ပေးခဲ့ပါသည်။ အဆိုပါ "သတ်မှတ်နယ်မြေများ" တွင် ကျောက်မျက်တူးဖော်မှုလုပ်ငန်းများ ပိုမိုများပြားစွာ စုစည်းတည်ရှိနေခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ဘူမိဗေဒဆိုင်ရာ မြေပုံရေးဆွဲခြင်း၊ စွမ်းဆောင်ရည်မြင့်သော နည်းစနစ်များနှင့် မိတ်ဆက်ပေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်း ကျင်ဆိုင်ရာစံနှုန်းများအား လေ့ကျင့်သင်ကြားပေးခြင်းအပါအဝင်နည်းပညာပိုင်း ဆိုင်ရာ အကူအညီပေးခြင်းအား ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်ပါသည်။[69] အစိုးရသည် အသေးစားကျောက်မျက် တူးဖော်သူများ အတွက် ငွေကြေးအကူအညီ လည်း ပေးသော်လည်း လက်တွေ့တွင် ထိုငွေများအားစီမံခံခွဲမှုသည် အပြည့်အဝပွင့်လင်းမြင်သာမှုမရှိပါ။[70]

သို့သော်လည်းနိုင်ငံသားကျောက်မျက်တူးဖော်ခြင်းအတွက်အရင်းအမြစ်များဖော်ထုတ်၍ခွဲဝေချ ထားပေးခြင်းတွင် ဆိုးကျိုးများ ရှိလာနိုင်ပါသည်။ နိုင်ငံသားတူးဖော်ခြင်း အတွက်သတ်မှတ်ထားသော "သတ်မှတ်နယ်မြေ" နှစ်ခုနှင့်ကပ်လျက်တွင် လုပ်ကိုင် နေသော (TanzaniteOneအမည်ဖြင့် ဖက်စပ်ဆောင်ရွက်သော) ကမ္ဘာပေါ်တွင်တစ်ခုတည်းသောအ ကြီးစားတန်ဇန်နိုက်တွင်း တည်ရှိသည့် Merelani ကဲ့သို့သော ဒေသများတွင် ကုမ္ပဏီနှင့် နိုင်ငံသားတူးဖော်သူများအကြား ပဋိပက္ခများအဖြစ်များ ပါသည်။ တရားမဝင်တူးဖော် သူများက TanzaniteOne လုပ်ကွက်အတွင်းသော မြေပေါ်ကရော မြေအောက်ကပါ ထပ်ခါ တလဲလဲ ကျူးကျော်ဝင်ရောက်တူးဖော်မှုကြောင့် အဓိက ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီဖြစ်သည့် Richland Resources က ၂၀၁၄ခုနှစ်တွင် စီမံကိန်းမှနုတ်ထွက်ခဲ့ပါသည်။[71]

While ကုမ္ပဏီမှတာဝန်ရှိသူများက TanzaniteOne လုပ်ကွက်တွင် တရားဥပဒေအရ အရေးယူဆောင်ရွက်မှုအားနည်းခြင်းအတွက် တန်ဇန်နီးယား အစိုးရအရာရှိများအား လူသိရှင်ကြား အပြစ်တင်စွပ်စွဲထားသော်လည်း TanzaniteOne လုပ်ကွက်နှင့်ဒေသခံ နိုင်ငံသားတူးဖော်သူများအကြား တင်းမာသောဆက်ဆံရေးများနှင့်ပတ်သက်ပြီး ထပ်ဆောင်းရှင်းလင်းချက် မျိုးစုံလည်း ပေါ်ထွက်လာခဲ့ပါသည်။ (TanzaniteOne မတိုင်မီက လုပ်ကိုင်ခွင့်ရရှိခဲ့သည် African Gem Resources ကုမ္ပဏီသို့) မူလ လုပ်ကိုင်ခွင့်အား ပေးအပ်ခဲ့ပြီးနောက် တန်ဇန်နိုက်တူးဖော်သော နိုင်ငံ သားတူးဖော်သူများအား တန်ဇန်နိုက် အဓိကထွက်ရှိ သော နယ်မြေများမှ အတင်းအဓမ္မဖယ်ရှားခဲ့ကြောင်း၊ တန်ဇန်နိုက် “သတ်မှတ်နယ်မြေများ” တွင် ပို၍မြေအောက်နက်ပြီး အရည်အသွေးပိုနိမ့်သော ကျောက်မျက်သိုက်များအားတူးဖော်ရန် ရင်းနှီးမြှုပ်နှံမှုအမြောက်အများလိုအပ်ကြောင်း၊ မှန်ချင်မှ လည်း မှန်မည်ဖြစ်သော်လည်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများသည် ဒေသခံပြည်သူများ၏ စားဝတ်နေရေးများနှင့် ဘဝ တိုးတက်ရေးများအတွက်ဆောင်ရွက်ခြင်းမရှိဘဲ ကျောက်မျက်အရင်းအမြစ်များကို လက်ဝါးကြီးအုပ်ကြသည်ဟု အများက ထင်မြင်ယူဆထားကြောင်း လေ့လာသုံးသပ်သူများက မှတ်ချက်ပေးပါသည်။[72]

နှိုင်းယှဉ်၍ဖော်ပြရလျှင် Williamson Diamond ကုမ္ပဏီသည် အလားတူစိန်ခေါ်မှုများစွာကို ဒေသခံနိုင်ငံသားတူးဖော်သူ များနှင့် အခြားသော အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ဖြေရှင်းရာတွင် ထင်ရှားပါသည်။ အဆိုပါကုမ္ပဏီ သည် ၎င်း၏လုပ်ကွက်အတွင်း အလျှင် အမြန်တိုးမြှင့်လုပ်ဆောင်လာသောတရားမဝင်တူးဖော်ခြင်း များအား ဖြေရှင်းရန် Mwadui Community Diamond Partnership ဟုခေါ်သော ညွန့်ပေါင်းအဖွဲ့အား (ထိုအချိန်က အဆိုပါတွင်းတွင် ထိန်းချုပ် ရှယ်ယာပိုင်ဆိုင်သော) De Beers၊ တန်ဇန်နီးယားနိုင်ငံအစိုးရနှင့် ဒေသခံကျေးရွာ ရှစ်ရွာတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ဆွေးနွေးပွဲ စကားဝိုင်းများ ဆက်တိုက်ဆောင်ရွက်ခဲပြီးနောက် Williamson ကုမ္ပဏီသည် နိုင်ငံသားများအား အဆိုပါနယ်မြေရှိ ကျောက် မျက်သိုက်များအား တူးဖော်နိုင်အောင် ကူညီပေးရန်နှင့် စိန်တန်ဖိုးဖြတ်ဝန်ဆောင်မှုများ၊ ပြည်တွင်းငွေကြေးအဖွဲ့အစည်းများ နှင့် ကျန်းမာရေးဝန်ဆောင်မှုများတွင် ရင်းနှီးမြှုပ်နှံရန်အလို့ငှာ ၎င်းလုပ်ကွက်၏ အစိတ်အပိုင်းတစ်ခုအား နိုင်ငံသားတူးဖော် သူများ သမဝါယမအသင်းများအတွက် လုပ်ကိုင်ခွင့်ပြုရန် ဖွင့်ပေးခဲ့ပါသည်။[73]

အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ကွာဟမှုများရှိသော်လည်း တန်ဇန်နီးယားနိုင်ငံ၏ကျောက်မျက်ကဏ္ဍ တိုးတက် ပြောင်းလဲလာခြင်း သည် နိုင်ငံသားကျောက်မျက် တူးဖော်သူများ လိုအပ်ချက်များအား အသိအမှတ်ပြုခြင်းနှင့် ထိုလိုအပ်ချက် များနှင့်အညီ အလိုက်သင့် ဆောင်ရွက်ခြင်းတို့ကို ထင်ဟပ်နေပါသည်။  အများပြည်သူပိုမိုပါဝင်သော နိုင်ငံတော်မဟာဗျူဟာ  ကျင့်သုံးခြင်းနှင့် ပိုမိုပျော့ပျောင်းသောလိုင်စင်ထုတ်ပေးရေးစနစ်သည် မူဝါဒဆိုင်ရာအောင်မြင်မှုများအကြား ထင်ရှားပေါ်လွင် ပါသည်။ စီမံကိန်းအဆင့်တွင် အချို့သောကျောက်မျက် တွင်းများ၌ ကုမ္ပဏီများနှင့် နိုင်ငံသားများအကြား အပြန်အလှန် လေ့လာမှုရှိကြောင်းအထောက်အထားများရှိပါသည်။ အဆိုပါပုဂ္ဂိုလ်များ အကြား အဓိပ္ပာယ်ရှိစွာ ဆက်တိုက်ထိတွေ့ဆက်ဆံ ခြင်းသည် တန်ဇန်နီးယားနိုင်ငံတွင် ကျောက်မျက်လုပ်ငန်းကဏ္ဍ၌ အစိုးရ၏ နိုင်ငံသားဗဟိုပြုရည်မှန်းချက်များကို ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

# (၂) - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ခေတ်မီတိုးတက်အောင် ဆောင်ရွက်ခြင်း

လွတ်လပ်ရေးလောလောလတ်လတ်ရရှိထားသော အစိုးရအသစ်များက ၎င်းတို့၏ သယံဇာတ အရင်းအမြစ်များစီမံခန့်ခွဲမှု အား တစုတစည်း တည်း ဖြစ်စေရန်စတင်ဆောင်ရွက်သော ၁၉၇၀ပြည့်နှစ်အလယ်ပိုင်းကတည်းက နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ(SOEs) သည် ကျောက်မျက်ကဏ္ဍတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြပါသည်။ အစိုးရများ၏ ပါဝင်မှုသည် ရုရှားနိုင်ငံ၊ ဘော့ဆွာနာနိုင်ငံ၊ အန်ဂိုလာနိုင်ငံနှင့် နမ်မီဘီယာနိုင်ငံတို့၏ အစိုးရများက တစ်ကမ္ဘာလုံးထုတ်လုပ်မှု၏ တစ်ဝက် နီးပါးလောက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်း ကောင်း ထိန်းချုပ်ထားသောစိန်လုပ်ငန်းကဏ္ဍနှင့် မြ၊ ကျောက်စိမ်းနှင့် တန်ဇန်နိုက်ထုတ်လုပ်မှုများတွက် အထူးသဖြင့်သိသာပါသည်။ အဆိုပါ အဖွဲ့အစည်းများက အရင်းအမြစ် များအားထိရောက်စွာအသုံးပြုပြီးနိုင်ငံသားများ၏အကျိုးအတွက်ဆောင်ရွက်နိုင်ရန်မှာ နိုင်ငံတော်အစိုးရများ၏ အကျိုးစီးပွား အတွက် ဖြစ်ပါသည်။

## ကျောက်မျက်တူးဖော်ရေးလုပ်ကိုင်သူများအဖြစ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ဆန်းစစ်ခြင်း

အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်စေ၊ ပုဂ္ဂလိကကုမ္ပဏီဖြစ်စေ ကျောက်မျက်တူးဖော်ရေးလုပ်ငန်းသို့ဝင်ရောက်လုပ်ကိုင်ရာ တွင် ကြီးမားသောအတားအဆီးများကိုရင်ဆိုင်ရလေ့ရှိပါသည်။ ဘူမိဗေဒအချက်အလက်များမရှိခြင်း၊ ကျောက်မျက်သိုက်များ တစ်ခုနှင့်တစ်ခုကွဲပြားမှု၊ အရင်းအမြစ်တန်ဖိုးအားတွက်ချက်ရာတွင်ရင်ဆိုင်ရသောထူးခြားသည့်စိန်ခေါ်မှုများနှင့်ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များအတွင်း တရား မဝင်တူးဖော်မှုများ သို့မဟုတ် ခိုးယူမှုများအပါအဝင် စီမံကိန်းဖော်ဆောင်ရာတွင် ကြုံတွေ့ရလေ့ရှိသော ပြဿနာပေါင်းစုံကို ကျော်လွှားရန် ကျွမ်းကျင်မှုနှင့်နည်းပညာတို့တွင် များစွာရင်းနှီးမြှုပ်နှံရန် လိုအပ်ပါ သည်။[74]

မှတ်သားဖွယ်ရာခြွင်းချက်များဖြစ်သော ရုရှားနိုင်ငံမှ Alrosa ကုမ္ပဏီနှင့် အန်ဂိုလာနိုင်ငံမှ Endiama ကုမ္ပဏီများမှအပ[75] စွမ်းဆောင်ရည်နိမ့်ကျခြင်းနှင့် ထိရောက်မှုမရှိသောစီမံခန့်ခွဲမှုတို့သည် ကျောက်မျက်တူးဖော်ရေးဆောင်ရွက်သော SOEများ အတွက် ကျောက်မျက်တူးဖော်နိုင်စွမ်းများ မြှင့်တင်ရာတွင် အတားအဆီးဖြစ်စေပါသည်။ ဂါနာနိုင်ငံ(Great Consolidated Diamonds ကုမ္ပဏီ)၊ လာအိုနိုင်ငံ (State Sapphire Mining Company)၊ မြန်မာနိုင်ငံ (မြန်မာ့ကျောက်မျက်ရတနာရောင်း ဝယ်ရေးလုပ်ငန်း)၊ ပါကစ္စတန်နိုင်ငံ (Gemstone Corporation of Pakistan)၊ ဆီရာလီယွန်နိုင်ငံ (National Diamond Mining Company)၊ တန်ဇန်နီးယားနိုင်ငံ (State Mining Company)၊ သီရိလင်္ကာနိုင်ငံ(State Gem Corporation)၊ ဗီယက်နမ်နိုင်ငံ (Vietnam National Gems and Gold Corporation)နှင့် ဇမ်ဘီယာနိုင်ငံ (Kagem Mining and Kariba Mining) တို့တွင် ကျောက်မျက်တူးဖော်ရန် အစိုးရက ဖွဲ့စည်းထားသော ကုမ္ပဏီများသည် ပုဂ္ဂလိကဖက်စပ်လုပ်ကိုင်သူများထံ စီမံခန့်ခွဲမှု လွှဲပြောင်းပေးခြင်း သို့မဟုတ် ကုမ္ပဏီဖျက်သိမ်းခြင်းတို့ပြုလုပ်ခဲ့ပါသည်။ တောင်အာဖရိကမှ Alexkor (စိန်) နှင့် တာဂျစ် ကစ္စတန်နိုင်ငံမှ Gubjemas ကုမ္ပဏီ (ရောင်စုံကျောက်မျက်များ) စသောကျောက်မျက်တူးဖော်ရေးများအား ဆက် လက်လုပ်ကိုင်နေသည့်ကုမ္ပဏီများသည် ထုတ်လုပ်မှုနည်းပါးပြီး အကျိုးအမြတ်လည်းမရရှိကြပါ။[76]

ယနေ့ခေတ်တွင် SOE အများစုသည် ကိုယ်တိုင်လုပ်ငန်းဆောင်ရွက်ခြင်းမရှိသော ပူးတွဲလုပ်ကိုင်သူများအဖြစ် ပုဂ္ဂလိက ကုမ္ပဏီများနှင့်တွဲဖက် ဖွဲ့စည်းထားသောဖက်စပ်ကုမ္ပဏီများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ စိန်လုပ်ငန်းကဏ္ဍတွင် အဆိုပါ နည်းလမ်းဖြင့် ဘော့ဆွာနာနိုင်ငံအစိုးရသည်(Debswanaကုမ္ပဏီတွင် ၅၀ရာခိုင်နှုန်းရှယ်ယာပါဝင်၍လည်းကောင်း)၊ နမ်မီဘီ ယာနိုင်ငံအစိုးရသည်(Namdebကုမ္ပဏီတွင် ၅၀ရာခိုင်နှုန်း ရှယ်ယာပါဝင်၍လည်းကောင်း) စီမံခန့်ခွဲမှုဆိုင်ရာရှယ်ယာအား ဆက်လက်ထိန်းသိမ်းထားကာ စိန်လုပ်ငန်းမှအကျိုးအမြတ်များအားတိုးမြှင့်နိုင်ပြီး တစ်ဖက်တွင်လည်း De Beers ကုမ္ပဏီ၏ ကျောက်မျက်တူးဖော်မှုဆိုင်ရာကျွမ်းကျင်မှုကြောင့်လည်း အကျိုးအမြတ်ရရှိပါသည်။ ကမ္ဘာပေါ်တွင် အရေးပါသော နိုင်ငံတော် အစိုးရ ပါဝင်ဖွဲ့စည်းထားသည့် ရောင်စုံကျောက်မျက်လုပ်ငန်းဖက်စပ်ကုမ္ပဏီများတွင် တန်ဇန်နီးယားနိုင်ငံမှ TanzaniteOne ကုမ္ပဏီ(တန်ဇန်နိုက်)၊ ဇမ်ဘီယာနိုင်ငံမှ Kagem ကုမ္ပဏီ(မြ)နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများအကြား စီမံကိန်းပေါင်းသုံးရာကျော် (ကျောက် စိမ်းနှင့် အခြားရောင်စုံ ကျောက်မျက်များ) ပါဝင်ကြပါ သည်။[77]

## ပုံ ၇ - နိုင်ငံပိုင်ကျောက်မျက်လုပ်ငန်းများ၏ ပိုင်ဆိုင်မှုပုံစံနှင့် အခန်းကဏ္ဍများ[78]

### စိန်

| နိုင်ငံ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | နိုင်ငံပိုင်ဆိုင်မှု | စီးမန်ခွဲမှုအခုန်းဘက္ကာ | စီးပွားရေးမှုအခုန်းဘက္ကာ |
|---|---|---|---|---|
| အန်ဂိုလာ နိုင်ငံ | ENDIAMA | ၁၀၀% | လုပ်ငန်း လုပ်ကိုင်သူ | များစွာရှိ |
| ဇမ်ဘီယာ နိုင်ငံ | DEBSWANA | ၅၀% | ဖက်စပ် လုပ်ကိုင်သူ | မရှိ |
| နမီးဘီးယား နိုင်င | NAMDEB | ၅၀% | ဖက်စပ် လုပ်ကိုင်သူ | မရှိ |
| တောင် အာဖရိက နိုင်ငံ | ALEXKOR | ၁၀၀% | လုပ်ငန်း လုပ်ကိုင်သူ | မရှိ |

## ရောင်စုံကျောက်မျက်များ

| နိုင်ငံ | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | နိုင်ငံပိုင်ဆိုင်မှု | စီမံခန့်ခွဲမှုအခန်းကဏ္ဍ | စီးပွားရေးမှုအခန်းကဏ္ဍ |
|---|---|---|---|---|
| မန်မာ နိုင်ငံ | **MYANMAR GEMS ENTERPRISE** | ၁၀၀% | ဖက်စပ် လုပ်ကိုင်သူ | များစွာရှိ |
| ပါကစ္စတန်နိုင်ငံ | **PAKISTAN GEM AND JEWELLERY DEVELOPMENT CORPORATION** | ၁၀၀% | မရှိ | အနည်း ငယ်သာရှိ |
| သီရိလင်္ကာ နိုင်ငံ | **NATIONAL GEM AND JEWELLERY AUTHORITY** | ၁၀၀% | မရှိ | များစွာရှိ |
| ကစ္စတန်နိုင်ငံ | **GUBJEMAST** | ၁၀၀% | လုပ်ငန်း လုပ်ကိုင်သူ | များစွာရှိ |
| တန်ဇန်နီးယား နိုင်ငံ | **STATE MINING CORPORATION** | ၁၀၀% | ဖက်စပ် လုပ်ကိုင်သူ | အနည်း ငယ်သာရှိ |
| ဇမ်ဘီယာ နိုင်ငံ | **KAGEM MINING LIMITED** | ၅၀% | ဖက်စပ် လုပ်ကိုင်သူ | မရှိ |

## စည်းကမ်းထိန်းသိမ်းကြီးကြပ်သူများအဖြစ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ဆန်းစစ်ခြင်း

ကျောက်မျက်လုပ်ငန်းတွင်ပါဝင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအချို့သည် စိစစ်ခြင်းနှင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်လုပ် မှုအား စောင့်ကြပ်စစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာခွင့်ပြုပေးခြင်းနှင့် စစ်ဆေးခြင်း၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်း ရေး စံနှုန်းများအား အရေးယူဆောင်ရွက်ခြင်းစသည့် စီးပွားရေးနှင့်မသက်ဆိုင်သော တာဝန်ဝတ္တရားများလည်းရှိပါသည်။ အန်ဂိုလာနိုင်ငံ၏ Endiamaကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းစသည့် အချို့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အဆိုပါတာဝန်ဝတ္တရားများအားကျောက်မျက်တူးဖော်သူများ သို့မဟုတ် ဖက်စပ်လုပ်ငန်း တွင် ပူးတွဲလုပ်ကိုင်သူများဖြစ်နေခြင်းအရရှိနေသော ၎င်းတို့၏ တာဝန်များနှင့် အပြိုင် ဆောင်ရွက်ကြပါသည်။ သီရိလင်္ကာ နိုင်ငံမှ National Gem and Jewellery Authority နှင့် Pakistan Gem and Jewellery Development Corporation အပါအဝင် အခြားအဖွဲ့အစည်းများသည် စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးကိုသာဆောင်ရွက်သော အဖွဲ့အစည်းများ ဖြစ်ကြ ပါသည်။

နိုင်ငံတကာတွင်ကြုံတွေ့ရသော အတွေ့အကြုံများအရ ကျောက်မျက်လုပ်ငန်းတွင်ပါဝင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ သည် ၎င်းတို့၏ လုပ်ငန်းနှင့်မသက်ဆိုင်သည့် အရေးပါသော ဝန်ဆောင်မှုများပေးနိုင်သည်ကို တွေ့ရှိရပါသည်။ ကျွမ်းကျင်မှု အား အဖွဲ့အစည်းတစ်ခုအတွင်း စုစည်းထည့်သွင်းထားခြင်းကလည်း ဆောင်ရွက်နိုင်စွမ်းနိမ့်ကျသောပတ်ဝန်းကျင်များတွင် အသုံးဝင်နိုင်ပါသည်။ တစ်ဖက်တွင်လည်း ဤကဲ့သို့ဆောင်ရွက်ခြင်းသည် အောက်ပါအခြေအနေများတွင်စီမံအုပ်ချုပ်မှုအရည် အသွေးကိုလည်း ကျဆင်းစေနိုင်ပါသည် -

- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရားများသည် အကျိုးစီးပွားဆန့်ကျင်မှုဖြစ်နေခြင်း။ စည်းကမ်းထိန်းသိမ်း ကြီးကြပ်ရေး အာဏာပိုင်များသည် ကျောက်မျက်လုပ်ငန်းကဏ္ဍတွင် စောင့်ကြပ်စစ်ဆေးသူများအဖြစ် ဆောင်ရွက်ကြ ပါသည်။ မည်သူတို့သည် မည်သည့်သတ်မှတ်ချက်များဖြင့် တွင်းထွက်အရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေမည်ကို ဆုံးဖြတ်ခြင်းဖြင့် စည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးအာဏာပိုင်များသည် တူးဖော်ထုတ်လုပ်မှုနှုန်းနှင့် ယင်းနှင့်ဆက်စပ် နေသော ထိခိုက်မှုပမာဏတို့ကို ထိန်းသိမ်းနိုင်ပါသည်။ အဆိုပါလုပ်ငန်းများအား ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် တူးဖော်ထုတ်လုပ်ခွင့်ချပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ဆောင်ရွက်ရန် တာဝန်ရှိသောအဖွဲ့အစည်းများအားအမှန်တကယ် တူးဖော် ထုတ်လုပ်ရန် တာဝန်ရှိသော သို့မဟုတ် တူးဖော်ထုတ်လုပ်မှုအပေါ် ငွေကြေးအရမှီခိုနေသောအဖွဲ့အစည်းများမှ ခွဲထုတ်သင့်ပါသည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏တာဝန်များကို တိတိကျကျသတ်မှတ်မထားခြင်း။ အခြားအစိုးရအဖွဲ့အစည်းများနှင့် ယှဉ်လျှင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး သေချာရေရာမှုမရှိခြင်းသည် အကျိုးစီးပွား ဆန့်ကျင်မှုများနှင့် အာဏာ အလွဲသုံးစားပြုလုပ်မှုများအတွက် တံခါးဖွင့်ပေးသလိုဖြစ်နေပါသည်။ ထိုသို့နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ အခန်းကဏ္ဍသည် တိတိကျကျမရှိခြင်းကြောင့်လည်း အဖွဲ့အစည်းများအကြားညှိနှိုင်းဆောင်ရွက်ရာတွင် အခက်အခဲများပို၍ဖြစ်ပေါ်စေပြီး အခြားအပြိုင် အဖွဲ့အစည်းများ၏ စံနှုန်းများဆိုင်ရာအရေးယူဆောင်ရွက်ခြင်းသည်လည်း တသတ်မတ်တည်းရှိတော့မည်မဟုတ်ပါ။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ တာဝန်ဝတ္တရားများသည် ၎င်းတို့၏ စွမ်းဆောင်ရည်များနှင့် ကိုက်ညီမှုမရှိခြင်း။ အစိုးရ အဖွဲ့အစည်း များသည် ၎င်းတို့၏အခန်းကဏ္ဍအား ထိရောက်စွာဆောင်ရွက်နိုင်ရန် အရင်းအမြစ်များနှင့် ကျွမ်းကျင်မှု ရှိသင့်ပါသည်။ ဤနေရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား စည်းကမ်းထိန်းသိမ်းရေးအာဏာပေး အပ်ခြင်းသည် အဆိုပါတာဝန်ဝတ္တရားများအား ကိုက်ညီမှု ရော အတွေ့အကြုံနှင့်စွမ်းဆောင်နိုင်စွမ်းပါရှိသည့် အစိုးရအဖွဲ့အစည်းများထံ ပေးအပ်ခြင်းလောက် ထိရောက်မှုရှိနိုင်မည် မဟုတ်ပါ။

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားရမည့်အချက်များ

နိုင်ငံပေါင်းစုံရှိ ကျောက်မျက်လုပ်ငန်းတွင်ပါဝင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ပြောင်းလဲလာသော နိုင်ငံရေးနှင့် ဈေးကွက်ဆိုင်ရာ လိုအပ်ချက်များနှင့်အညီဆင့်တက် ပြောင်းလဲလာကြပြီး စီးပွားရေးဆိုင်ရာနှင့် စီးပွားရေးနှင့်မသက်ဆိုင်သော အခန်းကဏ္ဍများမှ ပါဝင်ကြ ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် စီမံအုပ်ချုပ်မှုအား နည်းလမ်းပေါင်းစုံဖြင့် အထောက်အပံ့ ပေးနိုင်ပြီး ထိုသို့အထောက်အပံ့ပေးနိုင်ရန် အရင်းအမြစ်များကိုထိ ရောက်စွာခွဲဝေချထားပေးခြင်းအား အားပေးကာ ရှင်းရှင်း လင်းလင်းသတ်မှတ်ထားသော လုပ်ပိုင်ခွင့်အာဏာများအား အတိအကျလိုက်နာရန် မက်လုံးပေးသည့်အပြင် ပွင့်လင်းမြင်သာ မှုနှင့် တာဝန်ခံမှုတို့ကို ပို၍ခိုင်မာစေသောပုံစံဖြင့် ထိုအဖွဲ့အစည်းများအား ဖွဲ့စည်းသင့်ပါသည်။ မြန်မာနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ နှင့် အခြားကျောက်မျက်ထုတ်လုပ်သောနိုင်ငံများတွင် ကြုံ တွေ့ရသောအတွေ့အကြုံများအရအစိုးရများသည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းဖြင့် ကျောက်မျက်လုပ်ငန်းတွင်ပါဝင်သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ထိရောက်သော ဆောင်ရွက်မှု အား ပံ့ပိုးပေးနိုင်မည်ဟုယူဆရပါသည် -

- တာဝန်ဝတ္တရားများအား ပြန်လည်သုံးသပ်ခြင်း။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများသည် ပုဂ္ဂလိကကုမ္ပဏီများ သို့မဟုတ် အခြားအစိုးရ အဖွဲ့အစည်းများထက် ၎င်းတို့က ပို၍ကျွမ်းကျင်မှုရှိသောနယ်ပယ်များတွက် ပါဝင်ဆောင်ရွက်သင့်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏တာဝန်ဝတ္တရားများမည်သည့်အတိုင်းအတာအထိရှိ စေကာမူ ဥပဒေများတွင်အဖွဲ့အစည်း များ၏ လုပ်ပိုင်ခွင့်အာဏာ၏ ရည်ရွယ်ချက်နှင့် ကန့်သတ်ချက် များကို ရှင်းလင်စွာသတ်မှတ်ရန် အရေးကြီးပါသည်။

- အကျိုးစီးပွားဆန့်ကျင်မှုများအား ပပျောက်စေခြင်း။ အစိုးရများသည် စီးပွားရေးအရ တာဝန်များရှိသောအဖွဲ့အစည်းများနှင့် စည်းကမ်း ထိန်းသိမ်းမှုဆိုင်ရာအာဏာရှိသော အဖွဲ့အစည်းများအကြား တိတိကျကျခွဲခြားထားသင့်ပြီး အကြောင်းမှာ ၎င်းတို့၏ အကျိုး စီးပွားနှင့်ဆန့်ကျင်သောအခွင့်အာဏာများပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းများသည် စီမံအုပ်ချုပ်မှု ထိရောက်စွာဆောင်ရွက်ရန် လစ်ဟင်းလေ့ရှိသောကြောင့်ဖြစ်ပါသ ည်။ နိုင်ငံသားများသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း များ၏ ပင်ရင်းအကျိုးသက်ဆိုင် သူများဖြစ်ကြသည်ဟူသော မူနှင့်အညီ ကုမ္ပဏီများ၏လုပ်ငန်းဆောင်ရွက်မှုများနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအား ပြင်ပအဖွဲ့အစည်းများဖြင့် စစ်ဆေးသင့်ပြီး အများပြည်သူ ထံထုတ်ပြန်ကြေညာသင့်ပါ သည်။

- ပရော်ဖက်ရှင်နယ်ဆန်မှုအား အလေးထားဆောင်ရွက်ခြင်း။ ကျောက်မျက်လုပ်ငန်းတွင်ပါဝင်သော နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ သည် ဘတ်ဂျက်သတ်မှတ်ထားရှိသင့်ပြီး ၎င်းတို့၏လုပ်ငန်းတာဝန် များအားဆောင်ရွက်ရန် အထူးပြု ကျွမ်းကျင်မှုရှိသင့်ပါသည်။ ဥပမာ ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် အကြီးတမ်းစီမံခန့်ခွဲသူများ၏ ပညာရေးနှင့် အတွေ့ အကြုံနှင့်ပတ်သက်ပြီး အနိမ့်ဆုံးရှိရမည့်လိုအပ်ချက် အား သတ်မှတ်ခြင်းသည် နည်းပညာဆိုင်ရာစံသတ်မှတ်ချက်များ အပေါ် အခြေခံ၍အမျှော်အမြင်ရှိသောဆုံးဖြတ်ချက် များချမှတ်နိုင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။[79]

## လေ့လာမှု - မြန်မာနိုင်ငံ

ကမ္ဘာပေါ်တွင်ကျောက်စိမ်းအများစုသည် မြန်မာနိုင်ငံမှထွက်ရှိပြီး နှစ်စဉ်ခန့်မှန်းခြေဒေါ်လာသန်းထောင်ချီတန်ဖိုးရှိသည့် အပြင်[80] အရည်အသွေး မြင့် "ဗမာ့" ပတ္တမြားနှင့် အခြားရောင်စုံကျောက်မျိုးစုံလည်းထွက်ရှိပါသည်။[81] ကျောက်မျက်တူးဖော် ရေးလုပ်ငန်းများကို နိုင်ငံတော်၏ထိန်းချုပ်မှု အောက်တွင်စုစည်းထားရန် ၁၉၈၉ခုနှစ်နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများဥပဒေအရ နိုင်ငံပိုင်မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအား တည်ထောင်ထားသော်လည်း ထိုစဉ်ကတည်းက တွင်းများ စွာကို ပုဂ္ဂလိကနှင့် စစ်တပ်ကချုပ်ကိုင်ထားသော ကုမ္ပဏီများထံ လုပ်ပိုင်ခွင့်များချထားပေးခဲ့ပါသည်။[82] ယနေ့တွင် မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အဓိကလုပ်ငန်းများတွင် နိုင်ငံတော်ကိုယ်စားပြု၍ ဖက်စပ်လုပ်ကိုင်သော ကျောက်မျက်တူးဖော်ရေးများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပုံမှန်ကျင်းပသောကျောက်မျက်ပြပွဲများ (လေလံပွဲများ) အား စီမံခန့်ခွဲခြင်းနှင့် ကျောက်မျက်ကဏ္ဍအား အဓိကထိန်းသိမ်းကြီးကြပ်သောအဖွဲ့အဖြစ်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။[83]

မြန်မာနိုင်ငံ၏ ကျောက်စိမ်းစီးပွားရေးလုပ်ငန်းတွင် ရင်ဆိုင်ရသော စိန်ခေါ်မှုများအား ကောင်းစွာမှတ်တမ်းတင်ထားပါသည်။ Global Witness ၏ ၂၀၁၅ခုနှစ် အစီရင်ခံစာတွင် "ကမ္ဘာပေါ်တွင် အဖိုးအတန်ဆုံးကျောက်များအား ဒေါ်လာသန်းထောင်ပေါင်းများစွာဖိုး ရောင်းဝယ်ဖောက်ကားခြင်းကို စစ်တပ်ထိပ်တန်းအရာရှိများ၊ အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့ထားသော မူးယစ်ရာဇာများနှင့် ခရိုနီကုမ္ပဏီများက တင်းကျပ်စွာထိန်းချုပ်ထားပြီး" နှစ်ပေါင်းများစွာဖြစ်ပွားနေသော မြန်မာနိုင်ငံစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအကြား ပဋိပက္ခများဖြစ်ပေါ် စေသည့် အကြောင်းအရင်းတစ်ရပ်လည်းဖြစ်ကာ "ဝင်ငွေအနည်းငယ်သာလျှင် ကချင်ပြည်နယ်ရှိပြည်သူများထံသော်လည်းကောင်း၊ ဖားကန့် ကျောက်စိမ်းတွင်းများထံသော် လည်းကောင်း၊ မြန်မာနိုင်ငံ၏ပြည်သူလူထုထံသော်လည်းကောင်း ရောက်ရှိပါသည်" ဟု မှတ်ချက်ပြုခဲ့ ပါသည်။[84] အဆိုပါကိစ္စရပ်များ၏ အခြေခံ အကြောင်းအရင်းသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့်ပတ်သက်ခြင်းထက် ကျော်လွန်နေသော်လည်း တိတိကျကျမရှိသောအခန်းကဏ္ဍ၊ စွမ်းဆောင်ရည်မရှိခြင်းနှင့် အကျိုးစီးပွားဆန့်ကျင်ခြင်းများသည် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းနှင့် အခွင့်အာဏာလုပ်ပိုင်ခွင့်ကို အသုံးချ၍ ကိုယ်ကျိုးစီးပွား ရှာဖွေခြင်းတို့ ပေါ်ပေါက်လာစေရန် အခွင့် အလမ်းများဖန်တီးပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ အခွင့်အာဏာ၊ တာဝန်များနှင့် စီမံခန့်ခွဲမှုဖွဲ့စည်းပုံတို့ကို ဥပဒေတွင် ဖော်ပြမထားပါ။ ထိုလုပ်ငန်းတွင် ဒါရိုက်တာဘုတ်အဖွဲ့ မရှိပါ။ ၎င်းသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအား တရားဝင်တာဝန်ခံရသော်လည်း သမိုင်းတလျှောက် ထူးခြားပိုမိုသောအတိုင်းအတာအထိ ကိုယ်ပိုင်ဆုံးဖြတ် ခွင့်ဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။[85] သတ္တုတွင်း ဦးစီးဌာနနှင့် (တရားဝင်တန်ဖိုးဖြတ်အာဏာပိုင်အဖွဲ့ဖြစ်ပြီး ရတနာ နယ်မြေများသတ်မှတ်ခြင်း၊ လိုင်စင်များ အတည်ပြုထုတ်ပေးခြင်းနှင့် ရတနာ ခွန်နှုန်းထားများ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အကြံဉာဏ်ပေးသည့် အလားတူတိတိကျကျမရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်) ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီအစရှိသည့် ကျောက်မျက်ကဏ္ဍအား စီမံ အုပ်ချုပ်သော အခြားအဖွဲ့အစည်းများနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမည်ကဲ့သို့ပတ်သက်ဆက်နွယ် နေသည် ကို ဥပဒေများနှင့်စည်းမျဉ်းများတွင် ဖော်ပြသတ်မှတ်ထားခြင်းမရှိပါ။[86]

လက်တွေ့တွင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ကဏ္ဍတွင် (ကျောက်မျက်မဟုတ် သော တွင်းထွက်များအားလုံးအတွက် သတ္တုတွင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော)လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်၊ (ကျောက်မျက်မဟုတ်သော တွင်းထွက်များအားလုံးအတွက် ဘူမိဗေဒလေ့လာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော) ဘူမိဗေဒအချက်အလက်များနှင့် (ယေဘုယျအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကတာဝန်ယူဆောင်ရွက်သော) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ကြီးကြပ်ခြင်းအပါအဝင် အာဏာကိုကျယ်ပြန့်စွာ ကျင့်သုံးခဲ့ပါသည်။ သို့သော်လည်း လုံလောက်သောအသုံးစရိတ်နှင့် ကျွမ်းကျင်မှုမရှိသဖြင့် အဆိုပါလုပ်ငန်းတာဝန် အချို့ကို ကောင်းစွာဆောင်ရွက်နိုင်ခြင်း မရှိခြင်း သို့မဟုတ် လုံးဝလျစ်လျူရှုခြင်းများရှိခဲ့ပါသည်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၁၆ခုနှစ် ဧပြီလတွင် အစီရင်ခံထားသည့်အရ လက်ရှိလည်ပတ်လုပ်ကိုင်နေသော ကျောက်မျက်တွင်း ၂၁,၀၀၀ကျော် ရှိသည့် အနက် အချို့တွင်းများမှထုတ်လုပ်မှုကိုသာ စောင့်ကြပ်စစ်ဆေးနိုင်စွမ်းရှိပြီး သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာစံနှုန်းများကိုလည်း တွင်းအများစုတွင် လိုက်နာကျင့်သုံးခြင်းမရှိပါ။[87]

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ စည်းကမ်းထိန်းသိမ်းရေးတာဝန်များသည် ဖက်စပ်လုပ်ငန်းများတွင် ၎င်း၏စီးပွားရေးအရ ပါဝင်ပတ်သက်မှုနှင့် သဟဇာတမဖြစ်ပါ။ ထိုလုပ်ငန်း၏အုပ်ချုပ်မှုအပိုင်းတွင် ယခင်စစ်အရာရှိဟောင်း အများအပြားပါဝင်ပြီး မြန်မာစစ်တပ်သည် ကျောက်မျက်ကဏ္ဍတွင် အကျိုးစီးပွားများစွာ ပါဝင်နေပါသည်။[88]  အဆိုပါအကျိုး စီးပွားဆန့်ကျင်မှုများအားတိုးပွားစေလျက် ၂၀၁၆ ခုနှစ်မြန်မာ့ကျောက်မျက်ဥပဒေအား ပြင်ဆင်ချက်များတွင် ကျောက်မျက် များအား လိုင်စင်ထုတ်ပေးခြင်း၊ တန်ဖိုးဖြတ်ခြင်းနှင့် အခွန်ကောက် ခံခြင်းတို့နှင့်ပတ်သက်ပြီး အစိုးရအားအကြံဉာဏ်ပေးရန် တာဝန်ရှိသောအဖွဲ့ဖြစ်သည့် ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီ၏ နေရာသုံးနေရာကို နိုင်ငံတွင်းကျောက်မျက် ကဏ္ဍတွင် ထိပ်တန်းအဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းထံ ခွဲဝေသတ်မှတ်ပေးခဲ့ ပါသည်။[89]

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏နှစ်ပေါင်းများစွာတာဝန်ခံမှုနှင့် စွမ်းဆောင်ရည်မရှိခြင်းတို့သည်မြန်မာနိုင်ငံ၏ကျောက်မျက်ကဏ္ဍကိုအားနည်း စေသော်လည်း ၂၀၁၅ခုနှစ်ရွေးကောက်ပွဲရလဒ်များသည် အဆိုပါလုပ်ငန်း၏အခန်းကဏ္ဍ အား ပြန်လည်သုံးသပ်ရန် ယခင်ကမရရှိဖူးသော အခွင့်အလမ်းများဖန်တီးပေးပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော အစိုးရအသစ်သည် လိုင်စင်ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းထားပြီး ကျောက်မျက် လုပ်ငန်းကဏ္ဍအား ပြုပြင်ပြောင်းလဲရန်ကတိကဝတ်များ ပြုထားပါသည်။[90]  ထိရောက်သောပြုပြင် ပြောင်းလဲမှုဖြစ်ပေါ်ရန် ကျောက်မျက်ကဏ္ဍအပေါ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း၏ လွှမ်းမိုးမှုအား ကိုင်တွယ်ဖြေရှင်းခြင်း ရှိ၊ မရှိနှင့် မည်ကဲ့သို့ကိုင်တွယ်ဖြေရှင်းမည်ဟူ သောအချက်အပေါ် တစ်စိတ်တစ်ပိုင်းမူတည်နေပါသည်။

## လေ့လာမှု - ပါကစ္စတန်နိုင်ငံ

Pakistan’s ပါကစ္စတန်နိုင်ငံ၏ များပြားသော ကျောက်မျက်သိုက်များသည် နိုင်ငံ၏ မြောက်ပိုင်းတွင်အများစုတည်ရှိကြပြီး နီလာ၊ ပတ္တမြား၊ မြနှင့် အခြား အဖိုးတန် ကျောက်မျက်အမျိုးအစားများ ထွက်ရှိပါသည်။ အဖိုးတန်ကျောက်မျက်များ ရှာဖွေရန်၊ ထုတ်လုပ်ရန်နှင့် စျေးကွက်တင်ရောင်းချရန် အလို့ငှာ ပါကစ္စတန်နိုင်ငံ၏ ပထမဦးဆုံးနိုင်ငံပိုင် လုပ်ငန်းဖြစ်သည့် ပါကစ္စတန် ကျောက်မျက်ကော်ပိုရေးရှင်း(GEMCEP)ကို ၁၉၇၄ခုနှစ်တွင်တည် ထောင်ခဲ့ပါသည်။[91] GEMCEPသည် တစ်စိတ်တစ်ပိုင်းသာ အောင်မြင်မှုရရှိကာ ၁၉၉၀ပြည့်နှစ်များတွင် ပြိုကွဲသွားခဲ့ပြီး ကျောက်မျက်ကဏ္ဍ၏ ရှာဖွေတူးဖော်ထုတ်လုပ်မှု အပိုင်းတွင် ပုဂ္ဂလိကကုမ္ပဏီများအား စတင်လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါသည်။

၂၀၀၆ခုနှစ်တွင် USAIDကပံ့ပိုးထားသော ညွှန့်ပေါင်းမဟာဗျူဟာလုပ်ငန်းအဖွဲ့သည် အဓိကအားဖြင့်အသေးစားနှင့်နည်းပညာ နိမ့်သော ပါကစ္စတန်နိုင်ငံ၏ကျောက်မျက်ကဏ္ဍသည် “နိုင်ငံတကာကျောက်မျက်စျေးကွက်ကို ထိုးဖောက်နိုင်စွမ်းမရှိကြောင်း” လေ့လာတွေ့ရှိခဲ့ပြီး ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍအား တဖန်ပြန်လည်စိတ်ဝင်စားစေခဲ့ပါသည်။ လေ့လာတွေ့ရှိရ သော အဓိကအတားအဆီးများတွင် သုတေသနလေ့လာမှု၊ ထုတ်ကုန် အဆင့်မြှင့်တင်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်း၊ နည်းပညာအဆင့်အတန်း နိမ့်ကျခြင်း၊ ကျောက်သွေးစက်များနှင့် ကျွမ်းကျင်မှုများ မဖွံ့ဖြိုးခြင်း၊ နိုင်ငံတကာတွင်စျေးကွက်ရှာဖွေခြင်းနှင့် ကြော်ငြာမှုအားနည်းခြင်း၊ ဒီဇိုင်း ရေးဆွဲနိုင်စွမ်းမဖွံ့ဖြိုးခြင်း၊ ကျောက်အမျိုးအစား ဖော်ထုတ်ခြင်းနှင့် အာမခံသတ်မှတ်ပေးခြင်းနည်း ပါးခြင်းနှင့် အာမခံတံဆိပ်ခပ်နှိပ်ပေးမှု မရှိခြင်းတို့ ပါဝင်ပါသည်။[92]

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအသစ်ဖြစ်သော ပါကစ္စတန်ကျောက်မျက်နှင့် လက်ဝတ်ရတနာဖွံ့ဖြိုးရေးကုမ္ပဏီ (PGJDC) အား လုပ်ငန်းအဖွဲ့များက ဖော်ထုတ်တင်ပြလာ သော “နည်းဗျူဟာ ကို အကောင်အထည်ဖော်ရန်နှင့် ကျောက်မျက်ကဏ္ဍအတွက် စျေးကွက်ရှာဖွေခြင်း၊ သုတေသနနှင့် နည်းပညာပံ့ပိုးမှုပေးရန်ရန်အလို့ငှာ အစိုးရဌာနတစ်ခုဖွဲ့စည်းရန် လိုအပ်ချက်အရ” ထိုနှစ်မှာပင် အကျိုးအမြတ် မရှာဖွေသော အစိုးရအဖွဲ့အစည်းအဖြစ်တည်ထောင်ခဲ့ပါသည်။[93] PGJDC သည် ကျောက်မျက် ကဏ္ဍတွင် နိုင်ငံပိုင်လုပ်ငန်းများ ကျင့်သုံးလာ သော ယခင်အတွေးအခေါ်များအား စိန်ခေါ်မေးခွန်းထုတ်ခဲ့ပြီး အခြားအလားတူ အဖွဲ့အစည်းများနှင့် မတူညီသည်မှာ ထိုကော် ပိုရေးရှင်းကို ပုဂ္ဂလိကကဏ္ဍမှအဖွဲ့ဝင်များက ပူးတွဲ၍စီမံခန့်ခွဲပြီး အချောထည် ထုတ်လုပ်မှုအစား ရှာဖွေတူးဖော်ထုတ်လုပ်မှု အပိုင်းကို အဓိကဆောင်ရွက်ပြီး ၎င်း၏ကုန်ကျစရိတ်များအားကာမိအောင် ဝင်ငွေရရှိခြင်း မရှိသည့် အကျိုးအမြတ်မရှာဖွေ သည့် အဖွဲ့အစည်းအဖြစ် လုပ်ငန်းများကို ဆောင်ရွက်ပါသည်။

စက်မှုလုပ်ငန်းများနှင့်ထုတ်လုပ်ရေးဝန်ကြီးဌာန (MOIP) က ၈၇.၄ရာခိုင်နှုန်းနှင့် ပါကစ္စတန်စက်မှုဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (PIDC) က ၁၂.၆ ရာခိုင်နှုန်း ပိုင်ဆိုင်သော PGJDC၏ ရည်ရွယ်ချက်များတွင် ထုတ်လုပ်မှုအဆင့်ဆင့်၌ကုန်ထုတ်စွမ်းအား မြှင့်တင်ရန်၊ စျေးကွက်ရှာဖွေခြင်းနှင့် ကြော်ငြာခြင်းပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်စေမည့် မူဝါဒများအားကောင်းအောင်ပြုလုပ်ရန်၊ လုပ်အား ဖွံ့ဖြိုးရေးနှင့် တီထွင်နိုင်စွမ်းများတွင် ရင်းနှီးမြှုပ်နှံရန်နှင့် ကျောက်မျက် ကဏ္ဍနှင့်သက်ဆိုင်သော အစိုးရရုံးဌာနများ၏ စွမ်းဆောင်ရည်ကို အားကောင်းအောင်ပြုလုပ်ရန်တို့ပါဝင်ပါသည်။ အဆိုပါ ကော်ပိုရေးရှင်း၏ ဖွဲ့စည်းပုံအရ ၎င်း၏လုပ်ပိုင်ခွင့်နှင့်အညီ အစိုးရအဖွဲ့အစည်းများ အကြား ညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါသည်။ MOIP နှင့် PIDC အပြင် ထိုကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့တွင် ပါကစ္စတန်ကုန်သွယ်မှုဖွံ့ဖြိုးရေး အာဏာပိုင်အဖွဲ့ (TDAP) နှင့် အသေးစားနှင့် အလတ်စားစီး ပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးအာဏာပိုင် (SMEDA) တို့ပါဝင်ကြပါသည်။ သတ္တုတွင်း များနှင့် တွင်း ထွက်များဖွံ့ဖြိုးရေးဦးစီးဌာနမှ အတွင်းရေးမှူးနှင့် ဒေသတစ်ခုစီမှ ကျောက်မျက်ထုတ်လုပ်ခြင်း သို့မဟုတ် စျေးကွက် ရှာဖွေခြင်း အထူးပြုဆောင်ရွက်သော စီးပွားရေးသမားတစ်ဦးအပါအဝင် ဒေသန္တရအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ လည်း စုံစုံလင်လင်ကိုယ်စားပြုပါဝင်ကြပါသည်။[94]

စတင်ဖွဲ့စည်းကတည်းက PGJDCသည်အာမခံတံဆိပ်ခပ်နှိပ်ခြင်းအက်ဥပဒေနှင့် ကျောက်မျက်တင်ပို့ခြင်းအတွက် မဟာဗျူဟာ အစီအစဉ် တစ်ရပ်အပါအဝင် ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍအတွက် မူဝါဒအသစ်များရေးဆွဲရာတွင် ဦးဆောင်ခဲ့ပါ သည်။[95] ကျောက်မျက်ရောင်းဝယ်ရေးဌာနတည်ထောင်ခြင်း၊ Karachi နှင့် Lahore မြို့များတွင်စစ်ဆေးခြင်းနှင့်အာမခံတံဆိပ် ခပ်နှိပ်ခြင်းဆိုင် ရာဌာနများထားရှိခြင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ ကျောက်မျက်နှင့်လက်ဝတ်ရတနာပြပွဲများကျင်းပခြင်းနှင့် ပါကစ္စတန်နိုင်ငံအား ဒေသတွင်းကျောက်မျက်ဆိုင်ရာ ဗဟိုဌာနတစ်ခုဖြစ်လာအောင် ဖော်ဆောင်ခြင်းတို့ဖြင့် ကျောက်မျက် ရောင်းဝယ်ရေး အားမြှင့်တင်ရန်နှင့် တရားဝင်ဖြစ်စေရန်လည်း လုပ်ဆောင် ခဲ့ပါသည်။ ၂၀၁၅ခုနှစ် တစ်နှစ်တည်းတွင် Karachi ၊ Lahore ၊ Gilgit ၊ Peshawar ၊ Quetta ၊ Sargodha နှင့် Muzaffarabad မြို့များရှိ PGJDC က ဦးစီးဖွင့်လှစ်သော လေ့ကျင့်ရေး သင်တန်းကျောင်းများကို ကျောင်းသားပေါင်း ၆၃၃ဦးတက်ရောက်ခဲ့ကြပါသည်။[96] မကြာသေးမီက ပြုလုပ်သော ဆန်းစစ်ချက်အရ အဆိုပါသင်တန်းကျောင်းများ တက်ရောက်ခဲ့သောကျောင်းသားများ၏ ခန့်မှန်းခြေ ၆၀ရာခိုင်နှုန်းလောက် သည် PGJDCမှတဆင့်လေ့ကျင့်တတ်မြောက်လာသောအတတ်ပညာများကိုအသုံးပြုပြီး ကျောက်မျက်နှင့်လက်ဝတ်ရတနာ ကဏ္ဍတွင် အလုပ်အကိုင် ရရှိကြောင်း သို့မဟုတ် အခြားနည်းဖြင့် စီးပွားရေးအကျိုးအမြတ်ရှာဖွေနိုင်ကြောင်း ဖော်ပြထား ပါသည်။[97]

အခြားနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်မတူဘဲ PGJDC အတွက် ရန်ပုံငွေ၏ ၉၀ရာခိုင်နှုန်းကျော်ကို နှစ်စဉ်အသုံးစရိတ်လျာ ထားချက်များမှရရှိပါသည်။ ဤကဲ့သို့ငွေကြေးအရ မှီခိုမှုရှိနေသဖြင့် ၎င်း၏လုပ်ငန်းဆောင်ရွက်မှုများမှအကျိုးအမြတ်များ ပိုမို ရရှိအောင်ဆောင်ရွက် ရန်မက်လုံးများနည်းပါးပြီး နိုင်ငံရေးအရဦးစားပေးဆောင်ရွက်မှုများပြောင်းလဲမှု၏ သက်ရောက်မှုကို အလွယ်တကူခံစားရနိုင်ပါသည်။ တစ်ဖက်တွင်လည်းဤကဲ့သို့သောငွေကြေး အရမှီခိုသောနည်းလမ်းကြောင့်ကုမ္ပဏီအနေဖြင့် ၎င်း၏လုပ်ငန်းတာဝန်များအား ပိုမိုလွတ်လပ်စွာဆောင်ရွက်နိုင်ပါသည်။ PGJDCသည် ၎င်း၏အုပ်ချုပ်မှု၊ လုပ်ဆောင်မှုများနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုများစွာရှိပါသည်။ ထိုကုမ္ပဏီသည်လိုက်နာရမည့် ကျင့်ဝတ်ကို သတ်မှတ်ထားရှိပြီး စာရင်းစစ်ထားသော ဘဏ္ဍာရေးရှင်းတမ်းများပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ထုတ်ပြန်ပါသည်။ ပါကစ္စတန်နိုင်ငံဥပဒေအရ ထိုကုမ္ပဏီသည် ၂၀၁၃ခုနှစ် နိုင်ငံပိုင်ကုမ္ပဏီများ (အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်မှုစနစ်) နည်းဥပဒေ များအား လိုက်နာဆောင်ရွက်ကြောင်း ပြသရန်လည်း လိုအပ်ပါသည်။[98]


တစ်ကမ္ဘာလုံးတွင် ကျောက်မျက်ကဏ္ဍသည် အကျိုးမျှော်ကိုးလက်သိပ်ထိုးဝါဒကျင့်သုံး လေ့ရှိပြီး ပါကစ္စတန်နိုင်ငံသည်လည်း အလားတူပင် ဖြစ်ပါသည်။[99] ကြီးမားသောစိန်ခေါ်မှုများရှိနေသည့်တိုင် PGJDC အား ယင်းမတိုင်ခင်ရှိခဲ့သော GEMCEP ကုမ္ပဏီအပါအဝင် အခြားနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင်တွေ့ရသည့် လုပ်ပိုင်ခွင့်အာဏာရောထွေးနေမှုများနှင့် အကျိုး စီးပွားဆန့်ကျင်မှုများစွာကို လျှော့ချနိုင်အောင် ဖွဲ့စည်းထားပုံပေါ်ပါသည်။ ထိုအချက်ကြောင့် အခြားသောနိုင်ငံများအနေဖြင့် အစိုးရအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲရာတွင် ကျောက်မျက်ကဏ္ဍတွင် အလားတူအဖွဲ့အစည်းများအကြား သက်တမ်း အနုဆုံးဖြစ်သောပါကစ္စတန်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအား လေ့လာကြည့်နိုင်ပါသည်။

# (၃)-ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ အား ဆုံးဖြတ်ခြင်း

သယံဇာတအရင်းအမြစ်တူးဖော်ထုတ်ယူမှုသည် အစိုးရအတွက်အခွန်ဝင်ငွေများစွာရရှိစေပြီး အဆိုပါဝင်ငွေအား စနစ်တကျ စီမံခန့်ခွဲပါက အကျိုးရှိသောရင်းနှီးမြှုပ်နှံမှုများ၊ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးခြင်းနှင့် ကောင်းမွန်သောမက်ခရိုစီးပွား ရေး စီမံခန့်ခွဲမှုအား အထောက်အကူ ဖြစ်စေနိုင်ပါသည်။ ဘော့ဆွာနာနိုင်ငံ (အခန်း ၅ ကို ကြည့်ပါ)နှင့် ဇမ်ဘီယာနိုင်ငံ (မိတ်ဆက်ကို ကြည့်ပါ)စသော နိုင်ငံအနည်းငယ်တွင် ကျောက်မျက်တူးဖော်ခြင်းမှဝင်ငွေများစွာ ရရှိသော်လည်း အခြားနိုင်ငံမှ အစိုးရများနှင့် ဒေသခံပြည်သူများသည် ၎င်းတို့အနေဖြင့် မျှတသောအမြတ်ဝေစုရရှိခြင်းမရှိကြောင်းထင်မြင်ယူဆကြပါသည်။

ထိုကဲ့သို့ထင်မြင်ယူဆချက်သည် ကျောက်မျက်လုပ်ငန်း၏ ဝင်ငွေအလားအလာအား အမှန်တကယ်ရှိသည်ထက်ပိုမို၍ မှားယွင်းစွာ မျှော်မှန်းထားခြင်းများ ကြောင့်လည်း တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ လက်လီရောင်းချရမှုများသည် ဒေါ်လာဘီလျံ နှင့်ချီနေသော်လည်း ရောင်စုံကျောက် မျက်များသည် အဆိုပါတန်ဖိုး၏ သုံးပုံတစ်ပုံလောက်သာဖြစ်ပါသည်။ (ကျန်တန်ဖိုးမှာ စိန်နှင့်အဖိုးတန်သတ္တုများမှလာပါသည်။) ကျောက်မျက် မူရင်းထွက်ရှိသောနိုင်ငံများ၌ အခွန်တွက်ချက်ကောက်ခံမှုအခြေခံ (Tax Base) သည် ပိုမိုနည်းပါးနေဆဲဖြစ်ပြီး ကျောက်အများစုကို အကြမ်း ထည်အဆင့်တွင်တန်ဖိုးဖြတ်သဖြင့် ၎င်းတို့၏တန်ဖိုး သည် သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်းတို့အားဆောင်ရွက်ပြီးသည့် အခါထက်စာလျှင် ခန့်မှန်းခြေ အားဖြင့် ပျမ်းမျှ ၅၇ ရာခိုင်နှုန်းလောက် ပို၍နည်းပါသည်။[100]

## ပုံ ၈ - ကျောက်မျက် Value Chain တစ်ခုလုံးတွင် တန်ဖိုးမြှင့်တင်ခြင်းဆိုင်ရာသာဓက[101]



ဤအချက်အားထည့်သွင်းစဉ်းစားသည့်တိုင် နည်းပါးသောအခွန်ကောက်ခံမှုနှုန်းထားများ သို့မဟုတ် ထုတ်လုပ်မှုအားမှောင်ခို ရောင်းဝယ်ခြင်း နှင့် လျှော့ပေါ့အစီရင်ခံခြင်းတို့ ကြောင့် နိုင်ငံအတော်များများသည် ရရှိသင့်သောဝင်ငွေများအား မရရှိဘဲဆုံးရှုံး နေကြောင်း ယုံကြည်ရလောက်သည့်အထောက်အထားများရှိပါသည်။ ပိုမိုအားကောင်းသောစောင့်ကြပ်စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းနှင့်တစ်ဆက်တည်းမှာပင် မှုတသောဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ ပြုလုပ်ခြင်းသည် နိုင်ငံများအတွက်အခွန်ကောက်ခံရာတွင် အထောက်အကူဖြစ်စေနိုင်ပါသည်။

## ကုမ္ပဏီများကျောက်မျက်တူးဖော်မှုမှ ဝင်ငွေကောက်ခံရရှိခြင်း

အစိုးရသည် ပုံမှန်အားဖြင့် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများထံမှ အောက်ပါစနစ်နှစ်ရပ်အရ ဝင်ငွေကောက်ခံရရှိပါသည် -

- အခွန်နှင့် ရတနာခွန်ကောက်ခံမှုစနစ် တွင် အမြတ်အပေါ်အခြေခံသောအခွန်ကောက်ခံရရှိမှု(များသောအားဖြင့် ကုမ္ပဏီ ဝင်ငွေခွန်)နှင့်ထုတ်လုပ်မှုအပေါ်အခြေခံသောအခွန်ကောက်ခံရရှိမှု(ရတနာခွန်)တို့ပါဝင်ပါသည်။ ထိုကောက်ခံမှုနှစ်ရပ် တွင် ရတနာခွန်များသည် ပိုမိုခိုင်မာသောဝင်ငွေရလမ်းအဖြစ်ယူဆကြပြီး ကုမ္ပဏီဝင်ငွေခွန်အား ထုတ်လုပ်မှုစက်ဝန်း နှောင်းပိုင်းလောက်ရောက်မှသာကောက်ခံရရှိသည့်အပြင် စာရင်းစစ်ဆေးရန်ပိုမိုခက်ခဲပြီးကင်းလွတ်ခွင့်များရှိနိုင်ပါသည်။ နိုင်ငံအများစုတွင် ကျောက်မျက်ရတနာ ခွန်များအား ad valorem စနစ် သို့မဟုတ် တူးဖော်ရရှိသောကျောက်မျက် စုစုပေါင်းတန်ဖိုး၏ ရာခိုင်နှုန်းတစ်ခုအပေါ်အခြေခံသော စနစ်ဖြင့် တွက်ချက်ပါသည်။[102] နိုင်ငံများအကြား ကြီးမားသော ကွဲပြားမှုရှိသော်လည်း စီးပွားဖြစ်တူးဖော်သော ကျောက်မျက်များ အတွက် ရတနာခွန်နှုန်းထားများသည် ပုံမှန်အားဖြင့် ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြားမှာရှိပါသည်။
- အစိုးရများသည် ပုဂ္ဂလိကကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းသဘောတူညီချက်များ (Joint Venture Agreements) လည်း ပြုလုပ်နိုင်ကြပြီး အဆိုပါသဘောတူညီချက်များသည် တာဝန်ဝတ္တရားများနှင့် ကျောက်မျက်တူးဖော်ခြင်းမှရရှိသောအကျိုး အမြတ်များအား ခွဲဝေသတ်မှတ်ပေးပါသည်။ နိုင်ငံတော်၏ရှယ်ယာပိုင်ဆိုင်မှုအား "ထည့်ဝင်ခြင်း" (နိုင်ငံတော်က ၎င်း၏ ရှယ်ယာအတွက် ကုမ္ပဏီအား တိုက်ရိုက်ပေးချေခြင်း) သော်လည်းကောင်း၊ "သယ်ယူလာခြင်း"(နိုင်ငံတော်၏ရှယ်ယာ ပါဝင်မှုအတွက် တဖြည်းဖြည်းချင်းပြန်လည် ပေးချေခြင်းဖြစ်ကာ ဥပမာ ရှယ်ယာထည့်ဝင်မှုအတွက် အနာဂတ်တွင်ရရှိ မည့် အမြတ်အစွန်းဖြင့် ပေးချေခြင်း) သော်လည်းကောင်း၊ သို့မဟုတ် "လွတ်လပ်စွာပိုင်ဆိုင်ခြင်း" (မည်သည့်ပေးချေ မှုမျှမပြုလုပ်ဘဲ နိုင်ငံတော်က ရှယ်ယာထည့်ဝင်ခြင်း)သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ များသောအားဖြင့် အစိုးရ များသည် ဖက်စပ်လုပ်ငန်းများထံမှ ဝင်ငွေကို အမြတ်ဝေစု နှင့်/သို့မဟုတ် နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုမှရရှိသော အမြတ်အစွန်းများအဖြစ်ရရှိပါသည်။ ဖက်စပ်လုပ်ငန်းများတွင်ပါဝင်သောကုမ္ပဏီများသည် ယေဘုယျအားဖြင့် သက်ဆိုင် သော အခွန်များနှင့်ရတနာခွန်များပေးရသော်လည်း အချို့နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများအား စွဲဆောင်သော နည်းလမ်း အဖြစ် အခွန်ကင်းလွတ်ခွင့်များ သို့မဟုတ် အခြားကင်းလွတ်ခွင့် များပေးထားပါသည်။.


## ဇယား ၁ - ရွေးချယ်ထားသောနိုင်ငံများတွင် ကုမ္ပဏီများ၏ ကျောက်မျက်တူးဖော်ရေးစီမံကိန်းများအတွက် အဓိကဘဏ္ဍာရေးသတ်မှတ်ချက်များအား နှိုင်းယှဉ်ခြင်း[103]

| နိုင်ငံ | ကုန်ပစ္စည်းနှင့် ကုမ္ပဏီ/ စီမံကိန်းအမည် (ရှိလျှင်) | ရတနာ ခွန်နှုန်း (%) | ကုမ္ပဏီဝင်ငွေ ခွန်နှုန်း (%) | နိုင်ငံတော်၏ ရှယ်ယာ ပါဝင်မှု (%) | နိုင်ငံတော်၏ ထုတ်လုပ်မှု ဝေစု (%) | နိုင်ငံတော်၏ အမြတ် ဝေစု (%) |
|---|---|---|---|---|---|---|
| ဘော့ဆွာနာနိုင်ငံ | စိန် (Debswana) | ၁၀ | ၂၂ | ၅၀ | ၀ | ၈၀.၈ |
| ကိုလံဘီယာနိုင်ငံ | မြ (အထွေထွေ) | ၁.၅ | ၂၅ | ၀ | ၀ | ၀ |
| မာလာဝီနိုင်ငံ | ပတ္တမြားနှင့် နီလာ (Nyala) | ၁၀ | ၃၅ | ၁၀ | ၀ | ၀ |
| မိုဇမ်ဘစ်နိုင်ငံ | ပတ္တမြား (Montepuez) | ၆ | ၃၂ | ၀ | ၀ | ၀ |
| မြန်မာနိုင်ငံ | ကျောက်စိမ်း (အထွေထွေ) | ၂၀ | ၂၅ | ၀ | ၂၅ | ၀ |
| ဆီရာလီယွန်နိုင်ငံ | စိန် (Koidu) | ၆.၅ | ၂၅ | ၀ | ၀ | ၁၀ |
| တန်ဇန်နီးယား | တန်ဇန်နိုက် ကျောက် (TanzaniteOne) | ၅ | ၃၀ | ၅၀ | ၀ | ၅၀ |
| နိုင်ငံ | တန်ဇန်နိုက် (TanzaniteOne) | ၅ | ၃၀ | ၅၀ | ၀ | ၅၀ |
| ဇမ်ဘီယာနိုင်ငံ | မြ (Kagem) | ၉ | ၃၀ | ၂၅ | ၀ | ၀ |

အခြားအတွေ့ရများသော တိုက်ရိုက်ဝင်ငွေရရှိမှုပုံစံများတွင် လက်မှတ်ရေးခြင်းအတွက်ဆုကြေးများ၊ (လိုင်စင်ထုတ်ပေးခြင်း၊ ကြီးကြပ်ပေးခြင်း သို့မဟုတ် အခြားအစိုးရဝင်ဆောင်မှုများအတွက်)ဝန်ဆောင်ခများနှင့်မြေနေရာငှားရမ်းခ (ကျောက်မျက်တူးဖော်သော နယ်မြေများတွင်တစ်ဧက နှုန်းဖြင့် ကောက်ခံသောအခွန်ဖြစ်ပြီး အလယ်အလတ်နှုန်းထားများသည် တွင်းထွက်သယံဇာတများတူးဖော်ခြင်းအားအလျှင်အမြန်ဆောင်ရွက် ရန် တွန်းအားဖြစ်စေသည့်အပြင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့အမှန်တကယ်လိုအပ်သောမြေထက် ပို၍ငှားရမ်းထားခြင်းကိုလည်း လျော့ကျစေ နိုင်ပါသည်) တို့ပါဝင်ပါသည်။[104]

အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နိမ့်ခြင်းနှင့် ပွင့်လင်းမြင်သာမှုနည်းပါးခြင်းသည် မရိုးသားသောကုမ္ပဏီများအနေဖြင့် မျှတမှုမရှိသော လုပ်ငန်းဆိုင်ရာသဘောတူညီချက်များ ညှိနှိုင်းပြုလုပ်ရန် အခွင့်အလမ်းများပေးပါသည်။ ကျောက်မျက်ထုတ်လုပ်သောနိုင်ငံအတော်များများတွင် သယံဇာတများအားရယူရန်နှင့် ပိုမိုသက်သာသောအခွန်နှုန်းထားများရရှိရန် လာဘ်ထိုးခြင်း သို့မဟုတ် အခြားမျက်နှာသာပေးခြင်းများသည် လူတစ်ဦးချင်းစီ၏ အိတ် ကပ်ထဲသို့သာရောက်ရှိသွားပြီး အများပြည်သူအတွက်သုံးစွဲနိုင်မည့်ရန်ပုံငွေအားလျော့နည်းသွားစေပါသည်။ ပွင့်လင်းမြင်သာမှုမရှိသောလုပ်ငန်းဆိုင်ရာသဘောတူညီမှုများ ပြုလုပ်ခြင်းအား ဖွံ့ဖြိုးစ နိုင်ငံများတွင်သာ မြင်တွေ့ရသည်မဟုတ်ဘဲ ဥပမာ ကနေဒါနိုင်ငံမှ Ontario ပြည်နယ်တွင် ပြည်တွင်းမီဒီယာအဖွဲ့တစ်ခုက ဖွင့်ဟကြေညာခြင်း မပြုရေးအပိုဒ်အရ လျှို့ဝှက် ထားသည့် De Beers ကုမ္ပဏီက အစိုးရသို့ပေးသော စိန်ရတနာခွန်ပေးချေမှုများကို ဖော်ထုတ်ခဲ့ရာ ၂၀၁၄ခုနှစ်တွင် ကနေဒါ ဒေါ်လာ ၂၂၆ (အမေရိကန်ဒေါ်လာ ၂၀၆) သာရှိခဲ့ပါ သည်။[105] တစ်ဖက်မှာလည်း အခွန်နှုန်းထားများ မြင့်မားစွာသတ်မှတ် ပါက ထုတ်လုပ်မှုအား လျှော့ပေါ့အစီရင်ခံခြင်းကိုအား ပေးရာရောက်နိုင်ပါသည်။ တန်ဖိုးဖြတ်ရာတွင်ကြုံတွေ့ရသော အခက်အခဲများကြောင့် ကျောက်မျက်ဆိုင်ရာကိန်းဂဏန်းများအား အလွယ်တကူခြယ်လှယ်ပြောင်းလဲလို့ ရနေပါသည်။ (အခန်း ၄ ကို ကြည့်ပါ။)

## ပုံ ၉ - ရွေးချယ်ထားသောနိုင်ငံများတွင် ကျောက်မျက်အကြမ်းထည်များအပေါ် ကောက်ခံသော ad valorem ရတနာခွန် နှုန်းထားများအား နှိုင်းယှဉ်ခြင်း[106]



## နိုင်ငံသားကျောက်မျက်တူးဖော်မှုအပေါ် အခွန်များကောက်ခံခြင်း

နိုင်ငံသားတူးဖော်မှု၏ ပြန့်ကျဲပြီး စနစ်တကျမရှိသော သဘောသဘာဝနှင့် အသေးစားတူးဖော်သူများ၏ ပုံမှန်အားဖြင့် နိမ့်ကျသော ဆောင်ရွက်နိုင်စွမ်းတို့သည် အခွန်စည်းကြပ်ကောက်ခံရာတွင် ကြီးမားသောအတားအဆီးများ ဖြစ်ပေါ်စေပါသည်။ နိုင်ငံသားတူးဖော်သူများအပေါ် အခွန်စည်းကြပ်ကောက်ခံခြင်းသည်ပင်လျှင် ကုန်ကျစရိတ်များပြီး ထိရောက်မှုမရှိသဖြင့် နိုင်ငံအများစုတွင် နိုင်ငံသားများတူးဖော်ရရှိသော ကျောက်မျက်များအတွက် ရတနာခွန်များကို ရောင်းချသော သို့မဟုတ် ပြည်ပသို့တင်ပို့သောအခါမှသာ စည်းကြပ်ကောက်ခံကြပါသည်။

နိုင်ငံသားကျောက်မျက်တူးဖော်မှုအတွက်ကောက်ခံသောရတနာခွန်များသည် ကုမ္ပဏီများကျောက်မျက်တူးဖော်ခြင်းအတွက် ကောက်ခံမှုထက် များစွာပိုမိုနည်းပါးပြီး နိုင်ငံအတော်များများတွင်နှုန်းထားများသည်ad valorem စနစ်ဖြင့် ၁နှင့်၃ရာခိုင်နှုန်းကြားရှိကြပါသည်။ ဆီရာလီယွန်နိုင်ငံ နှင့် ဂိုင်ယာနာနိုင်ငံများတွင် ကြုံတွေ့ရသောအတွေ့အကြုံများက ရတနာကောက်ခံမှုနည်းလမ်းများအားဆုံးဖြတ်ရာတွင် အစိုးရများအနေဖြင့် ရင်ဆိုင်ရသောကောင်းကျိုး၊ ဆိုးကျိုးချိန်ကိုက်ရမှုများအား ဖော်ပြ ထားပြီး ပိုမိုမြင့်မားသောနှုန်းထားများသတ်မှတ်ခြင်းဖြင့် ကျောက်မျက်တစ်တုံး လျှင် ဝင်ငွေကောက်ခံရရှိမှုပိုမို ရရှိမည်ဖြစ် သော်လည်း လျှော့ပေါ့အစီရင်ခံခြင်းကို အားပေးရာရောက်နိုင်ကာ နိမ့်သောနှုန်းထား သတ်မှတ်ပြန်တော့လည်း အခွန် ကောက်ခံမှုအခြေခံ (Tax Base)အား တိုးချဲ့ရန်အလို့ငှာ ကျောက်မျက်တန်ဖိုး၏ရာခိုင်နှုန်းအချို့ကို စွန့်လွှတ်ရပါသည်။

Value-added အခွန်များ သို့မဟုတ် ဝယ်ယူမှုအပေါ်အခြေခံသော အခွန်များစသည့် အခြားဝင်ငွေကောက်ခံမှုပုံစံများသည် နိုင်ငံသားတူးဖော် သူများက ဖန်တီးလိုက်သောတန်ဖိုးများအပေါ် ပိုမိုထိရောက်စွာ အမိအရကောက်ခံနိုင်ပါသည်။ အဆိုပါကောက်ခံမှုများသည် ရတနာခွန်များ သို့မဟုတ် ဝင်ငွေခွန်များစည်းကြပ်ကောက်ခံရာတွင် ကျသင့်သောကုန်ကျစရိတ်များနှင့် ကြုံတွေ့ရသောစိန်ခေါ်မှုများအား လျှော့ချနိုင်ပါက ကျင့်သုံးရန် စွဲဆောင်မှုရှိသော်လည်း အဆိုပါအခွန်များ၏ သွယ်ဝိုက်သောသဘာဝသည် ကျောက်မျက်လုပ်ငန်းကဏ္ဍမှ အများပြည်သူအသုံးစရိတ်များအတွက် ထည့်ဝင်နေမှုအား တိတိကျကျ ဆန်းစစ်ရန် ခက်ခဲစေနိုင်ပါသည်။

#### နိုင်ငံသားစိန်တူးဖော်မှုအပေါ် အခွန်ကောက်ခံခြင်း - ဂိုင်ယာနာနိုင်ငံနှင့် ဆီရာလီယွန်နိုင်ငံ

| ဆီရာလီယွန်နိုင်ငံ | ဂိုင်ယာနာနိုင်ငံ |
|---|---|
| ဆီရာလီယွန်နိုင်ငံတွင် ကုန်သည်များသည် နိုင်ငံသားများတူး ဖော်ထားသော စိန်များအတွက် (ပို့ ကုန်ဆိုင်ရာအခွန်အဖြစ် တရားဝင်အမျိုးအစားသတ်မှတ်ထားသော) ရတနာခွန်များ အား ပြည်ပသို့တင်ပို့သည့်အဆင့်တွင် ပေးဆောင်ပါသည်။ ဆီရာလီယွန်နိုင်ငံ၏ ၂၀၀၉ခုနှစ် သတ္တုတွင်းများနှင့် တွင်းထွက်များအက်ဥပဒေတွင် ad valorem စနစ်ဖြင့် ကောက်ခံသော ရတနာခွန်နှုန်းထားအား ပုံမှန် ၆.၅ရာခိုင်နှုန်း နှင့် အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ကျော် တန်ဖိုးဖြတ်ထား သော ကျောက်များအတွက် ad valorem "အထူးအခွန်" ၁၅ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားပါသည်။[107]<br><br>အဆိုပါအက်ဥပဒေအားပြဋ္ဌာန်းပြီး နောက် ဆီရာလီယွန်နိုင်ငံ ၏ စိန်တင်ပို့မှုသည် သိသိသာသာကျဆင်းခဲ့ပြီး စိန်အများစု အား နိုင်ငံအတွင်းမှ မှောင်ခိုထုတ်ယူကာ ရတနာခွန်နှုန်းထား ပိုမိုသက်သာသော အိမ်နီးချင်း လိုက်ဘေးရီးယားနိုင်ငံနှင့် ဂီနီနိုင်ငံများမှ တဆင့်ပြည်ပသို့ တင်ပို့ရောင်းချကြပါသည်။[108] ၂၀၁၁ခုနှစ်ရောက်သောအခါ အစိုးရက နိုင်ငံသားများတူး ဖော်ရရှိသောစိန်များအပေါ် ကောက်ခံသော ရတနာခွန်အား ၃ရာခိုင်နှုန်းအထိ နိမ့်ချသတ်မှတ်ပေးပြီး စိန်ရတနာခွန်များ အား လိုက်လျောညီထွေဖြစ်စေရန် အခြား Mano River Union တွင်ပါဝင်သော နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။[109] | ဂိုင်ယာနာနိုင်ငံတွင် စိန်များအပေါ် ရတနာခွန် ၃ရာခိုင်နှုန်း ကောက်ခံပြီး အဆိုပါ ၃ရာခိုင်နှုန်းသည် တစ်ကာရက်လျှင် အမေရိကန်ဒေါ်လာ ၇၅ ခန့်မှန်းစံတန်ဖိုးအပေါ် အခြေခံ ပါသည်။ နိုင်ငံသားတူးဖော်သူများက ရတနာခွန်များကို တူးဖော်ရရှိသည့်အဆင့်တွင်ပေးဆောင်ပါသည်။[110]<br><br>တန်ဖိုး၏ ရာခိုင်နှုန်းအလိုက်ကောက်ခံသော ad valorem စနစ်အစား တစ်ကာရက်လျှင် ၇၅ဒေါ်လာအပေါ်ကောက်ခံ သော ပုံသေနှုန်းထားဖြင့် အခွန်ဝင်ငွေကောက်ခံရရှိမှုအား တွက်ချက်သောကြောင့် ဂိုင်ယာနာအစိုးရအနေဖြင့် အလား အလာရှိသော အခွန်ဝင်ငွေများအား စွန့်လွှတ်ဆုံးရှုံးရပါ သည်။ သို့သော်လည်း လက်လုပ်လက်စား စိန်တူးသမား များအား စနစ်တကျမှတ်ပုံတင်ပြီး စောင့်ကြည့်သောစနစ်နှင့် ပေါင်းစပ်လိုက်သောအခါ ဂိုင်ယာနာနိုင်ငံ၏ ပုံသေနှုန်း ထားဖြင့် ကောက်ခံသော ရတနာခွန်နှုန်းထားများသည် ကျောက်များ တူးဖော်ရရှိမှုအား တိတိကျကျထုတ်ဖော်ကြေညာရန်နှင့် အခြား ကျောက်မျက်ထွက်ရှိသော နိုင်ငံအတော် များများထက်စာလျှင် အခွန်များကို ပိုမိုပေးဆောင်ရန် အားပေးပါသည်။[111] |

## အစိုးရများအနေဖြင့်ထည့်သွင်းစဉ်းစားရမည့်အချက်များ

အခွန်ကောက်ခံခြင်းသည် မြင်သာမှုအရှိဆုံးဖြစ်သော်လည်း နိုင်ငံများအနေဖြင့် ၎င်းတို့၏သယံဇာတပိုင်ဆိုင်မှုမှ အကျိုးအမြတ်ရရှိနိုင်သည့် နည်းလမ်းများထဲမှ တစ်ခုသာလျှင်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ၏ ပုံစံအား ဒေသ တွင်း အလုပ်အကိုင်ဖန်တီးပေးမှုနှင့် တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းအား အားပေးခြင်းစသည့် နိုင်ငံတော်၏ ဦးစားပေး ဆောင်ရွက်မည့်အချက်များနှင့်ယှဉ်တွဲ၍ စဉ်းစားသင့်ပါသည်။

ကျောက်မျက်ကဏ္ဍမှ ဝင်ငွေရရှိမှုကို တိုးမြှင့်လိုသောအစိုးရတစ်ရပ်အနေဖြင့် အခွန်များအား ထိရောက်စွာကောက်ခံနိုင်ရန် ဘဏ္ဍာရေး ဆိုင်ရာ သတ်မှတ်ချက်များအား ပြန်လည်သုံးသပ်ခြင်းနှင့် အခွန်စည်းကြပ်ကောက်ခံမှုစနစ်၏ ဆောင်ရွက်နိုင်စွမ်းအား လုံလောက်မှုရှိအောင် ဆောင်ရွက်ခြင်းနှစ်မျိုးလုံးကို ဆောင်ရွက်သင့်ပါသည်။ ကျောက်မျက်များအတွက် ဘဏ္ဍာရေး ဆိုင်ရာ မူဘောင်အား စစ်တမ်းကောက်ယူမှုတွင် အောက်ပါတို့အပါအဝင် အဆိုပါလုပ်ငန်းစဉ်များအတွက် သင်ယူလေ့လာ စရာများပေးသော မူများစွာတို့ကို မီးမောင်းထိုးဖော်ပြထားပါသည် -

- တိုက်ရိုက်နှင့် သွယ်ဝိုက်ကောက်ခံသောအခွန်များ၏ အကျိုးကျေးဇူးများအား နှိုင်းယှဉ်ခြင်း။ အခွန်ကောက်ခံခြင်းမှရရှိ သော တန်ဖိုးကို အခွန်စည်းကြပ် ကောက်ခံခြင်းစနစ်အား ထိရောက်စွာစီမံဆောင်ရွက်နိုင်ရန်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု နှင့် နှိုင်းယှဉ်၍ ဆန်းစစ်သင့်ပါသည်။ စုစုပေါင်းကျောက်မျက်တူးဖော်ထုတ်လုပ်မှု၏ ကြီးမားသောအစိတ်အပိုင်းသည် နိုင်ငံသားများ ကျောက်မျက်တူးဖော်မှုထံမှလာသောနိုင်ငံ များတွင်  အခွန်သွယ်ဝိုက်ကောက်ခံမှုပုံစံများသည် အထူးသဖြင့် အသုံးဝင်နိုင်ပါသည်။
- အခွန်ကောက်ခံမှုအခြေခံ (Tax Base) အား တိုးမြှင့်ခြင်း။ အခွန်များအား မှောင်ခိုရောင်းချခြင်း သို့မဟုတ် လျှော့ပေါ့ အစီရင်ခံခြင်း တို့ကြောင့် Value Chain ၏ ယိုစိမ့်မှုအနည်းဆုံးဖြစ်ပွားသောအဆင့်တွင် ကောက်ခံခြင်းသည် အကောင်း ဆုံးဖြစ်ပြီး အဆိုပါအဆင့်များသည် များသောအားဖြင့်လုပ်ငန်းဆောင်ရွက်သူ အရေအတွက်အနည်းဆုံးရှိသောအဆင့်များ ဖြစ်ကြပါသည်။ နိုင်ငံအများစုတွင် ကျောက်မျက်ဆိုင်ရာအခွန်များအား ကုမ္ပဏီများထံမှတူးဖော်ရရှိသည့်အဆင့်တွင် ကောက်ခံပြီး နိုင်ငံသားတူးဖော်သူများက တူးဖော်သောအခါ အရောင်းအဝယ်ထုတ်လုပ်ခြင်း ဘက်သို့ပို၍ရောက်သောအဆင့် များတွင် အခွန်ကို ကောက်ခံပါသည်။



တရုတ်နိုင်ငံ၊ ရင်ကျန်းခရိုင်မှ မော်ာင်ခိုဈေးကွက် တရုတ်ကုန်သည်တစ်ဦး ခန့်မှန်းခြေအနည်းဆုံး အမေရိကန်ဒေါ်လာ ၄၇,၇၇၇ ခန့်တန်ဖိုးရှိသော ကျောက်စိမ်းတုံးတစ်တုံးအား ဓာတ်မီးဖြင့်ထိုးကြည့်နေပုံ

ဓာတ်ပုံ - NRGI အတွက် မင်းဇေရာ

- မျှတသောနှုန်းထားများသတ်မှတ်ခြင်း။ အစိုးရများအနေဖြင့် အခွန်ကောက်ခံမှုတစ်ရပ်လုံးအား အများဆုံးရရှိစေပြီး ကျောက်မျက် လုပ်ငန်းကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်လည်း မထိခိုက်စေသော ရတနာခွန်နှင့်အခြားအခွန်နှုန်းထား များကို သတ်မှတ်သင့်ပါသည်။ နိုင်ငံတော်က ကျောက်မျက်ထုတ်လုပ်မှုကို ထိရောက်စွာ စောင့်ကြည့်စစ်ဆေးနိုင်သော အခြေအနေများထက်စာလျှင် အရေးယူဆောင်ရွက် နိုင်စွမ်းနည်းပါးသော အခြေအနေများတွင် အခွန်ထမ်းဆောင်ခြင်းကို အားပေးရန် နိမ့်သောအခွန်နှုန်းထားများ လိုအပ်ပါသည်။.
- ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှုပို၍ရှိစေခြင်း။ ပွင့်လင်းမြင်သာမှုရှိသောလိုင်စင်ထုတ် ပေးရေးလုပ်ငန်းစဉ်၊ သဘောတူ စာချုပ်များအား အများပြည်သူသိရှိနိုင်ရန်ထုတ်ဝေပေး ခြင်းနှင့် ကုမ္ပဏီ၏ ငွေပေးချေမှုများအား ဖွင့်ဟထုတ်ဖော်ခြင်း တို့သည် အခွင့်အာဏာလုပ် ပိုင်ခွင့်ကိုအသုံးချ၍ ကိုယ်ကျိုးစီးပွားရှာဖွေခြင်းပြုလုပ်မည့် အခွင့်အလမ်းများအား လျော့ကျ စေပြီး သယံဇာတ စီမံခန့်ခွဲမှုများတွင် နိုင်ငံသားများအနေဖြင့် ပိုမိုအရေးပါသောအခန်းက ဏ္ဍမှပါဝင်နိုင်စေပါသည်။ (အခန်း ၇ ကို ကြည့်ပါ။)
- ကြီးကြပ်အုပ်ချုပ်မှု အားကောင်းအောင်ဆောင်ရွက်ခြင်း။ အခွန်ဆိုင်ရာအာဏာပိုင်များ၏ စွမ်းဆောင်ရည်နှင့် နိုင်ငံတော်၏ တရား ဥပဒေစိုးမိုးရေးအား တည်ဆောက်ခြင်းသည် ကျောက်မျက်များနှင့် အခြားတွင်းထွက်အရင်းအမြစ်များမှ ရေရှည် အခွန်ကောက်ခံရရှိ မှုအား မြှင့်တင်ရာတွင် အရေးပါပါသည်။ အဝင်အထွက်လုံခြုံမှုမရှိသောနယ်စပ်များရှိ သည့် ဒေသများ တွင် မှောင်ခိုရောင်းဝယ်ခြင်းနှင့် အခွန်ရှောင်ခြင်းတို့ကို တိုက်ဖျက်ရန် နိုင်ငံတကာ၏ ပူးပေါင်းကူညီမှုပိုမိုလိုအပ်ပါသည်။

## ကျောက်မျက်မှကောက်ခံရရှိသော အခွန်ဝင်ငွေများအား စီမံခန့်ခွဲခြင်း

ကျောက်မျက်ထွက်ရှိသောနိုင်ငံများအတွက် အခွန်ကောက်ခံခြင်းသည် အဓိကစိုးရိမ်စရာကိစ္စရပ်တစ်ခုဖြစ်သော်လည်း ကောက်ခံရရှိသော အခွန်ဝင်ငွေအား နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်အထောက်အကူဖြစ်စေရန် ထိရောက်သောဘဏ္ဍာရေး ဆိုင်ရာ စီမံခန့်ခွဲမှုကလည်း တန်းတူ လိုအပ်ပါသည်။ အစိုးရသည် အောက်ပါနည်းလမ်းများအပါအဝင် ကောက်ခံရရှိသော ဝင်ငွေများအား မည်သို့မျှဝေသုံးစွဲမည်ကို သတ်မှတ်ခြင်းဖြင့် ကျောက်မျက်တူးဖော်ခြင်းမှ မည်သူတို့အကျိုးအမြတ်ရရှိသည့် အပေါ် အဆုံးအဖြတ်ပေးရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်ပါသည် -

### သယံဇာတရန်ပုံငွေများ

ကျောက်မျက်တူးဖော်ခြင်းမှ ဝင်ငွေအမြောက်အများကောက်ခံရရှိသောနိုင်ငံများအနေဖြင့် ရရှိသောအမြတ်များ၏ တစ်စိတ် တစ်ပိုင်းအား သယံဇာတရန်ပုံငွေများ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုပုံစံများဖြင့် ရင်းနှီးမြှုပ်နှံရန်စဉ်းစားသင့်ပြီး ထိုသို့ရင်းနှီး မြှုပ်နှံခြင်းသည် အစိုးရ၏ ငွေကြေးသုံးစွဲမှုအား လွယ်ကူအဆင်ပြေစေပြီး ကျန်းမာရေး သို့မဟုတ် ပညာရေးစသော ဦးစားပေး အသုံးစရိတ်များအတွက် အထောက်အကူ ဖြစ်စေကာ အနာဂတ်မျိုးဆက်သက်များအတွက်အကျိုးအမြတ်များကိုလည်း ထိန်း သိမ်းထားပေးနိုင်ပါသည်။[112] ဤနေရာတွင် ကိုက်ညီမှု အရှိဆုံး သာဓကတစ်ရပ်အဖြစ် ကျောက်မျက်ထုတ်လုပ်သော နိုင်ငံ များအကြား (၁၉၉၄ခုနှစ်တွင် တည်ထောက်ခဲ့သော) ဘော့ဆွာနာ နိုင်ငံ၏ Pula Fund သည် ၂၀၁၅ခုနှစ်တွင် ဘော့ဆွာနာ ငွေကြေး ၆၁.၂ ဘီလျံ (သို့မဟုတ် အမေရိကန်ဒေါ်လာ ၅.၉ဘီလျံ) စုစည်းရရှိခဲ့ ပါသည်။[113]

သို့သော်လည်း ဘော့ဆွာနာနိုင်ငံ၏ အုပ်ချုပ်ရေးမူဘောင်၏ အားနည်းချက်များကြောင့် အဆိုပါရန်ပုံငွေ၏ စွမ်းဆောင်ရည် ကျဆင်းခဲ့ခြင်း ဖြစ်နိုင်ပါသည်။ အဆိုပါရန်ပုံငွေသည် Santiago Principles များအား လိုက်နာဆောင်ရွက်မှု၌ အမှတ် ၁၀၀ တွင် ၄၄မှတ်ရရှိခဲ့ပြီး[114] NRGI ၏ 2013 Resource Governance Index ၌ အမှတ် ၁၀၀တွင် ၅၂မှတ်ရရှိခဲ့ပါသည်။[115] ရှင်းလင်းသောစီမံခန့်ခွဲမှုဆိုင်ရာစံသတ်မှတ်ချက် များမရှိသော Pula Fund အား တစ်ဖက်တွင်လည်း ဘော့ဆွာနာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းပင်စင်ရန်ပုံငွေ (Public Officers Pension Fund) ကို ငွေကြေးထောက်ပံ့ရန်၊ ငွေဖြစ်လွယ်မှုဆိုင်ရာ အရံငွေများဖြည့်တင်းရန်နှင့် ဘတ်ဂျက်လိုငွေများအား ဖြည့်ဆည်းရန်အတွက် အသုံးပြုပါသည်။[116]

### သယံဇာတမှရရှိသောဝင်ငွေအား မျှဝေခြင်း

အဓိကကျောက်မျက်ထုတ်လုပ်သော နိုင်ငံများအပါအဝင် နိုင်ငံပေါင်း သုံးဆယ်ကျော်တွင် သယံဇာတမှရရှိသောဝင်ငွေအား နိုင်ငံတော် အစိုးရနှင့် အစိုးရအဖွဲ့ခွဲ သို့မဟုတ် ဒေသန္တရအစိုးရများအကြားခွဲဝေသုံးစွဲရန်သတ်မှတ်ပေးသည့်ကွဲပြားသော စည်းမျဉ်းများအား ကျင့်သုံးကြ ပါသည်။[117] အဆိုပါနိုင်ငံများတွက် အဓိကကျောက်မျက်ထုတ်လုပ်သောနိုင်ငံများစွာ ပါဝင်ပါ သည် -

- ကိုလံဘီယာနိုင်ငံဥပဒေတွင် ကောက်ခံရရှိသောမြရတနာခွန်၏ ၉၈ရာခိုင်နှုန်းအား ပြည်နယ်များနှင့်ဒေသန္တရအုပ်ချုပ် ရေးနယ် များအကြား ရာခိုင်နှုန်းအပေါ်အခြေခံသော ခွဲဝေသတ်မှတ်ပေးခြင်းအား အသေးစိတ်ဖော်ပြသတ်မှတ်ပေး ထားပါသည်။ ကျန် နှစ် ရာခိုင်နှုန်း အား ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းများတွင်အသုံးပြုရန်အတွက် Fedesmeraldas ဟုခေါ်သော နိုင်ငံတော်၏ မြကုန်သည်လုပ်ငန်းရှင်များအသင်း ထံ လွှဲပြောင်းပေးပါသည်။[118]

- ဆီရာလီယွန်နိုင်ငံ၏ စိန်နယ်မြေလူထုဖွံ့ဖြိုးရေးရန်ပုံငွေ (Diamond Area Community Development Fund) အား ၂၀၀၁ခုနှစ်တွင် (၁) ပြည်တွင်းစစ်အတွင်း တူးဖော်ခဲ့သောစိန်တွင်းများအား ပြန်လည်မြေဖို့ရာတွင် ဒေသန္တရအစိုးရ အား ကူညီရန်၊ (၂) စိန်တူးဖော်သောနယ်မြေများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများအား ပံ့ပိုးရန်နှင့် (၃) စိန်တရားမဝင်တူး ဖော်ခြင်းများနှင့် မှောင်ခိုရောင်းဝယ်ခြင်းအား စောင့်ကြပ်စစ်ဆေးအောင် ဒေသခေါင်းဆောင်များနှင့် အခြားဒေသ တွင်း အာဏာပိုင်များအား မက်လုံးများပေးရန် ဟူသော အတိအလင်းဖော်ပြထားသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်း ခဲ့ပါသည်။ နိုင်ငံသားများတူးဖော်ရရှိသောစိန်များအပေါ်ကောက်ခံသည့် နိုင်ငံတော်ပို့ကုန်အခွန် ၃ရာခိုင်နှုန်း၏ ၂၅ ရာခိုင်နှုန်းမှရရှိသော ငွေများအား ဒေသန္တရအစိုးရယူနစ်များအကြား ခွဲဝေချထားပေးပြီး စိန်ထုတ်လုပ်သောဒေသများ မှ ခေါင်းဆောင်များ အားလုံးက ၂၀ရာခိုင်နှုန်းနှင့် ထိုနှစ်တွင် လက်လုပ်လက်စားစိန်တူးဖော်ရေးလိုင်စင်များချပေး ခဲ့သည့် စိန်ထုတ်လုပ်သောဒေသများမှ ခေါင်းဆောင်များက ၆၀ရာခိုင်နှုန်းရရှိကြပါသည်။ ကိုလံဘီယာနိုင်ငံ၏စနစ် နှင့်မတူဘဲ ဆီရာလီယွန်နိုင်ငံတွင် အဆိုပါဝင်ငွေ၏ ၆၀ရာခိုင်နှုန်းအား ထုတ်ပေးခဲ့သောလိုင်စင်အရေအတွက်အပေါ် မူတည်၍ အချိုးကျခွဲဝေပေးပါသည်။[119]

ဝင်ငွေမျှဝေခြင်းသည် ကျောက်မျက်ထွက်ရှိသောဒေသများအား သယံဇာတတူးဖော်မှုမှ တန်းတူညီမျှအကျိုးအမြတ်ရရှိစေပြီး ဘတ်ဂျတ်ခွဲဝေချထားခြင်းအား ဒေသတွင် ဦးစားပေးဆောင်ရွက်ချက်များနှင့်ညီညွတ်မှုရှိစေရန် အထောက်အကူပြုပါသည်။ တစ်ဖက်တွက်လည်း ဝင်ငွေမျှဝေခြင်းသည် စနစ်တကျဆောင်ရွက်ခြင်းမရှိပါက သုံးစွဲမှု၏ ထိရောက်မှုနှင့် တာဝန်ခံမှုကို အားနည်းစေနိုင်ပါသည်။ ဥပမာ ဆီရာလီယွန်နိုင်ငံ၏ DACDF ရန်ပုံငွေအား မည်သို့သုံးစွဲသည်နှင့် ဒေသန္တရခေါင်းဆောင် များအား များစွာပေးအပ်ထားသော လွတ်လပ်မှုတို့နှင့်ပတ်သက်ပြီး ရှင်းလင်းမှုမရှိခြင်းကြောင့် စစ်ဆေးခြင်းခံခဲ့ရပါသည်။[120]

# (၄) - တန်ဖိုးဖြတ်လုပ်ငန်းစဉ်များအား တိုးတက်အောင်ဆောင်ရွက်ခြင်း

ကျောက်မျက်ရတနာခွန်ပေးဆောင်ခြင်းများနှင့် အခြားအခွန်များအတွက် အခြေခံအား တန်ဖိုးဖြတ်အတည်ပြုခြင်းသည် ထူးထူးခြားခြားခက်ခဲ ပါ သည်။ ကျောက်မျက်များ၏ ဈေးနှုန်းများသည် လက်လီရောင်းချလျှင်ရရှိ မည်ဟုမျှော်မှန်းထားသောဈေးနှုန်းများနှင့် ကျောက်တစ်တုံးချင်းစီ၏ ထူးခြားသောလက္ခဏာများအပေါ်မူတည်ပြီး အဆိုပါထူးခြားသောလက္ခ ဏာများသည် ရုပ်ပိုင်းဆိုင်ရာ(ဥပမာ နီလာတစ်တုံး၏အပြာရောင်သည် နှစ်လိုဖွယ်ကောင်းသော အနုအရင့်ရှိခြင်းမရှိခြင်းနှင့် ထိုအရောင်သည် အပူပေး၍ပြုပြင်ပြောင်းလဲထားသော အရောင်ဟုတ်မဟုတ်)သော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာမဟုတ်သောလက္ခဏာများ(ဥပမာ ပတ္တမြားတစ် တုံးအား ကက်ရှမီးယားနိုင်ငံ သို့မဟုတ် ကန်ညာနိုင်ငံမှတူးဖော်ရရှိခြင်း) သော်လည်းကောင်း ဖြစ်နိုင်ပါသည်။ ထို့ကြောင့်ကျောက်မျက်များ၏ တန်ဖိုးကို တွက် ချက်သောတန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်သည် တိကျစွာ တွက်ချက်၍ မရ သော အချက်အလက်များအပေါ်မူတည်နေပြီး အရည်အချင်းပြည့်မီသော ကျောက်မျက်ဗေဒပညာရှင်များ အကြားပင်လျှင် ကျောက်မျက် အကြမ်းထည်များ၏ ဈေးကွက် ပေါက်ဈေးအား ခန့်မှန်းရာတွင် ၃၀ရာခိုင်နှုန်းလောက်အထိ ကွာခြားမှုရှိနိုင်ပါသည်။ အထူးသဖြင့် အမျိုးအစားစုံလင်လှသော ရုပ်ပိုင်းဆိုင်ရာလက္ခဏာများနှင့် အဆိုပါဈေးကွက်များ၏ စနစ်တကျမရှိသာ သဘောသဘာဝကြောင့် ရောင်စုံကျောက်များ၏ ဈေးနှုန်းများသည် ပို၍ကွာခြားမှုရှိနိုင် ပါသည်။

ကျောက်မျက်များ၏ဈေးကွက်တန်ဖိုးအား အတိအကျသတ်မှတ်ရန်ခက်ခဲခြင်းကြောင့် အခွန်ရှောင်ရန်အခွင့်အလမ်းများ ဖြစ် ပေါ်လာစေပါသည်။ ကျောက်မျက်ကိုင်ဆောင်ထားသူများသည် တန်ဖိုးဖြတ်သူများ(ကျောက်မျက်များ၏ ဈေးကွက်ပေါက်ဈေး အား အစိုးရကိုယ်စားသတ်မှတ်ပေးသောပုဂ္ဂိုလ်များ)၏ လိုအပ်သောကိရိယာများ သို့မဟုတ် ကျွမ်းကျင်မှုမရှိသောအခြေအနေ များအားအခွင့်ကောင်းယူကာ မျှတသောဈေးကွက် ပေါက်ဈေးအောက်ပို၍နိမ့်သောတန်ဖိုးဖြတ်ပေးရန် ညှိနှိုင်းကြပါသည်။ နိုင်ငံအတော်များများတွင်တန်ဖိုးဖြတ်သူများသည် လွတ်လပ်စွာကြီးကြပ်အုပ်ချုပ်နိုင်ခြင်းမရှိသဖြင့် တန်ဖိုးဖြတ်လုပ်ငန်းစဉ် တွင် လာဘ်ထိုးမှု သို့မဟုတ် အတင်းအဓမ္မတောင်းဆိုမှုများအလွယ်တကူဖြစ်ပေါ်စေပါသည်။

ကျောက်မျက်လုပ်ငန်းအဆင့်တိုင်းကို လုပ်ဆောင်သောကုမ္ပဏီများ သည် ၎င်းတို့၏လက်အောက်ခံကုမ္ပဏီများအကြား ကျောက်မျက်များ ကို ဈေးကွက်ပေါက်ဈေးထက်လျှော့နည်းသောဈေးနှုန်းများ(“လိမ်လည် လွှဲပြောင်းဈေးနှုန်း”)ဖြင့် ရောင်းဝယ်ခြင်းဖြင့် အခွန်ဆိုင်ရာပေးဆောင်ရ မည့် တာဝန်များအား လျှော့နည်းအောင် လုပ်ဆောင်နိုင်ကြပါသည်။[121] ဥပမာ တောင် အာဖရိကနိုင်ငံ၌ ၂၀၁၄ခုနှစ်လေ့လာမှုတစ်ခုတွင် “De Beers ကုမ္ပဏီ၏ ဈေးကွက်အားခြယ်လှယ်နိုင်သောအနေအထားနှင့် ထိုအနေအထားကြောင့်ဖြစ်ပေါ်လာသော Value Chainအဆင့်ပေါင်းစုံ တွင်ဈေးနှုန်းများသတ်မှတ်နိုင်စွမ်းကြောင့်” ထိုကုမ္ပဏီအား“စိန်အကြမ်း ထည်တန်ဖိုးများ၏ လွှဲပြောင်းဈေးနှုန်းအား ခြယ်လှယ်နိုင်” စေကြောင်း ဖော်ပြထားပါသည်။[122]

### အဓိကအသုံးအနှုန်း - လွှဲပြောင်းဈေးနှုန်း သတ်မှတ်ခြင်း

“လွှဲပြောင်းဈေးနှုန်း သတ်မှတ်ခြင်း” ဆိုသည်မှာ “ပတ်သက်ဆက်နွယ်နေသောအဖွဲ့အစည်း”နှစ်ခု (ဥပမာ မိခင်ကုမ္ပဏီတစ်ခုထဲ လက်အောက်ရှိ သို့မဟုတ် မိခင်ကုမ္ပဏီတစ်ခုတည်းက ပိုင်ဆိုင် သောကုမ္ပဏီခွဲနှစ်ခု) ကြားကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအား ဝယ်ယူရာတွင် ဈေးနှုန်း သတ်မှတ်ခြင်း ပါဝင်သည့်စီးပွားရေး အလေ့အထ တစ်ရပ်ဖြစ်ပါသည်။ ပတ်သက်ဆက်နွယ်နေ သော အဖွဲ့အစည်းများသည် ၎င်းတို့၏အခွန် စည်းကြပ်ထိုက် သောဝင်ငွေကို လျှော့ချရန် လွှဲပြောင်းဈေးနှုန်း သတ်မှတ်ခြင်းအား အလွဲအသုံးစားပြု၍ အသုံးချနိုင်ပါသည်။

ဤသို့ပြုလုပ်ခြင်းကို လိမ်လည်လွှဲပြောင်း ဈေးနှုန်း သတ်မှတ်ခြင်းဟု ခေါ်ပါသည်။

လိမ်လည်လွှဲ ပြောင်းဈေးနှုန်း သတ်မှတ်ခြင်းအား အစိုးရများအနေဖြင့် ဖြေရှင်းနိုင်သော နည်းလမ်း တစ်ရပ်မှာ ကုမ္ပဏီများအား “arm’s length principle” ဟုခေါ်သော စီးပွားရေးအရ ဆက် နွယ်နေသူများအား လက်သိပ် မထိုးရေးမူဝါဒ အား ကျင့်သုံးရန် လိုအပ်သည်ဟု သတ်မှတ် သော ဥပဒေ ပြဋ္ဌာန်းခြင်းဖြစ်ပြီး ဆိုလိုသည်မှာ ပတ်သက်ဆက် နွယ်နေသော အဖွဲ့အစည်းများ သည် အရောင်းအဝယ် ပြုလုပ်ရန် ဈေးနှုန်းသတ် မှတ်ရာတွင် ပြင်ပလွတ်လပ်သော ဈေးကွက်တွင် အရောင်းအဝယ် ပြုလုပ်သည့်အတိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

## တန်ဖိုးဖြတ်လုပ်ငန်းစဉ်ရေးဆွဲခြင်း

ကျောက်မျက်ထွက်ရှိသောနိုင်ငံများသည် ကျောက်မျက်ထုတ်လုပ်မှု တန်ဖိုးအား ဆုံးဖြတ်ရန် နည်းလမ်းပေါင်းစုံကျင့်သုံးကြပါသည်။ အဆိုပါ နိုင်ငံများ၏အတွေ့အကြုံများအရ တန်ဖိုးဖြတ်ရေးလုပ်ငန်းစဉ်များအား ရေးဆွဲရာတွင် ကြုံတွေ့ရလေ့ရှိသော အဓိကချိန်ကိုက်ရမည့် အချက်နှစ် ချက်ကို မီးမောင်းထိုးဖော်ပြသွားပါမည် -

- လွတ်လပ်မှု နှင့် ကျွမ်းကျင်မှု။ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ် အတွက် ထိရောက်စွာ အကျိုးပြုနိုင်ရန် ပါဝင်သောအဖွဲ့အစည်းအားလုံး သည် ကျောက်မျက်ဗေဒအပြင် လက်ရှိဈေးကွက်တွင် ကျောက်မျက် များအား မည်သို့တန်ဖိုးဖြတ်သည်နှင့်ပတ်သက်ပြီး ကျွမ်းကျင်စွာ သိရှိ နားလည်ထားသင့်ပါသည်။ သို့သော်လည်း ဤအရည်အချင်းသည် အလွန်ရှားပါးပြီး လုံလောက်သောအသိပညာဗဟုသုတမရှိသော ပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုကြောင့် ကြီးကြပ်အုပ်ချုပ်မှုအားနည်းပြီး ဈေးဆစ်ရန် အခွင့်အလမ်းများတိုးမြင့်စေပါသည်။ မဒါဂတ်စကာနိုင်ငံ စသည့် အချို့သောနိုင်ငံများတွင် ကျောက်မျက်ဈေးနှုန်းများသတ်မှတ် ရာတွင် တာဝန်ရှိသူများအတွက် အထောက် အကူဖြစ်စေရန် ဈေးနှုန်း သတ်မှတ်ခြင်းစနစ်များရေးဆွဲထားသော်လည်း အဆိုပါစနစ်များအား ပုံမှန်ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် မှန်ကန်စွာကျင့်သုံးခြင်းမရှိပါက တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုကျဆင်းစေနိုင်ပါသည်။

| နိုင်ငံ | တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ် | အားသာချက်များနှင့် စိန်ခေါ်မှုများ |
|---|---|---|
| မဒါဂတ်စကာ နိုင်ငံ | မဒါဂတ်စကာနိုင်ငံ၏ ကျောက်မျက်တူးဖော် ရေးလုပ်ထုံးအရ သတ္တုတွင်းဝန်ကြီးဌာန သည် "အနည်းဆုံးနှစ်စဉ် သို့မဟုတ် တစ်နှစ် နှစ်ကြိမ် သက်ဆိုင်ရာဈေးကွက်များအား လေ့လာ၍ တိကျရှင်းလင်းသောအမျိုးအစား သတ်မှတ်ချက်နှင့်အညီ ကျောက်တွင်းများမှ ထွက်ရှိလာသောပစ္စည်းများ၏ ဈေးကွက် တန်ဖိုးအား သတ်မှတ်ပေးရန်" လိုအပ်ပါသည်။ အစိုးရက အချို့လက္ခဏာများ အပေါ်အခြေခံ၍ နီလာဈေးနှုန်းအလွှာများ သတ်မှတ်ပေးသော လမ်းညွှန်ချက်ကို တန်ဖိုးဖြတ်ရုံးများအား ပေးအပ်ထားပါသည်။.[123] | မဒါဂတ်စကာနိုင်ငံ၏စနစ်သည်လွတ်လပ် သော တန်ဖိုးဖြတ်မှုဖြစ်ပေါ်စေရန် ရည်ရွယ်ကျင့်သုံးခြင်း ဖြစ်သော်လည်း ရည်ညွှန်းဈေးနှုန်းများအား ဈေးကွက် ပကတိအခြေအနေများနှင့် လိုက်လျော ညီထွေမှု ရှိအောင်ပြောင်းလဲပြင်ဆင်ရန်ပျက်ကွက် ခြင်းနှင့် တာဝန်ရှိသူများ၏ နည်းပညာပိုင်းဆိုင်ရာ တတ်မြောက်မှု မရှိခြင်းကြောင့် တန်ဖိုးဖြတ်ခြင်း လုပ်ငန်း စဉ်၏ ထိရောက်မှုကို လျော့ကျစေပြီး တာဝန်ရှိသူများနှင့် ကျောက်မျက်ပိုင်ဆိုင် ထား သူများအကြား တရားမဝင်ညှိနှိုင်း ဆောင်ရွက်ခြင်းများလည်း မကြာခဏ ဖြစ်ပေါ်တတ်ပါသည်။[124] |
| မြန်မာနိုင်ငံ[125] | မြန်မာနိုင်ငံ၏တန်ဖိုးဖြတ်ခြင်းဆိုင်ရာလုပ်ထုံး လုပ်နည်းများအရ ဒေသန္တရတန်ဖိုးဖြတ် ကော်မတီများအား မြန်မာ့ကျောက်မျက်ရတ နာ ရောင်းဝယ်ရေးလုပ်ငန်းမှ ကိုယ်စားလှယ် ၃ဦး၊ ပြင်ပကျောက်မျက်ဗေဒပညာရှင် သို့မဟုတ် ကျောက်မျက်ကျွမ်းကျင်သူ ၁ ဦး၊ မြန်မာ နိုင်ငံကျောက်မျက်ရတနာ လုပ်ငန်း ရှင်များအသင်းမှ ကိုယ်စားလှယ် ၁ဦးနှင့် အခြားသက်ဆိုင်ရာအစိုး ရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်၄ဦးအပါအဝင် အဖွဲ့ဝင်၁၂ဦး ဖြင့် ဖွဲ့စည်းရမည်ဟု သတ်မှတ်ထားပါသည်။ အဆိုပါကော်မတီသည် အဖွဲ့ဝင်များက ကျောက်မျက်တစ်တုံးအား လွတ်လပ်စွာစိစစ် ၍ တန်ဖိုးဖြတ်ပြီးနောက် အပြီးသတ်တန်ဖိုး အား သဘောတူသတ်မှတ် ရပါသည်။[126] | အဖွဲ့ဝင်ပေါင်းစုံ၏ ပါဝင်မှုသည် မျှတ သော တန်ဖိုးဖြတ်ခြင်းဖြစ်ပေါ်စေရန် ရည်ရွယ်ချက်အားပေါ်လွင်စေသော် လည်း မြန်မာနိုင်ငံ တန်ဖိုးဖြတ်အဖွဲ့များတွင် အဖွဲ့ဝင်နည်းလွန်းနေပြီး အဖွဲ့ဝင် ၁၂ဦးလုံးကလက်တွေ့တွင်အမှန်တကယ် ပါဝင်ဆောင်ရွက်ခြင်းရှိ မရှိကိုလည်း ရှင်းလင်းစွာမသိရှိရပါ။ စည်းမျဉ်းစည်း ကမ်းများ ရှင်းလင်းမှုမရှိခြင်းနှင့် စောင့်ကြပ်စစ်ဆေးမှုမရှိခြင်းတို့ကြောင့် တန်ဖိုးဖြတ်လုပ်ငန်းစဉ်တွင် အခွင့်အာဏာလုပ် ပိုင်ခွင့်ကို အသုံးချ၍ ကိုယ်ကျိုးစီးပွား ရှာဖွေခြင်းများပုံမှန်ဆောင်ရွက်လို့ ရနေပါသည်။[127] |
| ဆီရာလီယွန် နိုင်ငံ | ဆီရာလီယွန်နိုင်ငံတွင် နိုင်ငံသားများတူးဖော် ရရှိသော စိန်များအား နိုင်ငံတော်၏တန်ဖိုး ဖြတ်အဖွဲ့အပြင် ပြင်ပတန်ဖိုးဖြတ်အဖွဲ့က လည်း တန်ဖိုးဖြတ်ပြီး အဆိုပါအဖွဲ့နှစ်ဖွဲ့၏ ခန့်မှန်းချက်များထဲက ပို၍မြင့်သောတန်ဖိုး အား ရတနာခွန်ပေးဆောင်ရန်အခြေခံအဖြစ် အသုံးပြုပါသည်။ တန်ဖိုးဖြတ်သည့်အခါတွင် National Minerals Agency နှင့် National Revenue Authorityမှ အရာရှိများ ရှိနေရန် လည်း လိုအပ်ပါသည်။[128] ဆီရာလီယွန်နိုင်ငံ ၏ ပြင်ပတန်ဖိုးဖြတ်အဖွဲ့ဖြစ်သော Diamond Counsellor International (DCI)သည် အန်ဂိုလာ နိုင်ငံ၊ ဘရာဇီးနိုင်ငံနှင့် ဂီနီနိုင်ငံ များတွင်လည်း အလားတူ လုပ်ငန်းတာဝန် အား ဆောင်ရွက်ပါသည်။[129] | ဆီရာလီယွန်နိုင်ငံတွင်ကျင့်သုံးသောစနစ်၏ အားသာချက်မှာ နည်းပညာပိုင်း ဆိုင်ရာ အရည်အချင်းပြည့်မီကျွမ်းကျင်မှု ကို အာမခံပေးနိုင်ခြင်း ဖြစ်ပါသည်။ သို့သော်လည်း လက်လုပ်လက်စား တူးဖော်ရရှိသော စိန်အကြမ်းထည်အများ စုကို တန်ဖိုးဖြတ်သော DIC အဖွဲ့၏ တန်ဖိုးဖြတ်ခြင်းအပေါ် တစ်ဦးတည်းနီးပါး ချုပ်ကိုင်မှုကြောင့် အဆိုပါကုမ္ပဏီ၏ လွတ်လပ်မှုနှင့်ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်နေပါသည်။[130] |

- တိကျမှု နှင့် စီမံအုပ်ချုပ်ရာတွင်လွယ်ကူမှု။ တန်ဖိုးဖြတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ကျောက်မျက်ကဏ္ဍမှ ပုဂ္ဂိုလ်များ၏ဆောင်ရွက်နိုင်စွမ်းများနှင့်လိုက်လျောညီထွေမှုရှိအောင်သတ်မှတ်ထားသင့်ပါသည်။ အနောက်ဩစတြေးလျ ဒေသအစိုးရက ရေးဆွဲထားသော ရည်ညွှန်းဈေးနှုန်းသတ်မှတ်သောစနစ် သို့မဟုတ် Gemfieldsကုမ္ပဏီက စီမံဆောင် ရွက်သောလေလံစနစ်တို့သည် အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက အလားတူစွမ်းဆောင်ရည်အဆင့် အတန်းမရှိသည့်အခြေအနေများတွင်ကျင့်သုံးရန်မသင့်လျော်နိုင်ပါ။ အစိုးရများအနေဖြင့် အခွန်ဆိုင်ရာကြီးကြပ်အုပ်ချုပ်မှုတွင် အရင်းအမြစ်များအသုံးပြုခြင်း၏ အကျိုးကျေးဇူးများအား ဂိုင်ယာနာနိုင်ငံတွင် နိုင်ငံသားများ တူးဖော်ရရှိသော စိန် များအပေါ် ကောက်ခံသောပုံသေရတနာခွန်နှုန်းထားကဲ့သို့ အခွန်ဝင်ငွေကောက်ခံရရှိမှုပို၍ နည်းပါးပြီး ပိုမိုရိုးရှင်းသည့် စနစ်များကျင့်သုံးခြင်းနှင့်နှိုင်းယှဉ်၍ ဆန်းစစ်သင့်ပါသည်။

| နိုင်ငံ | တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ် | အားသာချက်များနှင့် စိန်ခေါ်မှုများ |
|---|---|---|
| ဩစတြေးလျ နိုင်ငံ | ကမ္ဘာ့ဈေးကွက်တွင် နှိုင်းယှဉ်စရာဈေးနှုန်းများ မရှိသဖြင့် အနောက်ဩစတြေးလျဒေသအစိုးရ သည် ကျောက်တွင်းလုပ်ကိုင်သော Rio Tinto ကုမ္ပဏီ၏ Argyle တွင်းမှထွက်သော ရှားပါး ပန်းရောင်စိန်များအတွက် ဈေးနှုန်းသတ်မှတ် ခြင်းစနစ်အား ရေးဆွဲသတ်မှတ်ရန် အဆိုပါ ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပါသ ည်။ ထိုကျောက်များ၏ နောက်ဆုံးရောင်းချရသော တန်ဖိုးများအား ၎င်းတို့၏ ကနဦးသတ်မှတ် ထားသောတန်ဖိုးနှင့် ထပ်ခါတလဲလဲနှိုင်းယှဉ် ခြင်းဖြင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်း များက လျှော့ပေါ့တွက်ချက်မိသောတန်ဖိုးများ အား ဖော်ထုတ်ကာ ဈေးကွက်တွင်ဖြစ်ပေါ်နေ သော အခြေအနေများနှင့်အညီ တန်ဖိုးဖြတ် ခြင်းအား ပြန်လည်ချိန်ညှိပါသည်။[131] | အနောက်ဩစတြေးလျဒေသတွင် ကျင့်သုံးသော နည်းလမ်းသည် အစိုးရအား ဈေးကွက်ပေါက်ဈေး များအပေါ် အခြေခံ၍ အခွန်ဝင်ငွေအား တိကျစွာ တွက်ချက်နိုင်စေပါသည်။ နည်းပညာပိုင်းဆိုင်ရာ ရှုပ်ထွေးခက်ခဲမှုကြောင့် အစိုးရနှင့် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်ပို၍နိမ့်သော နိုင်ငံများတွင် ကျင့်သုံးရန် ခက်ခဲနိုင်ပါသည်။ |
| ဂိုင်ယာနာနိုင်ငံ | ဂိုင်ယာနာနိုင်ငံတွင် ရတနာခွန်ကောက်ခံရာ၌ နိုင်ငံသားများတူးဖော်ရရှိသော စိန်များအား တစ်ကာရက် လျှင် အမေရိကန်ဒေါ်လာ ၇၅ ပုံသေနှုန်းထားဖြင့် တန်ဖိုးဖြတ်ပါသည်။[132] | ဂိုင်ယာနာနိုင်ငံတွင်ကျင့်သုံးသော စနစ်သည်အခွန် ဝင်ငွေအများဆုံးမရ ရှိသော်လည်း အခြားနိုင်ငံများတွင် ကြုံတွေ့ရသော စီမံအုပ်ချုပ်မှုဆိုင်ရာ အတားအဆီးများအား လျှော့နည်းစေ ပါသည်။ ကျောက်မျက်တူးဖော်သူ များအား အရည်အသွေး မြင့်ကျောက် မျက်များမှ အကျိုးအမြတ်များစွာရရှိစေသောအဆိုပါနည်းလမ်းသည် ကျောက်မျက် တူးဖော်သူများအား တူးဖော်ရရှိမှုကို တိကျစွာ ထုတ်ဖော် ကြေညာစေရန် အားပေးပါသည်။ |
| မိုဇမ်ဘစ်နိုင်ငံ | မိုဇမ်ဘစ်နိုင်ငံ၏Montepuezကျောက်တွင်းမှတူးဖော် ရရှိသော ပတ္တမြားများ၏တန်ဖိုးအား အဆိုပါကျောက် တွင်းကို ဦးစီးလုပ်ကိုင်သော Gemfields ကုမ္ပဏီက ပုံမှန်ဦးစီးကျင်းပသော လေလံပွဲများမှတဆင့်ဆုံး ဖြတ်ပါသည်။ ရတနာ ခွန်နှင့် အခြားအစိုးရသို့ ပေးချေရ မည်များကို သတ်မှတ်ရာတွင် ကျောက်မျက်တုံးများရောင်း ထွက်သွားသောဈေးနှုန်းအားအသုံးပြုပါသည်။[133] | ကျောက်မျက်များ၏တန်ဖိုးကို သတ် မှတ်ရာတွင် လေလံပွဲများသည် ယေ ဘုယျအားဖြင့် မျှတမှုနှင့် ပွင့်လင်း မြင်သာမှုပို၍ရှိသည်ဟု သတ်မှတ်ကြ ပါသည်။ သို့သော်လည်းထိုနည်းလမ်း အား အကောင်အထည်ဖော်ဆောင် ရွက်နိုင်ခြင်းသည် ထိရောက်စွာ စီမံ အုပ်ချုပ်နိုင်ခြင်း (ဤနေရာတွင် Gemfields ကုမ္ပဏီ၏ စီမံအုပ်ချုပ်မှု) နှင့် ရောင်းချမှုများအား ဈေးကွက် ဝယ်လိုအားကို ဖြည့်ဆည်း ပေးနိုင် လောက်အောင် မကြာခဏကျင်းပ ပေးနိုင် ခြင်းရှိ မရှိအပေါ် မူတည်ပါ သည်။[134] |

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

ကျောက်မျက်များ၏ တန်ဖိုးကို ဆုံးဖြတ်ရာတွင် များသောအားဖြင့် အခက်ခဲဆုံးအပိုင်းမှာ အသေးစိတ်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ နိုင်ငံ အတော်များများ၌ စာရွက်ပေါ်တွင် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်များစွာ သတ်မှတ်ထားသော်လည်း လုပ်ငန်းဆောင်ရွက်သူပေါင်းစုံ၏ ပါဝင်ဆောင်ရွက်မှု အရည်အသွေးနှင့် အာဏာအလွဲသုံးစားလုပ်မှုများအား ကန့်သတ်ရန် စောင့်ကြပ်စစ်ဆေးခြင်း၏ ထိရောက်မှုတို့သည် အဆိုပါစနစ်များ၏ ထိရောက်မှုအား လက်တွေ့တွင် အဆုံးအဖြတ်ပေး ပါသည်။ ထို့ကြောင့် ဌာနဆိုင်ရာအပိုင်းအား ရေရှည်အားကောင်းအောင်ဆောင်ရွက်ခြင်းသည် ကျောက်မျက်တန်ဖိုးဖြတ် ခြင်းအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရာတွင် အရေးကြီးပါသည်။

နိုင်ငံအလိုက်လုပ်ထုံးလုပ်နည်းများအား လေ့လာမှုတွင် တန်ဖိုးဖြတ်ခြင်းနည်း လမ်းပေါင်းစုံကို တွေ့မြင်နိုင်ပြီး နည်းလမ်းတစ်ခု စီတွင် ကိုယ်ပိုင် အားသာချက်များနှင့် အခက်အခဲများရှိကြပါသည်။ လုပ်ထုံးလုပ်နည်းများအား ရေးဆွဲရာတွင် ကျောက်မျက် တူးဖော်ရေးလုပ်ဆောင်သော ပုဂ္ဂိုလ်များ၏ နောက်ခံအကြောင်းအရာ၊ အစိုးရတန်ဖိုးဖြတ်အဖွဲ့များ၏ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် အစိုးရအဖွဲ့အစည်းများ၏ တင်းကျပ်သော ကြီးကြပ်အုပ်ချုပ်မှုပေးခြင်းဆိုင်ရာ စွမ်းဆောင်ရည်တို့အား ထည့် သွင်းစဉ်းစားသင့်ပါသည်။ အတိအကျဆိုရလျှင် အစိုးရများ သည် အောက်ပါတို့ကို ဆောင်ရွက်ပါက အကျိုးရှိနိုင်ပါသည် -

အရည်အချင်းပြည့်မီသော တန်ဖိုးဖြတ်ပညာရှင်များအား ခန့်ထားခြင်း။ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်၏ ယုံကြည်ရမှုနှင့် အစိုးရ၏ မျှတသောသဘောတူညီမှုပြုလုပ်နိုင်စွမ်း သည် တန်ဖိုးဖြတ်ပညာရှင်များ၏ ကျွမ်းကျင်မှုအပေါ်တွင် တစ်စိတ် တစ်ပိုင်းမူတည်နေပါ သည်။ အစိုးရများသည် တန်ဖိုးဖြတ်လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်များအနေဖြင့် ကျောက်မျက်ဆိုင်ရာကျွမ်းကျင်မှုနှင့် စျေးကွက်ဆိုင်ရာဗဟုသုတရရှိစေရန် အလေးထားဆောင်ရွက်သင့်ပါသည်။

ပူးပေါင်းကြံစည်လိမ်လည်ရန်အခွင့်အလမ်းများအား လျှော့ချခြင်း။ အစိုးရများသည် ကျောက်မျက်ပိုင်ဆိုင်သူများနှင့် တန်ဖိုးဖြတ်သူ များအကြား စျေးညှိနှိုင်းခြင်း အနည်းဆုံးဖြစ်စေသော လေလံပွဲကဲ့သို့ အစီအစဉ်များအား တတ်နိုင်သမျှ ရွေးချယ်ဆောင်ရွက်သင့်ပါသည်။ တန်ဖိုးဖြတ်သူများအားမကြာခဏ အလဲအလှယ်လုပ်ပေးခြင်းနှင့် နည်းပညာကျွမ်းကျင် မှု ပြည့်ဝသောပြင်ပအဖွဲ့အစည်းများ၏ ပါဝင်မှုတို့ကလည်း တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်တွင် အကျိုးမျှော်ကိုးလက်သိပ်ထိုး ဝါဒမဖြစ်ပေါ်အောင်ကာကွယ်ရာတွင် အထောက်အကူဖြစ်နိုင်ပါသည်။

လွှဲပြောင်းစျေးနှုန်းသတ်မှတ်ခြင်းများအား ကြီးကြပ်ထိန်းသိမ်းခြင်း။ သက်ဆိုင်ရာဥပဒေများတွင် OECD Transfer Pricing Guidelines နှင့်အညီ "arm's length principle" ဟုခေါ်သော စီးပွားရေးအရဆက်နွယ်နေသူများအား လက်သိပ်မထိုး ရေးမူဝါဒအား ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။[135] စျေးကွက်အတွင်းအရောင်းအဝယ်မရှိသော အခြေအနေများတွင် အစိုးရ သည် ရည်ညွှန်းစျေးနှုန်းသတ်မှတ်သည့်စနစ်ကို ဖန်တီးကျင့်သုံးရန် စဉ်းစားသင့်ပါသည်။

စာရင်းစစ်ဆေးခြင်းများအား ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း။ နိုင်ငံတော်အစိုးရသည် ရုပ်ပိုင်းဆိုင်ရာနှင့်ဘဏ္ဍာရေး ဆိုင်ရာ စာရင်းစစ်ဆေးခြင်းများ ရောင်တခင်ဆောင်ရွက်ခြင်းနှင့် ထိုက်သင့်သောပြစ်ဒဏ်များ ပြဋ္ဌာန်းသတ်မှတ်ခြင်းဖြင့် ကျောက်မျက်တူးဖော်သူများအား ၎င်းတို့၏ကျောက်မျက်တူးဖော်ရရှိမှုကို တိကျစွာထုတ်ဖော်ကြေညာအောင် အားပေး သင့်ပါသည်။ အဆိုပါဆောင်ရွက်ချက်များအတွက်အထောက်အကူဖြစ်စေမည့်ကျောက်မျက်ဓာတ်ခွဲခန်းများ တည်ထောင် ခြင်းနှင့် အထူးပြုစာရင်းစစ်အရည်အချင်းများတွင် ရင်းနှီးမြှုပ်နှံခြင်းတို့သည် ကျောက်မျက်ကုမ္ပဏီများ၏ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ထိရောက်စွာဆန်းစစ်နိုင်စေပါသည်။[136]

# (၅)-အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းအား ပံ့ပိုးခြင်း

တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် "အရည်အသွေးမြှင့်တင် ခြင်း" သည် ကျောက်မျက်လုပ်ငန်း Value Chain ၏ အဓိကကျသော အဆင့်တစ်ဆင့်ဖြစ်ပါသည်။ သွေးခြင်း၊ အချောထည်ပြုလုပ်ခြင်း နှင့်/ သို့မဟုတ် ကျောက်မျက်များအားပြုပြင်ခြင်းတို့သည် ၎င်းတို့ ဈေးကွက် တန်ဖိုးကို ပျမ်းမျှ ၅ဂရာခိုင်နှုန်းအထိ တိုးမြှင့်ပေးနိုင်ကြောင်း ခန့်မှန်းရပြီး ပို၍တန်ဖိုးရှိသောကျောက်များတွင် အကြမ်းထည်နှင့်အချောထည်ကြား ဈေးနှုန်းကွာခြားချက်သည်ပိုမိုမြင့်မားနိုင်ပါသည်။ တူးဖော်ခြင်းနှင့် မတူ ဘဲ တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းအလုပ်သည် ကျွမ်းကျင်မှုပါဝင် သော အလုပ်အကိုင်ဖြစ်ပေါ်စေရန် အထောက်အကူဖြစ်စေပြီး နိုင်ငံ တစ်နိုင်ငံ၏ ကျောက်မျက် သယံဇာတများကုန်ခမ်းသွားသည့်တိုင် နိုင်ငံသားများ၏ စားဝတ်နေရေးအတွက်ဆက်လက်ပံ့ပိုးပေးနိုင်ပါသည်။


သို့သော်လည်းကျောက်မျက်ထွက်ရှိသောနိုင်ငံများတွင် အဆိုပါအကျိုး ကျေးဇူးများထဲမှ အနည်းငယ်ကိုသာရယူနိုင်ကြပါသည်။[137] ပမာဏအားဖြင့် ကမ္ဘာ့ကျောက်မျက်ထုတ်လုပ်မှုအများစုကို အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ဆင့်တက်ပြုပြင်ခြင်းဆောင်ရွက်ပါသည်။  အဆိုပါ နိုင်ငံများရှိ ဆင့်တက်ပြုပြင်ရေးဗဟိုဌာနများသည် ကိုယ်ပိုင်အားသာမှု နယ်ပယ်အလိုက် အထူးပြုဆောင်ရွက်လေ့ရှိကြပြီး ထိုင်းနိုင်ငံသည် ပတ္တမြား၊ နီလာတို့နှင့်ပတ်သက်ပြီးနာမည်ကြီးကာ ကမ္ဘာပေါ်တွင် မြနှင့်တန်ဖန်နိက်အတော်များများကို အိန္ဒိယနိုင်ငံ Jaipur မြို့တွင် ဆင့်တက်ပြုပြင်ခြင်းဆောင်ရွက်ပြီး တရုတ်နိုင်ငံ Guangdong ပြည်နယ်မှ ကျောက်မျက်ပန်းပုပညာရှင်များသည် ကျောက်စိမ်းများနှင့် ပတ်သက်ပြီး ကျော်ကြားကြပါသည်။



မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်တွင် လုပ်သားတစ်ဦး ပယင်းကျောက် အကြမ်းထည်အား အလုပ်ရုံတစ်ခု၌ သွေးနေပုံ

ဓာတ်ပုံ - NRGI အတွက် ခွန်လတ်

## ပုံ ၁၈ - ကျောက်မျက်သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်း၏ ခန့်မှန်းထားသော ပထဝီအနေအထားအရပျံ့နှံမှု[138]



## VALUE CHAIN တစ်ခုလုံးတွင် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်အောင်အားပေးခြင်း

Governments iကျောက်မျက်ထွက်ရှိသောနိုင်ငံများမှ အစိုးရများသည် ပြည်တွင်းတွင် အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ပို၍သိရှိနားလည်လာကြပါသည်။ သို့သော်လည်းပြည်တွင်းတန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းအားပံ့ပိုးရာတွင် ပိုမိုအတွေ့အကြုံရှိသူများက ကြီးစိုးထားသော ကမ္ဘာ့ဈေးကွက်အတွင်းသို့ဝင်ရောက်ရာတွင်ကြုံတွေ့ရသည့် ကြီးမားသော အတားအဆီးများကို ကျော်ဖြတ်ရန်လိုအပ်ပါသည်။ ကျောက်မျက်အကြမ်းထည်တူးဖော်ထုတ်လုပ်သောနိုင်ငံများသည် အောက်ပါတို့အပါအဝင်နယ်ပယ်ပေါင်းစုံတွင် ယှဉ်ပြိုင်နိုင်စွမ်းနည်းပါးနေဆဲ ဖြစ်ပါသည် -

- အတတ်ပညာများနှင့်နည်းပညာဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း။ ကျောက်မျက်တစ်တုံးအား သွေးခြင်းနှင့်အချောထည်ပြုလုပ် ခြင်းသည် အဆိုပါကျောက်၏တန်ဖိုးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသဖြင့် တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်း၏ လက်ရာအရည်အသွေးသည် ကုန်သည်များနှင့် လက်လီရောင်းချသူများက အဓိကအလေးထားသောအချက ်ဖြစ်ပါ သည်။ ကျောက်မျက်သွေးခြင်းနှင့် အချောထည် ပြုလုပ်ခြင်းဓလေ့သည် ယခင်ကတည်းကရှိပြီးသားဖြစ်သောအခါမျိုး တွင်မှာပင် ပြည်တွင်းကျောက်သွေးသမားများ၏ လက်ရာသည် နိုင်ငံတကာဈေးကွက်များ၏ မြင့်မားသောအရည်အသွေး ဆိုင်ရာ မျှော်မှန်းချက်များအား မပြည့်မီနိုင်ပါ။
- လုပ်သားများ၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ခြင်း။ ဝန်ထမ်းလခများသည် ယေဘုယျအားဖြင့် ကျောက်သွေးခြင်းနှင့် အချောထည် ပြုလုပ်ခြင်းဆောင်ရွက်သောကုမ္ပဏီများအတွက် အကြီးမားဆုံး ထုတ်လုပ်မှုအလိုက်ပြောင်းလဲနေသောကုန်ကျစရိတ်(Variable Cost)ဖြစ်ကြပါသည်။ ထိုအချက်သည် ကုမ္ပဏီများအား တစ်ကာရက်လျှင်လုပ်အားခအနည်းဆုံး ရှိသောနယ်မြေများတွင် ကျောက်မျက်များအား ဆင့်တက်ပြုပြင်ရန် မက်လုံးများရှိနေပါသည်။ အခြားဒေသများ၏ လုပ်သားများထက်စာလျှင် အာရှရှိ အရည်အသွေး မြှင့်တင်ရေးဗဟိုဌာနများမှ လုပ်သားများ၏ ပိုမိုတိုတောင်းသောအချိန် အတွင်း နှင့်/သို့မဟုတ် ပိုမိုနည်းပါးသောလုပ်ခလစာဖြင့် အလားတူအရည်အသွေးရှိသောကျောက်များအား သွေးပေးနိုင် ခြင်းသည် မကြာသေးမီဆယ်စုနှစ်များအတွင်း ဈေးကွက်ဝေစုပိုမိုရရှိလာခြင်း အပေါ် များစွာတွန်းအားဖြစ်စေပါသည်။[139]
- ယုံကြည်အားကိုးရသော ကျောက်မျက်ထုတ်လုပ်မှုရယူခြင်း။ ကျောက်မျက်လုပ်ငန်းသည် အရေအတွက်များများထုတ် လုပ်နိုင်လေ တစ်ယူနစ်စရိတ်သက်သာပြီး အကျိုးအမြတ်များလေဖြစ်ပြီး အလတ်စားနှင့် အနိမ့်စားတန်ဖိုးရှိသော ကျောက်များအား အမြောက် အများထုတ်လုပ်ခြင်းသည် ထိပ်တန်းဒီဇိုင်းများ ထုတ်လုပ်ခြင်းထက် တန်ဖိုးအားဖြင့်များစွာ ပို၍များပါသည်။[140] နိုင်ငံသားတူးဖော်သူများက ကျောက်အကြမ်းထည်များအား အများဆုံးထုတ်လုပ်သောနိုင်ငံများတွင် ဝယ်သူ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသောကျောက်မျက်များအား အမြဲတမ်းလက်ဝယ်ရှိရန်မှာ အထူးသဖြင့်ခက်ခဲ ပါသည်။ တန်ဖိုးမြှင့်တင်ရာတွင် အောက်မြင်မှုအရှိဆုံးနိုင်ငံများသည် ယေဘုယျအားဖြင့် အခြားနိုင်ငံမှတူးဖော်ထုတ်လုပ် သော ကျောက်မျက်များအား ဝယ်ယူခြင်းဖြင့် နေရာပေါင်းစုံမှကျောက်မျက်များကို ရယူလေ့ရှိပါသည်။[141]




တရုတ်နိုင်ငံ၊ ရင်ကျန်းခရိုင်မှ တရုတ်ကုန်သည်တစ်ဦး မြန်မာနိုင်ငံမှ မှောင်ခိုဝင်ရောက်လာသော ကျောက်စိမ်းအား စစ်ဆေးနေပုံ

ဓာတ်ပုံ - NRGI အတွက် မင်းဇေရာ

- ငွေကြေးပံ့ပိုးမှုရယူခြင်း။ ကျောက်မျက်သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်း လုပ်ငန်းကဏ္ဍတွင် အသေးစားနှင့် အလတ် စားလုပ်ငန်းများအားအများဆုံး တွေ့ရပါသည်။ လုပ်ငန်းတစ်ခုထူထောင်ရန်ပုံမှန်အားဖြင့်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု ပမာဏ၊ ဈေးကွက်ပြောင်းလဲမှုများ၏ အမြတ်အစွန်းရရှိမှုအပေါ် သက်ရောက်နိုင်သော အလားအလာများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကဘဏ်များထံမှ ငွေကြေးပံ့ပိုးမှုရယူရာတွင် ကြီးမားသောအခက်အခဲများရှိခြင်းတို့ကြောင့် အသေးစား နှင့် အလတ်စားလုပ်ငန်းများ အားပံ့ပိုးပေးနိုင်သောငွေချေးအစီအစဉ်များသည် အထူးသဖြင့်အရေးပါပါသည်။

ကျောက်မျက်တူးဖော်ထုတ်လုပ်သော နိုင်ငံများ၏ ဖွံ့ဖြိုးစတန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းများအား အကျိုးအမြတ် ရရှိပြီး ကုန်ထုတ်စွမ်းအားမြင့်မားလာစေရန် အစိုးရ၏ အမျှော်အမြင်ရှိသောရေရှည်ပံ့ပိုးမှု လိုအပ်ပါသည်။ ထိုင်းနိုင်ငံနှင့် ဘော့ဆွာနာနိုင်ငံများတွင် ကြုံတွေ့ရသော အတွေ့အကြုံများတွင်မြင်တွေ့ရသည့်အတိုင်း ယှဉ်ပြိုင်နိုင်စွမ်းရှိရန် (လုပ်ခ လစာ စသော)ဈေးကွက်ဆိုင်ရာအခြေခံအချက်များ၊ (အခွန် နှုန်းထားများစသော) စီးပွားရေးမူဝါဒများနှင့် ကျောက်မျက်ထုတ်လုပ်မှု အား ရယူနိုင်ခြင်းတို့ကို တိတိကျကျဟန်ချက်ညီမျှအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

.

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

ခိုင်မာသောကျောက်မျက်တူးဖော်ရေးလုပ်ငန်းသည် Value Chainအောက်ပိုင်းတွင် အားသာမှုဆက်လက်ဖြစ်ပေါ်စေကြောင်း ကျောက်မျက် တူးဖော်ထုတ်လုပ်သောနိုင်ငံများမှ Stakeholdersများက ယူဆကြပါသည်။ ဆန့်ကျင်ဘက်အားဖြင့် တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းဆိုင်ရာ အခြေအနေများသည် ကုန်ထုတ်လုပ်မှုကဏ္ဍမှ အခြေအနေများနှင့်အလားသဏ္ဍာန်တူပြီး စီးပွားရေးလုပ်ငန်းများသည်ကုန်ထုတ်စွမ်းအား မြင့်မားသောလုပ်သားများ၊ ကမ္ဘာ့ဈေးကွက်များနှင့်ပေါင်းစည်းမှုနှင့် စွဲဆောင်မှု ရှိသော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်များရှိသောဒေသများတွင် သွားရောက် လုပ်ကိုင်လေ့ရှိပါသည်။ ဖွံ့ဖြိုးမှုအားနည်းသော ပို့ကုန်ဦးစားပေးကဏ္ဍအတွက် ကျောက်မျက်အရည်အသွေးမြှင့်တင်ခြင်းဆောင်ရွက်ရန်ကြိုးပမ်းနေသော အစိုးရများအနေဖြင့် အောက်ပါတို့ကို စတင်ဆောင်ရွက်သင့်ပါသည် -

- နိုင်းရအားသာမှုရှိသောနယ်ပယ်များအားဖော်ထုတ်ခြင်း။ ယှဉ်ပြိုင်မှုပြင်းထန်သောကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ရန် ကြိုးပမ်းနေသော နိုင်ငံများအနေဖြင့် ၎င်းတို့ထိရောက်စွာယှဉ်ပြိုင်နိုင်မည့် တိကျသောကျောက်မျက်အမျိုးအစား၊ အရွယ်အစားနှင့် သွေးပုံသွေးနည်းစသော အထူးပြုနယ်ပယ်များအား ဖော်ထုတ်သင့်ပါသည်။ အတွေ့အကြုံနှင့် ကုန်ထုတ်စွမ်းအားတိုးတက်လာသောအခါတွင် လုပ်ငန်းနယ်ပယ်သည် တဖြည်းဖြည်းချင်းကျယ်ပြန့်လာပါမည်။

- အတတ်ပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာလွှဲပြောင်းရယူခြင်းတို့ကို ပံ့ပိုးခြင်း။ အစိုးရများသည် နိုင်ငံတကာအဆင့် အတန်းမီ သောကျောက်မျက်ဓာတ်ခွဲခန်းများနှင့် လေ့ကျင့်သင်ကြားရေးစင်တာများတည်ထောင်ခြင်းကို ပံ့ပိုးသင့်ပါသည်။ အဆိုပါတည်ထောင် မှုများသည် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်လိုအပ်သော အတတ်ပညာများနှင့် ကျွမ်းကျင်မှုများ ပြန့်ပွားခြင်း အတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။

- ကမ္ဘာ့ဈေးကွက်များနှင့် ပေါင်းစည်းရန် ကူညီပေးခြင်း။ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများသည် ကျောက်မျက်ထုတ် လုပ်မှုနှင့် ကျောက်မျက်ဝယ်ယူသောနိုင်ငံများမှဝယ်လက်များအား ဦးစားပေးအနေဖြင့်ရယူနိုင်ခြင်းအား ထိန်းသိမ်းသင့် ပါသည်။ ကောင်းမွန် သော အခြေအနေအများစုတွင် အစိုးရသည် ကုန်သွယ်ရေးမူဝါဒများအား ဖြေလျှော့ပေးခြင်းနှင့် နိုင်ငံတကာတွင်ကျင်းပသောပွဲများ တွင် ပါဝင်ဆောင်ရွက်ပြီး နိုင်ငံတော်၏ကုန်အမှတ်တံဆိပ်မြှင့်တင်ခြင်းနည်းဗျူဟာ များ ရေးဆွဲတို့ဖြင့် ကျောက်မျက်တင်ပို့မှုအား မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။

- ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များပေးခြင်း။ အခွန်ကင်းလွတ်ခွင့်များသည် ဖွံ့ဖြိုးစဈေးကွက်များ တွင် အမြတ်အစွန်းပိုမိုရရှိစေပြီး နိုင်ငံတကာနှင့်ပိုမိုထိရောက်စွာယှဉ်ပြိုင်နိုင်စေပါသည်။ အစိုးရအနေဖြင့် အထူးစီးပွားရေး ဇုန်သို့မဟုတ် အရောင်းပြပွဲများတည်ထောင်ခြင်း၊ အချောထည်ကျောက်မျက်များအတွက် အခွန်ဆိုင်ရာမက်လုံးများပေး ခြင်း သို့မဟုတ် အခြားအခွန် များနှင့် အကောက်ခွန်များအား ကင်းလွတ်ခွင့်ပေးခြင်းတို့ဖြင့် ကျောက်သွေးလုပ်ငန်းအား ပံ့ပိုးပေးနိုင်ပါသည်။

- ချေးငွေရယူနိုင်အောင်ဆောင်ရွက်ပေးခြင်း။ ချေးငွေချပေးခြင်းအစီအစဉ်များသည် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအား အကျိုးရှိသောရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်နှင့် ဈေးကွက်ကျဆင်းမှုများအား တောင့်ခံထားနိုင်ရန် ပံ့ပိုးပေး နိုင်ပါသည်။ အချို့နိုင်ငံများတွင် "ကျောက်မျက်ဘဏ်များ" တည်ထောင်ခြင်းဖြင့် အဆိုပါလိုအပ်ချက်အား ဖြေဆည်းရန် ကြိုးပမ်းကြပါသည်။[142]

## လေ့လာမှု - ထိုင်းနိုင်ငံ

ကျောက်မျက်ကြွယ်ဝစွာထွက်ရှိမှုကို အသုံးချ၍ ရေရှည်တည်တံ့သော တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအဖြစ်သို့ ဖွံ့ဖြိုးလာအောင် အောင်မြင်စွာဆောင်ရွက်နိုင်သော နိုင်ငံအနည်းငယ်သာရှိပါသည်။ ထိုင်းနိုင်ငံ၏ ယခင်ကကျယ်ပြန့်များပြား သော ပတ္တမြားနှင့်နီလာသိုက်များသည် တူးဖော်လို့ကုန် သလောက်ဖြစ်သွားပြီဖြစ်သော်လည်း ပြည်တွင်း ကုမ္ပဏီပေါင်း ၁,၆၀၀ သည် ကျောက်မျက် Value Chain ၏အ ရည်အသွေးမြှင့်တင်ခြင်းအဆင့်တွင် ဆက်လက်လုပ်ကိုင်နေကြဆ ဲဖြစ်ပါ သည်။ ကျောက်မျက်နှင့်လက်ဝတ်ရတနာသည် ဤအရှေ့တောင်အာရှနိုင်ငံ၏အရေး အပါဆုံးပို့ကုန်ပစ္စည်းများထဲတွင်ပါဝင်ပြီး ၂၀၁၅ခုနှစ်တွင် စိန် ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁.၇ဘီလျံနှင့် ရောင်စုံကျောက်မျက်များ အမေရိကန်ဒေါ်လာ ၁ဘီလျံ အထိရှိနိုင်ပါသည်။ ရောင်စုံကျောက်များတွင် အချောထည်ပတ္တမြားနှင့် နီလာသည် စုစုပေါင်းတန်ဖိုး၏ ၅၀ရာခိုင်နှုန်းလောက် အထိ ရှိသည်ဟု ခန့်မှန်းရပါသည်။[143]

ထိုင်းနိုင်ငံသည် အထူးပြုအသိပညာ၊ လက်မှုပညာတို့နှင့်ပတ်သက်ပြီး ကျော်ကြားပါသည်။ ထိုင်းကျောက်သွေးသူများသည် ၎င်းတို့၏ အရည်အသွေး၊ ကျွမ်းကျင်မှုနှင့် အထူးပြုကျောက်သွေးပုံသွေးနည်းများအတွက် အသိအမှတ်ပြုခံရပါသည်။ ထိုင်း နိုင်ငံသည် ကျောက်များကိုအရောင်တင်ရာတွင်လည်း နာမည်ကြီးပြီး အရောင်တင်ထားသောကျောက်များ၏ ၈၀ရာခိုင်နှုန်းကို ထိုင်းနိုင်ငံတွင် အရောင်တင်ထားသည်ဟု ခန့်မှန်းရပါသည်။[144] ထိုင်းနိုင်ငံ ကျောက်မျက်နှင့်လက်ဝတ် ရတနာတက္ကသိုလ် (GIT)နှင့် အမေရိကန်နိုင်ငံ၏ကျောက်မျက်ဗေဒတက္ကသိုလ်(GIA) နှင့်ဆက်နွယ်နေသော ဗဟိုဌာနအစရှိသည့် ကျောက်မျက် ဆိုင်ရာသင်တန်းကျောင်းများ ကြောင့်လည်းကျော်ကြားပြီး မာဆင့်မြင့်သောတွင်းထွက်များနှင့်ပတ်သက်ပြီး လေ့ကျင့်သင်ကြား ခြင်းနှင့် သုတေသနပြုလုပ်ခြင်း၌ ကမ္ဘာပေါ်တွင်ဦးဆောင်လျက်ရှိပါသည်။ ဥပမာအားဖြင့် GIT သည် ပတ္တမြားနှင့် နီလာတို့ တွင် မကြာခဏဆုံးဖြတ်ရခက်ခဲလေ့ရှိသောအရောင် အနအရင့်အဆင့်ဆင့်ကို တစ်စုတစ်စည်းတည်း သတ်မှတ်ပေးသော မာစတာအတွဲများကို စတင်ပြုစုခဲ့ပါသည်။[145]

အထူးကုန်သွယ်ရေးဇုန်များနှင့် ပြပွဲများကလည်း ထိုင်းကုမ္ပဏီများအား ကမ္ဘာ့စျေးကွက်အား ရရှိနိုင်စေရန် အကူအညီပေး ပါသည်။ ထိုင်းနိုင်ငံ တွင် မကြာသေးမီကပြုလုပ်သည့် တစ်နှစ်နှစ်ခါကျင်းပသော ဘန်ကောက်ကျောက်မျက်နှင့်လက်ဝတ် ရတနာပွဲတွင် တစ်ကမ္ဘာလုံးမှလာရောက် ဝယ်ယူသူ အယောက် ၁၇,၀၀၀လောက်ကို စွဲဆောင်နိုင်ခဲ့ပါသည်။[146] ထိုင်းနိုင်ငံ၏ အဓိကလေဆိပ်နှင့်ကပ်လျက်တွင်တည်ရှိ သော တစ်နေရာ တည်းတွင် ကျောက်မျက်နှင့်လက်ဝတ်ရတနာအားလုံး ဝယ်ယူနိုင် သည့် "ကျောက်မျက်မြို့တော်(Gemopolis)"ကိုလည်း အစိုးရက ထားရှိ ပေးပါသည်။ လာမည့်နှစ်များတွင် ထိုင်းနိုင်ငံသည် ကျောက်မျက်ထုတ်လုပ်သောမြန် မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့နှင့်ထိစပ်နေသောနယ်စပ်တွင် ကျောက်မျက်နှင့်လက်ဝတ် ရတနာအထူးပို့ကုန်ဇုန်များ(SEZs)တည်ထောင်ရန် စီစဉ်ထားပါသည်။[147]

ငွေကြေးဆိုင်ရာမက်လုံးမျိုးစုံကလည်း ယှဉ်ပြိုင်နိုင်စွမ်းအပေါ် အထောက်အကူဖြစ်စေပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့သည် စက်ယန္တရားများနှင့် ကုန်ကြမ်းများတင်သွင်းခြင်းအတွက် အကောက်ခွန်နှင့် ထိုင်းနိုင်ငံတွင် ကျင်းပသော ဘန်ကောက် ကျောက်မျက်နှင့် လက်ဝတ်ရတနာပွဲအတွက် Value-added Tax တို့ကို ကင်းလွတ်ခွင့်ပေးရန် အတည်ပြုခဲ့ပါသည်။ SEZ များတွင် ရင်းနှီး မြှုပ်နှံသူများအတွက်ခံစားခွင့်များတွင် ၈နှစ်ကုမ္ပဏီဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် နောက်ထပ် ၅နှစ်ကုမ္ပဏီဝင်ငွေခွန် ၅၀ရာခိုင်နှုန်း သက်သာခွင့်၊ စက်ယန္တရားများနှင့် ကုန်ကြမ်းတင်သွင်းခြင်းအတွက် အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ကျွမ်းကျင်မှုမလိုအပ်သောအလုပ်များအတွက် နိုင်ငံခြားသားများအား အလုပ်ခန့်အပ်ခွင့်တို့ ပါဝင်ပါသည်။[148]

ထိုင်းနိုင်ငံတွင် တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းတိုးတက်လာခြင်းသည် ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၊ စက်မှုဝန်ကြီး ဌာန၏ ကျောက်မျက် နှင့် လက်ဝတ်ရတနာလုပ်ငန်းများ ဗဟိုဌာန၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံကျောက်မျက်နှင့်လက်ဝတ်ရတနာတက္ကသိုလ်အပါအဝင် အစိုးရအဖွဲ့ အစည်းပေါင်းစုံ၏ တက်ကြွစွာပူးပေါင်းကူညီမှုကြောင့်ဖြစ်သည်ကို မှတ်သားရန်အရေးကြီးပါသည်။ အခွန်ဆိုင်ရာခံစားခွင့်များနှင့် အသေးစားနှင့်အလတ်စားကျောက်မျက်နှင့်လက်ဝတ်ရတနာလုပ်ငန်းများအား ပံ့ပိုးမည့်"ကျောက်မျက်ဘဏ်များ" တည်ထောင်မှုတို့အတွက် အောင်မြင်စွာ တိုက်တွန်းပြောဆိုနိုင်ခဲ့သော ထိုင်းကျောက်မျက်နှင့်လက်ဝတ်ရတနာကုန်သည်များ အသင်း၊ ထိုင်းစိန်ထုတ်လုပ်သူများအသင်းနှင့် ထိုင်းကျောက်မျက်နှင့်လက်ဝတ်ရတနာထုတ်လုပ်သူများအသင်းအပါအဝင် ကျောက်မျက်ကဏ္ဍမှအဖွဲ့အစည်းများကလည်း တန်းတူအကျိုးပြုခဲ့ပါသည်။[149]

ထိုင်းနိုင်ငံ၏ အတွေ့အကြုံသည် အချောထည်ထုတ်လုပ်မှုလုပ်ငန်းများ ချဲ့ထွင်ရန်ကြိုးပမ်းနေသော အခြားနိုင်ငံများအတွက် အတုယူစရာ ဖြစ်သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ဈေးကွက်တွင် ၎င်း၏ကောင်းမွန်သောအနေအထားအား ထိန်းသိမ်းရန် အလို့ငှာ ဆက်လက်တိုးတက် ပြောင်းလဲရန် လိုအပ်ပါသည်။ ထိုင်းစီးပွားရေးလုပ်ငန်းများသည် ထုတ်လုပ်မှု အားကောင်းပြီး အရေအတွက်အမြောက်အများ ထုတ်လုပ်ခြင်း ကြောင့် တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာသည့် အိန္ဒိယနှင့် တရုတ်နိုင်ငံများကဲ့သို့သော နိုင်ငံများ၏ တိုးမြင့်လာသော ယှဉ်ပြိုင်မှု ကို ရင်ဆိုင်ရပါသည်။ တစ်ချိန်တည်းမှာပင် သီရိလင်္ကာနိုင်ငံကဲ့သို့ နောက်ပိုင်းထွက်ပေါ်လာသော ပြိုင်ဖက်များကလည်း ပြည်တွင်းထုတ်လုပ်မှု၊ ပိုမိုထိရောက်သောကြော်ငြာခြင်း၊ နည်းပါးသောလုပ်အားခနှင့် ရောင်စုံကျောက်မျိုးစုံအား ဆင့်တက်ပြုပြင်ရာတွင်အရည်အသွေးတိုးတက်လာခြင်းတို့ကြောင့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါသည်။[150]

## လေ့လာမှု - ဘော့ဆွာနာနိုင်ငံ

စိန်တူးဖော်ခြင်းသည် ဘော့ဆွာနာနိုင်ငံ၏ကောင်းမွန်ပြီးရေရှည်တည်တံ့သောတိုးတက်မှုကို အထောက်အပံ့ပေးပြီး လူတစ်ဦး ချင်းဝင်ငွေသည် ၁၉၆၆ခုနှစ်နှင့် ၁၉၉၉ခုနှစ်အကြား နှစ်စဉ်၇ ရာခိုင်နှုန်း၊ ၂၀၀၀ခုနှစ်နှင့် ၂၀၀၈ခုနှစ်အကြား နှစ်စဉ်၄ရာခိုင်နှုန်း တိုးတက်ပါသည်။[151] Michael Lewin စသည့် လေ့လာသုံးသပ်သူများက အဆိုပါနိုင်ငံ၏ ထူးထူးခြားခြားတိုးတက်အောင်မြင်မှုကို ဖြစ်ပေါ်စေသောအကြောင်းအချက် များစွာကိုပြောဆိုခဲ့ပြီး ပိုင်ဆိုင်မှုအခွင့်အရေးအား လေးစားခြင်း၊ ဒေသခံလူမျိုးစု ခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ အမျှော်အမြင် ရှိသော ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးမူဝါဒများပါဝင်ပါသည်။[152] ထိုအချက်များထဲတွင်အရေးအကြီး ဆုံးမှာ အစိုးရနှင့် De Beers ကုမ္ပဏီအကြား ထူးခြားသောဆက်ဆံရေးဖြစ်နိုင်ပြီး အဆိုပါ ကုမ္ပဏီသည် ၁၉၉၀ပြည့်နှစ်များကတည်းကစ၍ စိန်ဈေးကွက်ကို တစ်ဦးတည်းနီးပါး ချုပ်ကိုင်ချယ်လှယ်ခဲ့ပါသည်။[153]

၁၉၉၀ပြည့်နှစ်များတွင် အကြီးစားထုတ်လုပ်မှုများအားစတင်လုပ်ကိုင်ခဲ့ကတည်းက De Beers ကုမ္ပဏီ၏ ထုတ်လုပ်မှုနှင့် အမြတ်အများစု သည် ယေဘုယျအားဖြင့် ဘော့ဆွာနာ နိုင်ငံမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘော့ဆွာနာနိုင်ငံအနေဖြင့် ပို၍အကျိုးအမြတ်ရှိ သောသဘောတူညီချက်များကို အဆိုပါကုမ္ပဏီနှင့်တိုး၍ပြုလုပ်ရန် ယခင်မရရှိခဲ့ဖူးသော အခွင့်အလမ်းများ ရရှိခဲ့ပါသည်။ ဘော့ဆွာနာနိုင်ငံအစိုးရ သည် Debswana ဟု ခေါ်သော De Beers ကုမ္ပဏီနှင့်ဖက်စပ်လုပ်ကိုင်မှုတွင် ၎င်း၏ ရှယ်ယာပမာဏအား ၁၅ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းအထိလည်းကောင်း၊ စိန်ရောင်းချရမှု၏ထုတ်လုပ်မှုဝေစုအား ၈၅ရာခိုင်နှုန်း အထိလည်းကောင်း အောင်မြင်စွာညှိနှိုင်း၍တိုးမြှင့်နိုင်ခဲ့ပြီး ဘော့ဆွာနာနိုင်ငံရှိတွင်းများမှ ထွက်ရှိသောစိန်များ၏ ၁၅ရာခိုင်နှုန်း အား လွတ်လပ်စွာဈေးကွက်ရှာဖွေရောင်းချခွင့်ကို လည်းရယူနိုင်ခဲ့ပါသည်။ ဘော့ဆွာနာနိုင်ငံသည် ယခုအခါတွင် Debswana ဖက်စပ် လုပ်ငန်း၏ ဒါရိုက်တာဘုတ်အဖွဲ့ တစ်ဝက်အပြင် ၎င်း၏ မိခင်ကုမ္ပဏီဖြစ်သော De Beers ကုမ္ပဏီ၏ ဒါရိုက်တာဘုတ် အဖွဲ့၏ အဖွဲ့ဝင်နှစ်ဦးကိုလည်း ခန့်အပ်လျက်ရှိပါသည်။[154]

သို့သော်လည်း ဘော့ဆွာနာနိုင်ငံသည် ၎င်း၏စီးပွားရေးအား ကျောက်မျက်ထုတ်လုပ်မှု တစ်ခုတည်းကိုသာမှီခိုခြင်းမပြုရန် အရေးတကြီးလိုအပ်နေပြီးရှာဖွေတွေ့ရှိထားသောစိန်တွင်း များထွက်ရှိမှုကျဆင်းလာသဖြင့်၁၀ကြိမ်မြောက်နိုင်ငံတော်ဖွံ့ဖြိုးရေး စီမံကိန်းတွင် တန်ဖိုးမြှင့် တင်ခြင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအား မဟာဗျူဟာကျသော ဦးစားပေးဆောင်ရွက်မှုအဖြစ် သတ်မှတ်ထားပါသည်။[155] ဘော့ဆွာနာနိုင်ငံသည် De Beers ကုမ္ပဏီနှင့် ဆက်ဆံရေးအား အသုံးပြု၍ အဆိုပါကုမ္ပဏီ၏ ကမ္ဘာ့အဆင့်မီအမျိုးအစားခွဲခြား သတ်မှတ်ခြင်းနှင့် တန်ဖိုးဖြတ်ခြင်းလုပ်ငန်းများအား လန်ဒန်မြို့မှ Gaborone မြို့သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရန် ၎င်း၏သဘောတူညီ ချက်များအားပြန်လည်ညှိနှိုင်းဆွေးနွေးမှုများပုံမှန်ပြုလုပ်ခဲ့ပါသည်။ တစ်ဖက်တွင်လည်း ဘော့ဆွာနာနိုင်ငံသည်ကမ္ဘာပေါ်တွင်ကျော်ကြားသောကျောက်သွေးလုပ် ငန်းနှင့်အချောထည်ပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်သောကုမ္ပဏီများအား ၎င်းတို့၏စက်ရုံများကိုဘော့ဆွာနာနိုင်ငံတွင် လာရောက်ဖွင့်လှစ်ရန်နှင့် ၎င်းတို့၏ ကျောက်သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်းဆိုင်ရာ အတတ်ပညာများကို ပြည်တွင်းလုပ်သားများအား လက်ဆင့်ကမ်း သင်ကြားပေးရန်ဖိတ်ခေါ်ခဲ့ပါသည်။ အကြမ်းထည်နှင့် အချောထည်စိန်များနှင့် ပတ်သက်သောကိစ္စရပ် အားလုံးအတွက် နည်းပညာဆိုင်ရာအသေးစိတ် လေ့ကျင့်သင်ကြားမှုပေးရန် စိန်သင်တန်းကျောင်းကိုလည်း တည်ထောင်ခဲ့ပြီး ထောင်ပေါင်း များစွာသော ပြည်သူများအတွက် အလုပ်အကိုင်ရရှိစေခဲ့ပါသည်။[156]

၂၀၁၄ခုနှစ်ရောက်သည့်အခါ ဘော့ဆွာနာနိုင်ငံသည် အကြမ်းထည်စိန်များအား ပုံမှန်ထောက်ပံ့ပေးနိုင်ခြင်း၊ ကမ္ဘာ့ဈေးကွက် များနှင့်ချိတ်ဆက် မိခြင်း၊ တစ်ကမ္ဘာလုံးမှကျွမ်းကျင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုရရှိခြင်း၊ နိုင်ငံတကာအဆင့်အတန်းမီအောင် လေ့ကျင့် သင်ကြားထားသော ကျွမ်းကျင်မှုပြည့်ဝသောလုပ်သားများတိုးများလာခြင်းနှင့် လုပ်အားခများနည်းပါးခြင်းအပါအဝင် စိန်သွေး ဈေးကွက်များတွင် ဦးဆောင်နိုင်ခြင်း၏ အကျိုးကျေးဇူးများစွာကို ခံစားနိုင်ပြီဖြစ်ပါသည်။ သို့သော်လည်း ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် အသင့်မဖြစ်သေး ခဲ့ပါ။ ကမ္ဘာပေါ်တွင် ခန့်မှန်းခြေ တန်ဖိုးအားဖြင့် စိန် ၉၀ရာခိုင်နှုန်းလောက်ကို သွေးနေသော အိန္ဒိယနိုင်ငံမှလုပ်သားများနှင့်ယှဉ်လျှင်ဘော့ဆွာနာနိုင်ငံမှလုပ်သားများသည် လုပ်အားခနှင့်အတတ်ပညာအဆင့်အတန်းအရ မတိမ်းမယိမ်းရှိသော်လည်းထုတ်လုပ်မှုနှုန်းများ စွာနိမ့်ကျနေခဲ့ပါသည်။[157] အိန္ဒိယမှကျောက်သွေးသမားများသည် ရင်းနှီးမြှုပ်နှံမှု တစ်ဒေါ်လာလျှင် ၂ဆ သို့မဟုတ် ၃ဆလောက် ဘော့ဆွာနာနိုင်ငံမှ ကျောက်သွေးသမားများထက်ပို၍ အလုပ်ပြီးမြောက်အား ကောင်းသည်ဟု သိရှိရပါသည်။

ထိုအချက်သည် ၂၀၁၂ခုနှစ်တွင် အကြမ်းထည်နှင့် အချောထည်စိန်များအကြား ဈေးနှုန်းကွာခြားမှုကျဉ်းမြောင်းလာပြီး ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ခုနှစ်ကြားတွင် စိန်ဈေးနှုန်းများ ကျဆင်းလာကာ ကျောက်သွေးလုပ်ငန်းများ အမြတ်နည်းပါးလာသည်နှင့်အမျှ ပို၍ သိသာလာခဲ့ပါသည်။ ထိုကြောင့် ကုမ္ပဏီများစွာသည် အာဖရိကတိုက်တောင်ပိုင်းရှိ ၎င်းတို့၏တွက်ချေမကိုက်တော့သော ကျောက်သွေးခြင်းနှင့် အချောထည်ပြုလုပ်ခြင်းလုပ်ငန်းများအား ရပ်ဆိုင်းခဲ့ပြီး ဘော့ဆွာနာနိုင်ငံရှိ ကျောက်သွေးခြင်းနှင့် အချောထည်ပြုလုပ်သော စက်ရုံများသို့ ပေးပို့နေသော အကြမ်းထည်စိန်များ၏ တန်ဖိုးသည် ၂၀၁၄ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၉၃၆.၃၆သန်းမှ ၂၀၁၅ခုနှစ်တွင် ၅၀၂.၁၆သန်းသို့ ကျဆင်းခဲ့ ပါသည်။[158] ဘော့ဆွာနာနိုင်ငံသည် ပြည်တွင်းအရည် အသွေးမြှင့်တင်ခြင်းလုပ်ငန်းများအား ပံ့ပိုးရန် လုပ်ဆောင်မှုများ (ဥပမာအားဖြင့် ၂၀၁၆ခုနှစ်၊ ဇူလိုင်လတွင် နိုင်ငံရပ်ခြား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းအနေဖြင့် ပြည်တွင်းဘဏ်လုပ်ငန်းကဏ္ဍနှင့်ညှိနှိုင်း၍ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၅၀၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၁၂၅သန်းအား ကျောက်သွေးခြင်းနှင့် အချောထည်ပြုလုပ်သော ကုမ္ပဏီများ အတွက် ရေရှည်ငွေကြေးထောက်ပံ့မှုရရှိစေရန်အလို့ငှာ ထုတ်ချေးပေးရန်သဘောတူခဲ့ခြင်း[159]) ပြုလုပ်ခဲ့သော်လည်း ဘော့ဆွာနာနိုင်ငံ အနေဖြင့် ယှဉ်ပြိုင်မှုပြင်းထန်သော ကမ္ဘာ့ဈေးကွက်တွင် အသားစီးရရှိမှုအနေအထားကို ထိန်းသိမ်းထားနိုင်မည် မထားနိုင် မည်မှာ မသေချာပါ။.

ဘော့ဆွာနာနိုင်ငံ၏ဖြတ်သန်းခဲ့ရသောလမ်းကြောင်းသည် ကျောက်မျက်တူးဖော်ရေး အခြေပြုစီးပွားရေးမှ ယှဉ်ပြိုင်နိုင်စွမ်း သည် သယံဇာတပိုင်ဆိုင် မှုထက် ပြည်တွင်းလုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား စွဲဆောင်နိုင်သော အနေအထားများအပေါ် ပိုမိုမူတည်သောထုတ်လုပ်မှုအခြေပြုစီးပွားရေးသို့အသွင်ကူးပြောင်းရာတွင် မဖြစ်မနေရင်ဆိုင်ရသော စိန်ခေါ်မှုများကို မီးမောင်းထိုးပြနေပါသည်။ နိုင်ငံ၏သမိုင်းတလျောက်လက်တွေ့ကျသောမူဝါဒရေးဆွဲခြင်းနှင့် အင်အားကြီးမား သာစိန်ကုမ္ပဏီဖြစ်သည့်De Beersကုမ္ပဏီနှင့်ပတ်သက်မှုတို့သည်ဘော့ဆွာနာနိုင်ငံအားစိန်ထုတ်လုပ်သောနိုင်ငံများ အကြား ထူးထူးခြားခြားအောင် မြင်မှုရရှိစေခဲ့ပါသည်။ သို့သော်လည်းဘော့ဆွာနာနိုင်ငံ၏အတွေ့အကြုံအရ အဆိုပါစက်ရုံများသည် ပြည်တွင်းတန်ဖိုးမြှင့်တင် ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းအား အထောက်အကူ ဖြစ်စေရာတွင် အသုံးဝင်သော်လည်း သို့မဟုတ် လိုအပ်သော်လည်း ထိုစက်ရုံများရှိရုံဖြင့်မလုံလောက်ပါ။ ဘော့ဆွာနာနိုင်ငံ၏ ရည်မှန်းချက်များနှင့်ဆင်တူသော ရည်မှန်းချက်များရှိသည့်နိုင်ငံများအနေဖြင့် မှန်ကန်သောမူဝါဒများကို အကောင်အထည်ဖော်ရမည်သာမကဘဲ အတွေ့အကြုံရင့်သော ကျောက်မျက်ဆင့်တက်ပြုပြင်သောနိုင်ငံများနှင့်ယှဉ်လျှင် အသာစီးရရှိနိုင်မည့် ရှင်းလင်းတိကျသောနည်းလမ်းများ ဖော်ထုတ် ခြင်းကိုလည်း အာရုံစိုက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

# (၆) - ကုန်သွယ်ရေးမူဝါဒများအား ပြန်လည်သုံးသပ်ခြင်း

အစိုးရ၏ မူဝါဒပိုင်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နိုင်သောနည်းလမ်းများထဲကမှ ကုန်သွယ်မှုအပေါ် ကန့်သတ်ခြင်းသည် ပြည်တွင်းတွင် တန်ဖိုး မြှင့်တင်ဆင့်တက်ပြုပြင်ခြင်း ဆောင်ရွက်ရန်အားပေးသောနည်းလမ်းတစ်ရပ်ဖြစ်နိုင်ပါသည်။ အဆိုပါ ရည်ရွယ်ချက်အတွက် မကြာသေးမီနှစ်များ တွင် အီသီယိုးပီးယား၊ ကန်ညာ၊ မဒါဂတ်စကာနှင့် တန်ဇန်နီးယားနိုင်ငံများ၌ ကျောက်မျက်အကြမ်းထည်များတင်ပို့မှုကို တားမြစ်ချက်ထုတ်ပြန်ခဲ့ပါသည်။ အခြားကျောက်မျက်ထုတ်လုပ်သောနိုင်ငံများ တွင်လည်း ကျောက်မျက်အကြမ်းထည်များတင်ပို့မှုအတွက် ပို့ကုန်အကောက်ခွန်ကို အချောထည်ကျောက်မျက်များထက် ပိုမိုမြင့်မားစွာသတ်မှတ်ထားပါသည်။

အဆိုပါအစီအမံများသည်သီအိုရီအရမှန်ကန်နိုင်သော်လည်း ကျင့်သုံးသောနိုင်ငံအများစုတွင် အဆိုပါမူဝါဒများအား မျှော်မှန်း ထားသည့်အတိုင်း အကောင်အထည်ဖော်ရန် ကျောက်မျက်ကုန်သွယ်မှုအပေါ် လုံလောက်စွာထိန်းချုပ်နိုင်ခြင်းမရှိကြပါ။ အထူးသဖြင့်ရောင်စုံကျောက်မျက်ကဏ္ဍတွင်ကျောက်မျက်ထုတ်လုပ်သောနိုင်ငံများရှိအများပြည်သူဆိုင်ရာအဖွဲ့အစည်းများက အစီရင်ခံလာသောတင်ပို့မှုကိန်းဂဏန်းများ၊ ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများက အစီရင်ခံသောတင်သွင်းမှုကိန်းဂဏန်းများနှင့် အစိုးရ သို့မဟုတ် လွတ်လပ်သောအဖွဲ့အစည်းများက ခန့်မှန်းသော ကျောက်မျက်ထုတ်လုပ်မှုများအကြား သိသိသာသာ ကွာခြားမှုများရှိနေခြင်းကြောင့် မှောင်ခိုရောင်းဝယ်ခြင်းနှင့်လျှော့ပေါ့ အစီရင်ခံခြင်းတို့ မြင့်မားသောအတိုင်းအတာတစ်ခုအထိ ဖြစ်ပွားနေကြောင်း ပေါ်လွင်ပါသည်။[160]

## တင်ပို့မှုတားမြစ်ခြင်းများအား ဆန်းစစ်ခြင်း

မဒါဂတ်စကာနိုင်ငံနှင့် တန်ဇန်နီးယားနိုင်ငံများတွင် ဖော်ပြထားသည့်အတိုင်း ကျောက်မျက်အကြမ်းထည်တင်ပို့မှုအား တားမြစ်ခြင်းများသည် ယေဘုယျအားဖြင့် အောက်ပါအချက်များကြောင့်ရည်ရွယ်ထားသောဦးတည်ချက်များထံမရောက်ရှိဘဲ ကျောက်မျက်ကဏ္ဍအပေါ် ဆိုးရွားသော သက်ရောက်မှုဖြစ်စေပါသည် -

- ပြည်တွင်းတန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်းအား တိုးတက်အောင် မဆောင်ရွက်နိုင်ခြင်း။ ပြည်တွင်းတန်ဖိုးမြှင့်တင်ခြင်းလုပ်ငန်း များသည် အသစ်တူးဖော်ရရှိသော ကျောက်မျက်အမြောက်အများအား နိုင်ငံတကာအရည်အသွေးပြည့်မီအောင် ကုန်ကျ စရိတ်သက်သာပြီး အချိန်မီဆင့်တက်ပြုပြင်ခြင်းမဆောင်ရွက်နိုင်ပါက အစိုးရများသည် ကုန်ထုတ်စွမ်းအားပို၍ကောင်း သော နေရာများသို့ ကျောက်မျက် များအားပေးပို့မှုကို တားဆီးရာတွင် အခက်အခဲများရင်ဆိုင်ရပါမည်။ ယနေ့အထိ တင်ပို့မှုတားမြစ်ထားသောနိုင် ငံများသည်ယေဘုယျအားဖြင့် ထွက်ရှိသောကျောက်မျက်များအားလုံလောက်စွာဆင့်တက် ပြုပြင်နိုင်စွမ်းမရှိပါ။
- တရားမဝင်ဆောင်ရွက်မှုကို အားပေးခြင်း။ ကုန်သွယ်မှုတားမြစ်ခြင်းသည် ကျောက်မျက်များအား နိုင်ငံပြင်ပသို့ ထုတ်ယူ ခြင်းကို တားဆီးနိုင်ဖွယ်မရှိဘဲ တရားမဝင်ပြည်ပသို့ တင်ပို့ရန် အလားအလာကိုသာ မြင့်တက်စေပါသည်။ ရောင်းဝယ်မှု များအား တရားမဝင် နယ်ပယ်အတွင်းသို့ရောက်ရှိအောင် တွန်းအားပေးခြင်းသည် မှောင်ခိုကွန်ရက်အား ခိုင်မာလာစေရန် အထောက်အပံ့ဖြစ်စေနိုင်ပြီး ကုန်သွယ်မှုတားမြစ်ခြင်း အားလျှော့ပေါ့ပေးလိုက်ပြီးနောက်ပိုင်းတွင်ပင် တရားဝင်လုပ်ငန်း စဉ်အား ပိုမိုအလွယ်တကူ ရှောင်ရှားနိုင်စေပါသည်။

- စီးပွားရေးလုပ်ဆောင်မှုအပေါ် အကျပ်အတည်းဖြစ်ပေါ်စေခြင်း။ လက်ကားရောင်းချမှုအပေါ်တားမြစ်ခြင်းသည် ကျောက် မျက် Value Chain တစ်ခုလုံးတွင် လုပ်ငန်းလုပ်ဆောင်မှုများအား ကျဆင်းစေပြီး အစိုးရနှင့်ကုမ္ပဏီများအား ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်ခြင်းမှရရှိသောအမြတ်(Operating Income)ဆုံးရှုံးစေပါသည်။ တရားဝင်စနစ်အတိုင်းလုပ်ကိုင်ဆောင် ရွက်သူများသည် ဆိုးရွားသောသက်ရောက်မှုများကို များစွာပို၍ခံစားပါသည်။

### ကျောက်မျက်တင်ပို့မှုများအား တားမြစ်ခြင်း - မဒါဂတ်စကာနိုင်ငံနှင့် တန်ဇန်နီးယားနိုင်ငံ

| မဒါဂတ်စကာနိုင်ငံ | တန်ဇန်နီးယားနိုင်ငံ |
|---|---|
| ၂၀၀၈ခုနှစ်တွင် မဒါဂတ်စကာနိုင်ငံ၌ ကျောက်မျက်အကြမ်း ထည်တင်ပို့မှုကို တားမြစ်ခဲ့ပါသည်။ အဆိုပါတားမြစ်မှုသည် ၂၀၀၉ခုနှစ်တွင် အာဏာသိမ်းမှုမဖြစ်ပေါ်ခင်အထိရှိခဲ့ပါသည်။ အဆိုပါတားမြစ်ချက်ကို သမ္မတက ၎င်း၏ကိုယ်ပိုင်အကျိုး အမြတ်အတွက် Reunionကျွန်းသို့ တရားဝင်သယ်ဆောင် လာသော ရှားပါးမြအမျိုးအစားနမူနာပစ္စည်းတစ်ခုကို ပြန်လည် ရယူနိုင်ခြင်းမရှိခဲ့ပြီးနောက် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။ နောက်ပိုင်းတွင် အစိုးရက အဆိုပါတားမြစ်ချက်သည် ပြည်တွင်းတန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းဖွံ့ဖြိုးရေး အတွက် အထောက်အကူပြုသည်ဟု ဆိုပါသည်။[161]<br><br>ယခင်က ကမ္ဘာ့ဘဏ်၏ တွင်းထွက်အရင်းအမြစ်များစီမံအုပ်ချုပ်မှုစီမံကိန်း (World Bank’s Mineral Resources Governance Project) တွင် နိုင်ငံတကာရောင်စုံကျောက် မျက်အသင်း (International Colored Gem Association) ၏ မဒါဂတ်စကာနိုင်ငံအတွက် သံတမန်ဖြစ်သော Tom Cushman ၏ ကြီးကြပ်မှုအောက်တွင် ကျောက်မျက်ဗေဒ တက္ကသိုလ်များ၊ ကျောက်သွေးပညာသင်ကျောင်းများနှင့် ကျောက်မျက်ဓာတ်ခွဲခန်းများတည်ထောင်ခြင်းကို ထည့်သွင်း ထားပါသည်။ ဆယ်နှစ်ကာလတွင်အဆိုပါကျောင်းက မဒါဂတ်စကာနိုင်ငံမှ ကျောက်သွေးသမားပေါင်း ၄၀၀ ကျော်ကို မွေးထုတ်ပေးခဲ့ပြီး ထိုကျောင်းမှအောင်မြင်သွားသူများသည် ခန့်မှန်းခြေ စီးပွားရေးလုပ်ငန်းပေါင်း ၁၀၀ခန့်တည်ထောင် လုပ်ကိုင်ခဲ့ကြပါသည်။[162]<br><br>ကံမကောင်းစွာဖြင့် အဆိုပါလုပ်ငန်းအတော် များများသည် ကုန်သွယ်မှု တားမြစ်ခြင်းကြောင့် ပိတ်သိမ်းခဲ့ရပါသည်။ ထိုသို့ပတ်သိမ်းခဲ့သဖြင့် ပြည်ပမှဝယ်ယူသူများ ပြန်လည် ထွက်ခွာသွားခြင်းကြောင့် မဒါဂတ်စကာနိုင်ငံသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၉ သန်းဆုံးရှုံးခဲ့ပြီး နိုင်ငံသားတစ်ဦးဖော် သူဦးရေပေါင်း ၁.၅သန်း လောက်လည်း ဝင်ငွေရရှိမှုကျဆင်း ခဲ့ပါသည်။[163] | ၂၀၁၀ခုနှစ်ကတည်းက တန်ဇန်နီးယားနိုင်ငံသည် တစ်ကာ ရက်ထက် ပိုလေးသော တန်ဇန်နိုက်ကျောက်အကြမ်းထည်များအား တင်ပို့မှုကို တားမြစ်ခဲ့ပါသည်။ နိုင်ငံ၏ ၂၀၀၉ခုနှစ် တွင်းထွက်မူဝါဒနှင့်ညီညွတ်သော အဆိုပါတားမြစ်ချက်သည် ပြည်တွင်း အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများအား ပံ့ပိုး ရန်နှင့် တန်ဇန်နီးယားနိုင်ငံအား “အာဖရိကတိုက်၏ ကျောက် မျက်ဗဟိုဌာန” တစ်ခုဖြစ်လာအောင်မြှင့်တင်ရန် ရည်ရွယ်ခဲ့ ပါသည်။[164]<br><br>အရေးယူဆောင်ရွက်မှုအား နည်းခြင်းနှင့် ကျောက်မျက်များအား နိုင်ငံတကာအဆင့်မီအောင် ဆင့်တက်ပြုပြင်နိုင်စွမ်း နိမ့်ကျခြင်းတို့ကြောင့် တင်ပို့မှုအပေါ်တားမြစ်ချက်သည် ထိရောက်မှုမရှိခဲ့ပါ။ တန်ဇန်နီးယားနိုင်ငံ၏ကျောက်မျက်ဗေဒ ဌာန(Tanzania Gemological Centre)အား တည်ထောင်ခဲ့ သော်လည်း အဆိုပါတားမြစ်မှုအား အကောင်အထည်ဖော်ပြီးနောက် လေးနှစ်အကြာ ၂၀၁၄ခုနှစ်ရောက်မှသာ ပထမဦးဆုံးသင်တန်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။[165]<br><br>“တန်ဇန်နိုက်ကျောက်အကြီးစားများကို နိုင်ငံအတွင်းမှ မှောင်ခိုထုတ်ယူမှုဆက်လက်ဖြစ်ပေါ်နေပြီး ထိုကျောက်များကို Tucson မြို့၊ ဘန်ကောက်နှင့် ဟောင်ကောင်တို့တွင် ကျင်းပသော အဓိကကျောက် မျက်ပြပွဲများတွင် တွေ့ရှိရသည်” ဟု ၂၀၁၅ခုနှစ်တွင် တန်ဇန်နီးယားနိုင်ငံ၏စွမ်းအင်နှင့်တွင်းထွက် ဝန်ကြီးက မှတ်ချက်ပြုခဲ့ပါသည်။[166] |

## ပို့ကုန်အကောက်ခွန်များအား သုံးသပ်ခြင်း

ကျောက်မျက်အကြမ်းထည်နှင့်အချောထည်အတွက်ကွဲပြားသောပို့ကုန်အကောက်ခွန်နှုန်းထားများသတ်မှတ်ခြင်းသည် ပို့ကုန်တားမြစ်ခြင်း လောက် လုပ်ငန်းလုပ်ကိုင်သူများအား တရားမဝင်ကဏ္ဍသို့တွန်းပို့ခြင်းမရှိသဖြင့် ပိုမိုကောင်းမွန်နိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်သူများက မက်လုံးအသစ်များအား ရယူနိုင်အောင်ကြိုးပမ်းကြသဖြင့် အချိန်ကြာလာသည်နှင့်အမျှမတူညီသောနှုန်းထားဖြင့် အကောက်ခွန်ကောက်ခံခြင်းသည် စွမ်းဆောင်ရည်အား ပိုမိုတိုးတက်လာစေပြီး ကုန်သွယ်မှုတားမြစ်ခြင်းများသည် ကြာကြာကျင့်သုံးလေ ထိရောက်မှုလျော့နည်းလာလေ ဖြစ်လေ့ ရှိပါသည်။

သို့သော်လည်း မက်လုံးများပေးရာတွင် အကောက်ခွန်နှုန်းထားတစ်ခုတည်းအားပြောင်းလဲခြင်းဖြင့် သင့်လျော်သောဟန်ချက် တစ်ခုကို ထိန်းညှိ ခြင်းသည် ခက်ခဲနိုင်ပါသည်။ အချောထည်ကျောက်များအတွက် ပို၍သာလွန်ကောင်းမွန်သော သတ်မှတ် ချက်များသည် လက်တွေ့ထက် စာရွက်ပေါ်တွင်သာ ပိုမိုစွဲဆောင်မှုရှိပြီး အရည်အသွေးမြှင့်တင်ခြင်းဖြင့် တိုးမြှင့်လိုက်သော တန်ဖိုးသည် အခွန်နှုန်းထားသက်သာခြင်းနှင့်အနည်းဆုံးတစ်စိတ်တစ်ပိုင်းပြန်ကျေနေပါသည်။[167] အကောက်ခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းသည် ကျောက်များအား ပြည်တွင်းတွင် ဆင့်တက်ပြုပြင်ခြင်းဆောင်ရွက်ရန် ငွေကြေးအရမက်လုံးများ တိုးမြင့်စေသော်လည်း ပြည်တွင်းလုပ်ငန်းများသည် ကျောက်မျက်ပမာဏ အမြောက်အများ လက်ခံဆောင်ရွက်နိုင်စွမ်း မရှိသော နိုင်ငံများတွင် ပို့ကုန်အခွန်များတိုးမြှင့်ခြင်းသည် ပို့ကုန်တားမြစ်ခြင်းနှင့်အလားတူ သက်ရောက်မှုများရှိလေ့ ရှိပါသည်။[168]

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

Governments iကျောက်မျက်များအားကုန်သွယ်မှုအပေါ်ကန့်သတ်ခြင်းများလုပ်ဆောင်သော အစိုးရများသည် ထိုသို့လုပ်ဆောင်ရာတွင် ယေဘုယျအားဖြင့် ပြည်တွင်းတန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများအား လုံလောက်သောပံ့ပိုးမှုပေးခြင်း သို့မဟုတ် မူဝါဒများသည် လုပ်ငန်းလုပ်ကိုင်သူများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မည်သို့သက်ရောက်မှုရှိမည်ကို လုံလောက်စွာ ထည့်သွင်းစဉ်းစားခြင်းမရှိပါ။ မဒါဂတ်စကာ၊ တန်ဇန်နီးယားနှင့် အခြားနိုင်ငံများတွင် ကြုံတွေ့ရသော အတွေ့အကြုံများအရ ကုန်သွယ်မှုမူဝါဒများအား စီမံခန့်ခွဲခြင်းအတွက် အောက်ပါတို့အပါအဝင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များကို တွေ့မြင် နိုင်ပါသည် -

- ပြည်ပသို့တင်ပို့မှုအား တားမြစ်ခြင်း။ ကျောက်မျက်လက်ကားတင်ပို့မှုအပေါ် တားမြစ်ခြင်းသည် အထူးသဖြင့် လုံလောက် သောသတိပေးခြင်းနှင့်ကြိုတင်ပြင်ဆင်ခြင်း မရှိပါက Value Chainတစ်ခုလုံးတွင် အကျိုးရှိသောလုပ်ငန်းများကျဆင်းသွားစေပြီး တရားမဝင်လုပ်ဆောင်မှုများအား အားပေးရာရောက်နိုင်ပါသည်။
- ပြည်တွင်းကျောက်သွေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း။ ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများ သည် နိုင်ငံတကာအဆင့်မီအောင် ကျောက်မျက်များအားဆင့်တက်ပြုပြင်ခြင်းဆောင်ရွက်နိုင်စွမ်းမရှိပါက အကြမ်းထည် တင်ပို့မှုတားမြစ်ခြင်းနှင့်အခွန်တိုးမြှင့်ကောက်ခံခြင်းများသည် ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းအပေါ် အကျိုး ဖြစ်ထွန်းစေမည်မဟုတ်ပါ။ အကောင်းဆုံးမှာ မည်သည့်ကုန်သွယ်မှုဆိုင်ရာသက်မှတ်ချက်ကိုမဆို ပြည်တွင်းကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများအား ဆောက်ရွက်ပြီးမှသာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။
- နှုန်းထားများအား စံသတ်မှတ်ခြင်း။ နိုင်ငံတော်ကနိုင်ငံနယ်နိမိတ်များအားကျော်ဖြတ်၍တရားမဝင် ကုန်ကူးခြင်းကို ထိရောက်စွာထိန်းချုပ်နိုင်စွမ်းမရှိသည့်ဒေသများတွင် တစ်သတ်မတ်တည်းရှိသော အခွန်စည်းကြပ်ကောက်ခံမှုနှုန်း ထားများ သတ်မှတ်ရန် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မှောင်ခိုရောင်းဝယ်ခြင်းပြုလုပ်ရန် မက်လုံးများအား လျှော့ချနိုင်ပါသည်။
- အစိုးရအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း။ အကောက်ခွန်အာဏာပိုင်များနှင့် (အစိုးရဝန်ကြီး ဌာနများ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများစသည့်)ကျောက်မျက်ကဏ္ဍဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသော အစိုးရအဖွဲ့အစည်းများအကြား နီးကပ်စွာညှိနှိုင်းဆောင်ရွက်ခြင်းသည် လက်ရှိကြုံတွေ့ရသော အားနည်းချက်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်မျှဝေခြင်းကို ပိုမိုကောင်းမွန်စေနိုင်ပြီး နိုင်ငံတော်၏ကုန်သွယ်မှုမူဝါဒများအရေးယူဆောင်ရွက်ရေးနည်းလမ်းများအား ပို၍တစ်စုတစ်စည်းတည်းဖြစ်စေနိုင်ပါသည်။

# (၇) - တာဝန်ခံမှုအားကောင်းအောင် ဆောင်ရွက်ခြင်း

ဝယ်ယူသူများသည် ၎င်းတို့ဝယ်ယူသောပစ္စည်းများအား ထုတ်လုပ်သောအခြေအနေများအတွက် တာဝန်ယူမှုအတိုင်းအတာ တစ်ခုအထိ ရှိရမည်ကို တဖြည်းဖြည်းပိုမိုနားလည်လာကြပြီး ၎င်းတို့၏ဝယ်ယူမှုပုံစံများအား အလိုက်သင့်ပြောင်းလဲလာကြ ပါသည်။ ထိုသို့ပြောင်းလဲလာမှုကြောင့် အချို့သောစံနှုန်းများနှင့်အညီ "တာဝန်ယူမှုရှိစွာရယူထားသော" ကျောက်မျက်များအား ဝယ်လိုအားမြင့်တက်လာပြီး ဥပမာအားဖြင့် ကလေးလုပ်သား သို့မဟုတ် အဓမ္မခိုင်းစေမှု၊ ဆိုးရွားသော သို့မဟုတ် ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော အလုပ်ခွင်ပတ်ဝန်းကျင်၊ ပဋိပက္ခများ သို့မဟုတ် အဂတိလိုက်စားမှုများနှင့်ဆက်နွယ်နေမှု သို့မဟုတ် သဘာဝပတ်ဝန်းကျင်၊ တိုင်းရင်းသားလူမျိုးများ သို့မဟုတ် အခြားထိခိုက်လွယ်သော လူ့အသိုက်အဝန်းများအပေါ် ကြီးမားသောထိခိုက်မှုမရှိဘဲ ထုတ်လုပ်ထားသော ကျောက်မျက်များဖြစ်ပါသည်။ ကျောက်မျက်များ၏ နောက်ကြောင်းသည် ၎င်းတို့၏ ဈေးကွက်တန်ဖိုးအပေါ် သက်ရောက်မှုရှိသဖြင့် လက်လီရောင်းချသူအများစုသည် နောက်ကြောင်းအပြည့်အဝ ပြန်လည်ဖော်ထုတ်နိုင်သော ထုတ်လုပ်မှုလမ်းကြောင်းများ(Supply Chains)ရရှိရန် ကြိုးပမ်းကြပါသည်။[169]

လက်ဝတ်ရတနာဈေးကွက်တွင် တာဝန်ယူမှုရှိသောရယူမှုအပေါ် အသားပေးလာမှုကြောင့် စိန်အကြမ်းထည်များအတွက် Kimberly လုပ်ငန်းစဉ်အသိအမှတ်ပြုမှုစနစ် (Kimberly Process Certification System) နှင့် ပဋိပက္ခဖြစ်ပွားသောနယ်မြေ များနှင့် ပဋိပက္ခဖြစ်ပွားနိုင်ခြေများသောနယ်မြေများမှလာသောတွင်းထွက်များ၏ တာဝန်ယူမှုရှိသောထုတ်လုပ်မှု လမ်းကြောင်း များ စစ်ဆေးရန် OECD၏ လမ်းညွှန်ချက် (OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas)တို့အပါအဝင် ဆောင်ရွက်မှုများကို များစွာလုပ်ဆောင်လာကြ ပါသည်။ သို့သော်လည်း အဆိုပါစနစ်များအားအကောင်အထည်ဖော်ခြင်းကို ပိုမိုကောင်းမွန်စေရန်နှင့် ရရှိလာသောသင်ခန်း စာများအား တာဝန်ခံမှုဆိုင်ရာစံနှုန်းများကျင့်သုံးရာ၌ စိန်နှင့်အခြားတွင်းထွက်ကုန်ပစ္စည်း အများစုထက်ပို၍အားနည်းသော ရောင်စုံကျောက်မျက်ကဏ္ဍတွင်အသုံးချနိုင်ရန်အတွက် ပိုမိုသတိပြုဆောင်ရွက်ရန်လိုအပ်ပါသည်။

## KIMBERLY လုပ်ငန်းစဉ်အသိအမှတ်ပြုမှုစနစ် (KIMBERLY PROCESS CERTIFICATION SCHEME)

Kimberlyလုပ်ငန်းစဉ်အသိအမှတ်ပြုမှုစနစ်(KPCS စနစ်)သည် အန်ဂိုလာနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လိုက်ဘေး ရီးယားနိုင်ငံနှင့် ဆီရာလီယွန်နိုင်ငံတို့တွင်ဖြစ်ပေါ်သော ပြည်တွင်းစစ်များတွင် "ပဋိပက္ခများနှင့်ဆက်နွယ်နေသည့်စိန်များ"နှင့် ပတ်သက်ပြီး အငြင်းပွားမှုများမြင့်တက်လာသဖြင့် ကုလသမဂ္ဂက စိန်အကြမ်းထည်များအတွက် အစိုးရဦးစီးသော နိုင်ငံတစ် နိုင်ငံနှင့် တစ်နိုင်ငံကြား အသိအမှတ်ပြုမှုစနစ် တစ်ရပ်ဖြစ်ပါသည်။ လက်ရှိတွင် စိန်ထုတ်လုပ်သောနိုင်ငံများအပြင် အဓိက ကုန်သွယ်မှုနိုင်ငံများနှင့် လက်လီဈေးကွက်များအပါအဝင် နိုင်ငံပေါင်း ၈၀ကျော်သည် အဆိုပါစနစ်အားကျင့်သုံးကြပါသည်။[170]

KPCS တွင် ပါဝင်သော စိန်အကြမ်းထည်အားလုံးသည် "ပဋိပက္ခနှင့်ကင်းလွတ်ကြောင်း" အသိအမှတ်ပြုပေးသည့် အစိုးရက ထုတ်ပေးသော Kimberly လုပ်ငန်းစဉ်အသိအမှတ်ပြုလက်မှတ် (Kimberley Process Certificate) ပါရှိရန် လိုအပ်ပါသည်။ အချောထည်ပြုလုပ်သည့်အပိုင်း တွင်လည်း KPCSတွင်ပါဝင်သောနိုင်ငံများသည် ကမ္ဘာ့စိန်ကောင်စီ (World Diamond Council)က သတ်မှတ်ထားသော "အာမခံမှုပေးသည့် စနစ်" အား ကျင့်သုံး၍ ကိုယ်တိုင်ထိန်းသိမ်းကြီးကြပ်

ကြပြီး အဆိုပါ စနစ်အရ စိန်အကြမ်းထည်နှင့် အချောထည်နှစ်မျိုးလုံးအား ဝယ်ယူသောနိုင်ငံများနှင့် ရောင်းချသောနိုင်ငံများက ပေးပို့လိုက် သော ကျောက်များသည် ကုလသမဂ္ဂ၏သတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိကြောင်း အတည်ပြုပေးရန်လိုအပ်ပါသည်။ အဖွဲ့ဝင် နိုင်ငံများသည် အမျိုးသားဥပဒေများပြဋ္ဌာန်းခြင်း၊ တင်ပို့မှုအကောင်အထည်ဖော်ခြင်း၊ တင်သွင်းမှုနှင့် အတွင်းကြီးကြပ်မှုစနစ် များ(Internal Controls)နှင့် သတင်းအချက်အလက်များအားပွင့်လင်းမြင်သာစွာဖလှယ်ခြင်းတို့ကိုဆောင်ရွက်ခြင်းပါဝင်သော အနည်းဆုံးလိုအပ်ချက်အချို့ကို ပြည့်မီရန်လည်းလိုအပ်ပါသည်။ KPCS အား အစိုးရများဖြင့်တရားဝင်ဖွဲ့စည်းထားသော်လည်း ချိုးဖောက်မှု များအား မှတ်တမ်းတင်ရာ၌ အဆိုပါလုပ်ငန်းစဉ်တွင် စောင့်ကြည့်သူများအဖြစ်ဆောင်ရွက်သော Kimberley လုပ်ငန်းစဉ်ဆိုင်ရာအရပ်ဘက်လူ့အဖွဲ့အစည်းများညွန့်ပေါင်းအဖွဲ့(Kimberly Process Civil Society Coalition)ကလည်း များစွာအကျိုးပြု ပါသည်။[171]

အောက်ပါတို့အပါအဝင် အဆိုပါလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများစွာအပေါ် ဝေဖန်မှုများရှိပါသည် -

- အကျုံးဝင်မှုနယ်ပယ်ကျဉ်းမြောင်းခြင်း။ KPCS သည် ပဋိပက္ခဖြစ်ပွားသောအခြေအနေများမှ စိန်များနှင့်သာ သီးသန့် သက် ဆိုင် ပါသည်။ ထိုစနစ်တွင်ဖွင့်ဆိုထားသော ပဋိပက္ခ၏အဓိပ္ပာယ်တွင် စိန်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုအကြား ပတ်သက်ဆက်နွယ်မှုများအပြင် ကျောက်မျက်များအား မည်သို့ထုတ်လုပ်ထားသည်နှင့် ပတ်သက်၍လည်း ထည့်သွင်း စဉ်းစားထားခြင်းမရှိပါ။

- ထိရောက်သောစီမံခန့်ခွဲမှုမရှိခြင်း။ ကျောက်မျက်ထုတ်လုပ်သောနိုင်ငံများစွာမှ အစိုးရများသည် အဆိုပါအသိအမှတ်ပြု ခြင်းစနစ် အား ထိရောက်စွာစီမံခန့်ခွဲနိုင်ခြင်း မရှိကြပါ။ ဥပမာ ဘရာဇီးနိုင်ငံတွင် KPCSနှင့်ပတ်သက်ပြီးဆန်းစစ်ရာတွင် စိန်တင်ပို့မှုတန်ဖိုး၏ တစ်ဝက်လောက်နီးပါးရှိသော အသိအမှတ်ပြုလက်မှတ်များ၏သုံးပုံ တစ်ပုံလောက်သည် လက်မှတ် အတုများဖြစ်နေခဲ့ပါသည်။[172]

- အရေးယူဆောင်ရွက်မှုအားနည်းခြင်း။ KPCS ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းညွန့်ပေါင်းအဖွဲ့၏ အဓိကတည်ထောင်သူ အဖွဲ့ဝင် ဖြစ်သော ယူကေအခြေစိုက် Global Witness အဖွဲ့သည် အချို့သောဒေသများ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်သည့်လက်နက်ကိုင်အင်အားစုများအား ငွေကြေး ထောက်ပံ့နေသောစိန်များထွက်ရှိသည့် အလယ်ပိုင်းအာဖရိကသမ္မတ နိုင်ငံနှင့် ဇင်ဘာဘွေနိုင်ငံ၏ Marange စိန်တွင်းများမှထွက်ရှိသော စိန်အကြမ်းထည်များ စီးဆင်းမှုကို Kimberley စနစ်သည် ထိန်းချုပ်နိုင်ခြင်း မရှိသည့်အတွက် ၂၀၁၁ခုနှစ်တွင် အဆိုပါလုပ်ငန်းစဉ်မှနုတ်ထွက် ခဲ့ပါသည်။[173]

## ရောင်စုံကျောက်မျက်များအား အသိအမှတ်ပြုပေးခြင်း

၂၀၁၃ခုနှစ်တွင် ကုလသမဂ္ဂ၏ ဒေသဖြတ်ကျော်ရာဇဝတ်မှုနှင့် တရားမျှတမှုဆိုင်ရာ သုတေသနလေ့လာရေးအဖွဲ့(the United Nations Interregional Crime and Justice Research Institute - UNICRI)အား အုပ်ချုပ်မှု၊ သဘာဝပတ်ဝန်း ကျင်နှင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာစွမ်းဆောင်ရည်အညွှန်းကိန်းများအပေါ် အခြေခံ၍ တစ်ကမ္ဘာလုံးတွင် ရောင်စုံကျောက်မျက်များ၏ မူလထွက်ရှိရာနေရာကို အသိအမှတ် ပြုသည့် မှန်မမှန်စိစစ်ဆေးနိုင်သောစနစ်အား တည်ထောင်ရန်ရည်ရွယ်ချက်ဖြင့် ဗီယင်နာ နိုင်ငံတကာတရားမျှတမှုအဖွဲ့ (Vienna International Justice Institute - VIJI) နှင့် နိုင်ငံတကာရောင်စုံကျောက် မျက်အသင်း (International Colored Gemstone Association )တို့နှင့်ပူးတွဲတည်ထောင်ခဲ့ပါသည်။ ကနဦးအစည်းအဝေးများတွင် ဘရာဇီး၊ ကိုလံဘီယာ၊ ကန်ညာ၊ တောင်အာဖရိက၊ သီရိလင်္ကာနှင့် တန်ဇန်နီးယားအပါအဝင် ကျောက်မျက် ထုတ်လုပ်သောနိုင်ငံများစွာမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြပါသည်။[174] သို့သော်လည်း အဆိုပါလုပ်ငန်းစဉ်သည် ရပ်တန့် သွားပုံပေါ်ပြီး ထိုစဉ်ကတည်းက ကနဦးအဆင့်တွင် အဖိုးတန်သတ္တုများအား အာရုံစိုက်လုပ်ဆောင်ရန် လုပ်ငန်းစဉ်အား ပြောင်းလဲခဲ့ပါသည်။

## ပဋိပက္ခဖြစ်ပွားသောနယ်မြေများနှင့် ပဋိပက္ခဖြစ်ပွားနိုင်ခြေများသောနယ်မြေများမှလာသော တွင်းထွက်များ၏ တာဝန်ယူမှု ရှိသောထုတ်လုပ်မှုလမ်းကြောင်းများစစ်ဆေးရန် OECD၏ လမ်းညွှန်ချက် (OECD DUE DILIGENCE GUIDANCE FOR RESPONSIBLE SUPPLY CHAINS OF MINERALS FROM CONFLICT-AFFECTED AND HIGH-RISK AREAS)

ပဋိပက္ခဖြစ်ပွားသောနယ်မြေများနှင့် ပဋိပက္ခဖြစ်ပွားနိုင်ခြေများသော နယ်မြေများမှလာသော တွင်းထွက်များ၏ တာဝန်ယူမှု ရှိသောထုတ်လုပ်မှု လမ်းကြောင်းများစစ်ဆေးရန် OECD၏ လမ်းညွှန်ချက် ("လမ်းညွှန်ချက်")အား ၂၀၁၀ခုနှစ်တွင် အစိုးရ၏ ညွှန့်ပေါင်းအဖွဲ့၊ UN Group of Experts on DRC၊ ကုမ္ပဏီများနှင့် NGO များက ထုတ်လုပ်မှုလမ်းကြောင်းတွင် အန္တရာယ်ဖြစ်ပွားနိုင်ခြေများအား ဆန်းစစ်ခြင်းနှင့်လျှော့ချခြင်း ဆောင်ရွက်ရာတွင်ကူညီရန်အတွက် ပြုစုရေးဆွဲခဲ့ပါသည်။ ထိုလမ်းညွှန်ချက် တွင် (၁)ခိုင်မာသောကုမ္ပဏီစီမံခန့်ခွဲမှုစနစ်များတည်ထောင်ခြင်း၊ (၂)ထုတ်လုပ်မှုလမ်းကြောင်းတွင်အန္တရာယ်များအား ဖော် ထုတ်ဆန်းစစ်ခြင်း၊ (၃)ဖော်ထုတ်ထားသောအန္တရာယ်များအားတုန့်ပြန်ဆောင်ရွက်ရန် နည်းဗျူဟာရေးဆွဲခြင်းနှင့် အကောင် အထည်ဖော်ခြင်း၊ (၄)ထုတ်လုပ်မှုလမ်းကြောင်း၏ရွေးချယ်ထားသောအဆင့်များတွင် ထုတ်လုပ်မှုလမ်းကြောင်းအားစစ်ဆေး ခြင်း(Supply Chain Due Diligence)အား လွတ်လပ်သော ပြင်ပစာရင်းစစ်ဖြင့်ဆောင်ရွက်ခြင်းနှင့် (၅)ထုတ်လုပ်မှုလမ်း ကြောင်းအားစစ်ဆေးခြင်းရလဒ်များကို အများပြည်သူထံအစီရင်ခံခြင်းတို့ပါဝင်သောအဆင့်၅ဆင့်နည်းလမ်းအား ဖော်ပြထား ပါသည်။ ဤလမ်းညွှန်ချက်သည် တွင်းထွက်အားလုံးနှင့်သက်ဆိုင်အောင်ရေးဆွဲထားသော်လည်း သွပ်၊ အဖြိုက်နက်၊ တန်တလိုက်နှင့် ရွှေထုတ်လုပ်မှု လမ်းကြောင်းများအတွက် တိကျသောအပိုသတ်မှတ်ချက်များအား ဖော်ပြထားပါသည်။[175]

အစိုးရကသတ်မှတ်ထားသောစစ်ဆေးခြင်း (Due Diligence) ဆိုင်ရာလိုအပ်ချက်များ (ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့တွင် ကုမ္ပဏီများအနေဖြင့် ထိုလမ်းညွှန်ချက်နှင့်ညီညွတ်သောစစ်ဆေးမှုဆောင်ရွက်ရန်လိုအပ်သည်ဟု ဥပဒေ များဖြင့် ပြဋ္ဌာန်းသတ်မှတ်ချက်များ)[176] နှင့် ပုဂ္ဂလိကကဏ္ဍက မိမိဆုံးဖြတ်ချက်ဖြင့်ကျင့်သုံးသော နည်းလမ်းများအတွက် အခြေခံအဖြစ်ဆောင်ရွက်ပေးသော အဆိုပါလမ်းညွှန်ချက်သည် တာဝန်ယူမှုရှိသော ထုတ်လုပ်မှုလမ်းကြောင်းစီမံခန့်ခွဲမှု အတွက် လွှမ်းမိုးမှုအရှိဆုံးစံနှုန်းတစ်ခုဖြစ်လာခဲ့ပါသည်။

လမ်းညွှန်ချက်တွင် လူ့အခွင့်အရေး၊ ရပ်ရွာလူထုဆက်ဆံရေး၊ အလုပ်သမားရေးရာဆိုင်ရာစံနှုန်းများ၊ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုများနှင့် ထုတ်ကုန်နှင့်ပတ်သက်ပြီး ဖွင့်ဟထုတ်ဖော်ခြင်းတို့လည်းပါဝင်သည့် တာဝန်ယူမှုရှိသောရယူမှုအတွက် ပိုမိုကျယ်ပြန့်သောနည်းလမ်းအား ခွင့်ပြုထားသော်လည်း လမ်းညွှန်ချက်၏အသုံးဝင်မှုသည် နိုင်ငံများ၏ဥပဒေမူဘောင်တွင်မည်သည့်အတိုင်းအတာအထိ အပြည့်အဝပေါင်းစပ်မှု ရှိသည့်အပေါ် မူတည်နေပါသည်။ စစ်ဆေးမှုဆောင်ရွက်ရန်နှင့် ဖွင့်ဟ ဖော်ထုတ်ရန်သာလိုအပ်သည်ဟုသတ်မှတ်ထားသဖြင့် ကုမ္ပဏီများအား လက်ခံနိုင်သောအန္တရာယ်အဆင့်များကို ဆုံးဖြတ် ခွင့်ပေးထားသော ဥပဒေများသည် လုပ်ထုံးလုပ်နည်းများအားတိုးတက်စေရာတွင် လမ်းညွှန်ချက်တွင် ဖော်ပြထားသောစံနှုန်း များအား လိုက်နာဆောင်ရွက်ရမည်ဟုသတ်မှတ်သော ဥပဒေများလောက် ထိရောက်မှုရှိမည်မဟုတ်ပါ။

## ရောင်စုံကျောက်မျက်များအား Due Diligence စစ်ဆေးခြင်း

OECD စစ်ဆေးမှုရေးဆွဲခြင်းလုပ်ငန်းစဉ်မှ အစပျိုးပေါ်ထွက်လာသော အဖိုးတန်ကျောက်များဆိုင်ရာညှိနှိုင်းပေါင်းလုပ်ငန်းအဖွဲ့ (Precious Stones Multi-Stakeholder Working Group - PSMSWG)ဟုခေါ်သော နိုင်ငံတကာအဖွဲ့သည် ၂၀၁၇ခုနှစ်နှင့် ၂၀၁၅ခုနှစ်အကြားတွင် သွပ်၊ အဖြိုက်နက်၊ တန်တလိုက်နှင့် ရွှေအတွက် အပိုသတ်မှတ်ချက်များနှင့် အလားသဏ္ဌာန်တူသော အပိုသတ်မှတ်ချက်များအား အဖိုးတန်ကျောက်များအတွက်သတ်မှတ်ပေးနိုင်ခြင်း အပါအဝင် လမ်းညွှန်ချက်အားကျောက်မျက် များအတွက် မည်သို့ကျင့်သုံးရမည်ကို ဆွေးနွေးရန် တွေ့ဆုံကြပါသည်။ PSMSWGအဖွဲ့သည် ၂၀၁၆ခုနှစ်တွင် ရောင်စုံကျောက် မျက်များအားတာဝန်ယူမှုရှိစွာဝယ်ယူခြင်းနှင့်ပတ်သက်သောအခွင့်အလမ်းများ နှင့် စိန်ခေါ်မှုများအားလေ့လာ၍ အစီရင်ခံစာ တစ်စောင်ထုတ်ပြန်ခဲ့သော်လည်း[177] ထိုနောက်ပိုင်းတွင် လုပ်ငန်းဆောင်ရွက်မှုများ ရပ်ဆိုင်းသွားပြီး အနာဂတ်တွင် အဆိုပါ အစီရင်ခံစာအား မည်သို့အသုံးပြုမည်နှင့်ပတ်သက်ပြီး ရှင်းလင်းစွာမသိရှိရပါ။

ယူကေအခြေစိုက် အကျိုးအမြတ်မရှာဖွေသော စံနှုန်းများဆိုင်ရာအဖွဲ့အစည်းဖြစ်သည့် တာဝန်ယူမှုရှိသောရတနာကောင်စီ (Responsible Jewelry Council)ကလည်း ၎င်း၏အဖွဲ့ဝင်ကုမ္ပဏီများအတွက် အသိအမှတ်ပြုစနစ်တွင် ရောင်စုံကျောက် များအား ထည့်သွင်းမည်ဟု ၂၀၁၆ခုနှစ်၊ မတ်လတွင် ကြေညာခဲ့ပါသည်။ အဆိုပါစံနှုန်းအသစ်အားရေးဆွဲဖော်ဆောင်နေဆဲဖြစ်ပြီး OECD လမ်းညွှန်ချက်အပေါ် အခြေခံပါမည်။[178]



မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်တွင် လမ်းဘေးဈေး၌ ပယင်းကျောက်အကြမ်းထည်များကို ရောင်းချနေပုံ

ဓာတ်ပုံ - NRGI အတွက် ခွန်လတ်

## ငွေပေးချေမှုများနှင့် စာချုပ်များအား ဖွင့်ဟထုတ်ဖော်ခြင်း

စာချုပ်များ၊ ငွေပေးချေမှုများနှင့် ပိုင်ဆိုင်မှုဆိုင်ရာအချက်လက်များအား ထုတ်ဖော်ခြင်းဖြင့် Stakeholder များ၏ Value Chain တစ်ခုလုံးတွင် ၎င်းတို့၏လုပ်ဆောင်မှုများအတွက် တာဝန်ယူမှုရှိစေရန် အထောက်အကူဖြစ်ပါသည် -

- သယံဇာတပစ္စည်းများတူးဖော်ထုတ်လုပ်ရေးဆိုင်ရာပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) ဆိုသည်မှာ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် တွင်းထွက်အရင်းအမြစ်များအား ပွင့်လင်းမြင်သာစွာနှင့် တာဝန်ခံမှုရှိစွာ စီမံခန့်ခွဲခြင်းအား မြှင့်တင်ရန်နှင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းကဏ္ဍများ၏ လုပ်ငန်းအဆင့်ဆင့်တွင် အဓိကအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားဖြေရှင်းရန်အတွက် တစ်ကမ္ဘာလုံး ဆိုင်ရာဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါသည်။[179] အကောင်အထည်ဖော်ဆောင်ရွက်သောနိုင်ငံများစွာတွင် ကျောက်မျက် များအား အတိုင်းအတာတစ်ခုအထိထည့်သွင်းကြသော်လည်း နိုင်ငံများစွာတွင် ဖွင့်ဟထုတ်ဖော်မှုများ၏ ကျဉ်းမြောင်းသောနယ်ပယ်ကြောင့် ၎င်းတို့၏ အသုံးဝင်မှုအပေါ် အကန့်အသတ် ဖြစ်စေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ ၂၀၁၃ခုနှစ်အစီရင်ခံစာတွင် "ပြပွဲများတွင်ရရှိသောဝင်ငွေများသာမက ကောက်ခံရရှိသောဝင်ငွေ အားလုံးကို ထည့်သွင်းဖော်ပြခြင်းဖြင့် ကျောက်မျက်နှင့် စိန်ကဏ္ဍခွဲများ၏ဝင်ငွေရရှိမှုဖော်ပြချက်အား ပိုမိုလွှမ်းခြုံမှု ရှိစေသင့်ကြောင်း" လွတ်လပ်သော အဖွဲ့အစည်းတစ်ခုက အကြံပြုထားပါသည်။[180]
- သယံဇာတတူးဖော်ရေးကုမ္ပဏီများအနေဖြင့်ပိုမိုကောင်းမွန်သောဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် အစိုးရ များက သီးခြားသတ်မှတ်ထားပါသည်။ ၂၀၁၃ခုနှစ်၊ နိုင်ဝင်ဘာလတွင် E.U. စတော့အိတ်စ်ချိန်းတွင် စာရင်းဝင်သော သယံဇာတတူးဖော်ရေးကုမ္ပဏီများအားလုံးနှင့်သက်ဆိုင်သော အီးယူပွင့်လင်းမြင်သာမှုနှင့်တာဝန်ခံမှုဆိုင်ရာ ညွှန် ကြားချက်များ(E.U. Transparency and Accountability Directives)တရားဝင် အာဏာသက်ဝင်လာပါသည်။ ကုမ္ပဏီများသည် ယူရို ၁၀၀,၀၀၀ ကျော်သော အစိုးရထံ ငွေပေး ချေမှုများအား စီမံကိန်းတစ်ခုစီအလိုက်နှင့် နိုင်ငံ တစ်နိုင်ငံစီအလိုက် ၂၀၁၅ခုနှစ်မှစ၍အစီရင်ခံရန်လိုအပ်ပါသည်။ ကနေဒါနိုင်ငံ၊ နော်ဝေနိုင်ငံနှင့် ဆွစ်ဇလန်နိုင်ငံများ တွင်လည်း အလားတူဥပဒေမျိုးကို တွေ့ရှိနိုင်ပါသည်။[181]
- လိုင်စင်များ၊ လုပ်ကိုင်ခွင့်များနှင့် ဝန်ဆောင်မှုဆိုင်ရာသဘောတူစာချုပ်များအပါအဝင် အများပြည်သူသိရှိနိုင်သော သယံဇာတတူးဖော်ရေး ဆိုင်ရာသဘောတူညီစာချုပ်များကို ပြုလုပ်ရန်သဘောတူသောနိုင်ငံများလည်း ပိုမိုများပြား လာပါသည်။[182] ကျောက်မျက်ကဏ္ဍတွင် အဓိကသဘောတူစာချုပ်အချို့ သို့မဟုတ်  အားလုံးကို ဖွင့်ဟထုတ်ဖော် ခဲ့သော အစိုးရများတွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ မာလာဝီနိုင်ငံနှင့် ဆီရာလီယွန် နိုင်ငံတို့ ပါဝင်ပါသည်။[183]

## အစိုးရများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

တာဝန်ယူမှုရှိသောဝယ်ယူမှုပေါ်ပေါက်လာခြင်းသည် ကျောက်မျက်ဈေးကွက်တစ်ခုလုံး အားကြီးမားစွာပြောင်းလဲသွားစေသော အလားအလာရှိပါသည်။ ပွင့်လင်းမြင်သာမှုရှိသော ထုတ်လုပ်မှုလမ်းကြောင်းများအား ပို၍လိုလားလာမှုကြောင့် ရောင်စုံ ကျောက်မျက်လောကတွင် အထူးသဖြင့် သမာရိုးကျတူးဖော်မှုနည်းလမ်းများအပေါ် ဖိအားများဖြစ်ပေါ်စေပြီး ကျောက်မျက် ကဏ္ဍတွင် ယခင်ကတည်းကအများဆုံး လုပ်ကိုင်လာခဲ့သော အသေးစားလုပ်ကိုင်သူများအနေဖြင့် ၎င်းတို့၏ နိုင်းရအားသာမှု ကို ထိန်းသိမ်းရန် တရားမဝင်သောဆက်ဆံရေးများနှင့် လျှို့ဝှက်မှုတို့အပေါ် မှီခိုလာပါသည်။

လက်လီရောင်းချသူများက ကျောက်မျက်များအား ဈေးနှုန်းပိုမိုသက်သာပြီး ထုတ်လုပ်မှုလမ်းကြောင်းကို ထိရောက်စွာ စစ်ဆေးရာတွင် အခက်အခဲ ပို၍ နည်းပါးသော ကျောက်မျက်နှင့်ပတ်သက်သည့် လုပ်ငန်းပေါင်းစုံကို ဆောင်ရွက်နေသော ကုမ္ပဏီကြီးများထံမှ ဝယ်ယူရန် ဆုံးဖြတ်သောအခါများတွင် အဆိုပါအသေးစားလုပ်ကိုင်သူများသည် ဆုံးရှုံးမှုများကို ရင်ဆိုင်ရပါသည်။ ထုတ်လုပ်မှုလမ်း ကြောင်းတွင် အသေးစားလုပ်ကိုင်သူများရှိနေခြင်း ကြောင့် ကျောက်မျက်တစ်လုံး၏နောက်ကြောင်းကို ခြေရာမခံနိုင်ခြင်းဖြစ်ရ သည် မဟုတ်ကြောင်းမှတ်သားရန်အရေးကြီးပါသည်။ ဥပမာ အမေရိကန်နိုင်ငံအခြေစိုက် Columbia Gem Houseကုမ္ပဏီ သည် လက်လီရောင်းချသူများအား ကမ္ဘာတစ်ဝှမ်းမှနိုင်ငံသားများတူးဖော်သောကျောက်တွင်းများနှင့်ကူညီချိတ်ဆက်ပေးပြီး အကောင်းဆုံး လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ရန်နှင့် စောင့်ကြပ်စစ်ဆေးရန် ကျောက်တွင်းလုပ်ကိုင်သူများ နှင့်ပူးပေါင်းဆောင်ရွက်ပါသည်။[185]


Stakeholders များ အနေဖြင့် ကျောက်မျက်ကဏ္ဍတွင် တာဝန်ခံမှုပိုမိုအားကောင်းအောင် မည်သို့ဆောင်ရွက်ရမည်ကို စဉ်းစားလာကြပြီး Kimberly လုပ်ငန်းစဉ်အသိအမှတ်ပြုစနစ်၊ OECD လမ်းညွှန်ချက်၊ EITIနှင့် အခြားစနစ်များသည် နည်းလမ်းပေါင်းစုံတွင် ရင်ဆိုင်ရသောအန္တရာယ်များကို မီးမောင်းထိုးဖော်ပြနေပါသည်။ အဆိုပါစနစ်များသည် သက်သက်စီ မဟုတ်ကြဘဲ လက်တွေ့တွင် အပြန်အလှန်ပံ့ပိုးနိုင်ဖွယ်ရှိပါသည်။ အဆိုပါလုပ်ငန်းစဉ်များအား ပံ့ပိုးရန်နှင့် ဆောင်ရွက်ရန် ကျောက်မျက်ထုတ်လုပ်သော နိုင်ငံများ၏ အစိုးရများသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည် -


- နိုင်ငံ၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအား ဆန်းစစ်ခြင်း။ ညွှန့်ပေါင်းလုပ်ငန်းအဖွဲ့များ အနေဖြင့် ထုတ်လုပ်မှု လမ်း ကြောင်းဆိုင်ရာ တာဝန်ခံမှုအား ပိုမိုအားကောင်းအောင်နှင့် ပြည်တွင်းအခြေအနေများနှင့်လိုက်လျောညီထွေဖြစ်အောင် မည်သို့ဆောင်ရွက်ရ မည်ကို ဆန်းစစ်နိုင်ပါသည်။ အဆိုပါကိစ္စရပ်များအား ဆွေးနွေးခြင်းဖြင့် OECD လမ်းညွှန်ချက် အပေါ် အခြေခံသော နည်းစနစ်များအပါအဝင် နည်းစနစ်အသစ်များရေးဆွဲရာတွင် အထောက်အကူဖြစ်စေပါသည်။

- ပြည်တွင်းဥပဒေများအားနိုင်ငံတကာမူဘောင်နှင့်လိုက်ဖက်ညီအောင်ပြု လုပ်ခြင်း။ OECDလမ်းညွှန်ချက်အား လိုက်နာ ဆောင်ရွက်ရန် သတ်မှတ်သောမူဝါဒများကျင့်သုံးခြင်းဖြင့် အစိုးရများသည် ကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းများအား တိုးတက်စေနိုင်ပြီး နိုင်ငံများ၏ ရေရှည်တည်တံ့ပြီး နိုင်ငံသားများအားဦးစားပေးသော ကျောက်မျက်အရင်းအမြစ်များ ဖွံ့ဖြိုးရေးကို အားပေးနိုင်ပါသည်။ Kimberley လုပ်ငန်းစဉ်တွင် ကြုံတွေ့ရသောအတွေ့အကြုံများအရ တင်းကျပ်သော အရေးယူဆောင်ရွက်မှုအား အသားပေးဆောင်ရွက်ခြင်းသည် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းအတွက် တန်းတူလိုအပ်ကြောင်းတွေ့ရှိရပါသည်။

- ပြည်တွင်း Stakeholder များ၏ လိုက်နာဆောင်ရွက်မှုအား ပံ့ပိုးခြင်း။ အစိုးရများသည် ကျောက်မျက် Value Chain တွင် လုပ်ကိုင်နေသောကုမ္ပဏီများနှင့် နိုင်ငံသားများအား လမ်းညွှန်ချက်များပေးပြီး ၎င်းတို့အနေဖြင့် သက်ဆိုင်ရာအသိအမှတ် ပြုခြင်း နှင့်/သို့မဟုတ် စစ်ဆေးခြင်း (Due Diligence)ဆိုင်ရာ လိုအပ်ချက်များအား လိုက်နာဆောင်ရွက်ရာတွင် ပံ့ပိုး သင့်ပါသည်။ ထိုသို့ပံ့ပိုးခြင်းအား အရပ်ဘက်လူ့အဖွဲ့အစည်းနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းအပါအဝင် အခြားStakeholder များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပါက အထိရောက်ဆုံးဖြစ်နိုင်ပါသည်။

## ပုံ ၁၁ - အဓိကကျောက်မျက်ထုတ်လုပ်သောနိုင်ငံများတွင် ငွေပေးချေမှုနှင့် စာချုပ်များ ဖွင့်ဟထုတ်ဖော်ခြင်း[184]




အာဖဂန်နစ္စတန်နိုင်ငံ
မြန်မာနိုင်ငံ
အီသီယိုးပီးယားနိုင်ငံ
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ
တန်ဇန်နီးယားနိုင်ငံ
မာလာဝီနိုင်ငံ
မိုဇမ်ဘစ်နိုင်ငံ
ဇမ်ဘီယာနိုင်ငံ

# ရှေ့ဆက်ဆောင်ရွက်ရန်

ကျောက်မျက်ကဏ္ဍသည် အမျှော်အမြင်ကြီးစွာစီမံခန့်ခွဲပါက နိုင်ငံသားများအတွက် အကျိုးရှိစေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အပံ့အဖြစ်စေပြီး ကမ္ဘာတစ်ဝှမ်းမှ အတွေ့အကြုံအရ ကျောက်မျက်တူးဖော်ခြင်းမှ ရရှိသောတန်ဖိုးကို ရယူရာတွင် နည်းလမ်းပေါင်းစုံရှိကြောင်း တွေ့မြင်နိုင်ပါသည်။ (အခန်း ၅ တွင် ဖော်ပြခဲ့သည့်အတိုင်း စိန်နှင့်ပတ်သက်လျှင်) ဘော့ဆွာနာနိုင်ငံနှင့် (မိတ်ဆက်တွင် ဖော်ပြထားသည့်အတိုင်း ကျောက်မျက်များနှင့်ပတ်သက်လျှင် အဓိကအားဖြင့် မြနှင့် ပတ်သက်လျှင်)ဇမ်ဘီယာနိုင်ငံတို့၏ အစိုးရ များသည် ၎င်းတို့၏ထုတ်လုပ်မှုအား အမြင့်ဆုံးမြှင့်တင်ခဲ့ပြီး အတွေ့အကြုံရှိသော နိုင်ငံတကာကုမ္ပဏီများနှင့်ပူးပေါင်းဆောင် ရွက်သော အကြီးစားတူးဖော်မှုလုပ်ငန်းများမှ တစ်ဆင့် ဝင်ငွေ၏များပြားသော ဝေစုနှင့် အခြားအကျိုးအမြတ်များကိုလည်း ညှိနှိုင်းရယူနိုင်ခဲ့ပါသည်။ နိုင်ငံသားများ၏တူးဖော်မှုသည် တရားမဝင်ဖြစ်မှုနှင့် ဆက်နွယ်လေ့ရှိသော်လည်း (အခန်း ၃ တွင် ဖော်ပြထားသည့်အတိုင်း စိန်နှင့်ပတ်သက်လျှင်) ဂိုင်ယာနာနိုင်ငံနှင့် (မိတ်ဆက် တွင် ဖော်ပြထားသည့်အတိုင်း ရောင်စုံကျောက်မျက်နှင့်ပတ်သက်လျှင်)သီရိလင်္ကာနိုင်ငံများသည် အသေးစားတူးဖော်မှုများ အား ထိရောက်စွာထိန်းချုပ်ပြီး ဒေသခံပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ဆောင်ရွက်နိုင်သော သာဓကများဖြစ်ကြပါသည်။[186] ထိုင်းနိုင်ငံ (အခန်း ၅ ကို ကြည့်ပါ) စသည့် အချို့သောနိုင်ငံအနည်းငယ် ကလည်း ကျောက်မျက်အရည်အသွေးမြှင့်တင်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် အခြားတန်ဖိုးမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှိုင်းရအားသာမှု ရယူထားနိုင်ကြပါသည်။

ကိစ္စရပ်အတော်များများတွင် ကောင်းမွန်သောလုပ်ငန်းဆိုင်ရာသဘောတူညီချက်ရယူ ခြင်းသည် ခက်ခဲလျက်ရှိပြီး နိုင်ငံများ သည် နိုင်ငံသားများ၏ ကျောက်မျက်တူးဖော်မှုများနှင့် ရောင်းဝယ်မှုတို့ကို ထိရောက်စွာ ကြီးကြပ်စစ်ဆေးနိုင်ခြင်း၊ ကျောက် မျက်ကဏ္ဍမှ မျှတသော ဝင်ငွေဝေစုမရရှိခြင်းနှင့် Value Chain ၏ အလယ်ပိုင်းနှင့် အောက်ပိုင်းတွင် စွမ်းဆောင်ရည် သိသိ သာသာ ဖွံ့ဖြိုးမှုမရှိခြင်းတို့ကို ကြုံတွေ့ရလေ့ရှိပါသည်။ အထူးသဖြင့် ရောင်စုံကျောက်မျက် များနှင့်ပတ်သက်လျှင် အမြစ်တွယ် နေသော အကျိုးမျှော်ကိုးလက်သိပ်ထိုးဝါဒနှင့် နိုင်ငံခြား ကုမ္ပဏီများ၏ခေါင်းပုံဖြတ်မှုများကြောင့် နိုင်ငံအတော်များများတွင် ကျောက်မျက်လုပ်ငန်းမှရ ရှိနိုင်သော အကျိုးအမြတ်များအပေါ် ထိခိုက်စေပါသည်။

အစိုးရများအနေဖြင့် ကျောက်မျက်ကဏ္ဍရှိဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အားကောင်းအောင်ဆောင်ရွက် ခြင်းဖြင့် အဆိုပါအခက်အခဲများအား ပပျောက်စေရန် အရေးပါသောလုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပါသည်။ ထိရောက်မှုရှိသောအုပ်ချုပ်မှု မူဘောင်ရေးဆွဲရာတွင် Stakeholder များ၏ အပြိုင်အဆိုင်ဖြစ်နေသောတောင်းဆိုချက်များကို ချိန်ဆခြင်းနှင့် Value Chain တစ်ခုလုံးတွင် ကျွမ်းကျင်မှုဆိုင်ရာ ကွာဟချက်များအား ဖြေရှင်းခြင်းနှစ်ခုလုံးဆောင်ရွက်ရန် လိုအပ်ပါသည်။ အောက်ပါတို့အပါအဝင် ပေါ် ထွက်လာသောဦးတည်ရာလမ်းကြောင်းများစွာသည် အနာဂတ်ဆောင်ရွက်မှု အတွက် အထူးအရေးပါနိုင်ပါသည် -

- ရောင်စုံကျောက်မျက်လုပ်ငန်း ကြီးထွားလာခြင်း။ ရောင်စုံကျောက်မျက်အမျိုးအစားများစွာတွင် စိတ်ဝင်စားမှုတိုးမြင့် လာခြင်းနှင့် ဈေးတက်လာခြင်းကြောင့် စိန်မဟုတ်သော ကျောက်မျက်ဈေးကွက်များတွင် အစိုးရနှင့် ပုဂ္ဂလိက စိတ်ပါ ဝင်စားမှုကို မြင့်တက်စေပါသည်။ ထုတ်လုပ်မှုတွင် ယခင်မကြုံဖူးသောအတိုင်းအတာအထိ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း ကြောင့် ကျောက်မျက်ကဏ္ဍအား ယခင်ကတည်းက ကြီးစိုးလာခဲ့သော အသေးစားနှင့် တရားမဝင်လုပ်ကိုင်သူများ အတွက် ပြိုင်ဆိုင်မှုပိုမိုမြင့်တက်စေခဲ့ပါသည်။
- တာဝန်ယူမှုရှိသော ရယူခြင်းသို့ ဈေးကွက်ပြောင်းလဲလာခြင်း။ လူ့ကျင့်ဝတ်နှင့်ညီညွတ်စွာ ထုတ်လုပ်ထားသော လက်ဝတ်ရတနာများအား ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ကျောက်မျက်ထုတ်လုပ်မှုလမ်းကြောင်းတစ်ခုလုံး တွင် မက်လုံးများအား အပြောင်းအလဲဖြစ်စေပါသည်။ တာဝန်ယူမှုရှိသောရယူခြင်းပေါ်ထွက်လာခြင်းကြောင့် Due Diligence စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ဥပမာ OECD လမ်းညွှန်ချက်အပေါ်အခြေခံသော လုပ်ထုံး လုပ်နည်းများ)အတွက် (Kimberly လုပ်ငန်းစဉ်စသော)အသိအမှတ်ပြုမှုစနစ်များပေါ်ထွက်လာသော်လည်း အဆိုပါ နည်းလမ်းများ၏ထိရောက်မှုနှင့် လက်ခံကျင့်သုံးမှုသည် လက်တွေ့တွင် ကွာခြားမှုများရှိနိုင်ပါသည်။

ထို့ပြင် ကိစ္စရပ်ပေါင်းများစွာနှင့်ဆက်နွယ်နေသော စိန်ခေါ်မှုများစွာသည် ကျောက်မျက်ဆိုင်ရာ စီမံအုပ်ချုပ်မှု၏ အနာဂတ်တွင် ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ အဆိုပါစိန်ခေါ်မှုများတွင် အောက်ပါတို့ပါဝင်ပါသည် -

- ကျောက်မျက်ကဏ္ဍအား ဦးစားပေးဆောင်ရွက်မှုအားနည်းခြင်း။ နိုင်ငံအနည်းငယ်တွင်သာ ကျောက်မျက်များအတွက် အမျိုးသားမဟာဗျူဟာရေးဆွဲခြင်း၊ စောင့်ကြပ်စစ်ဆေးမှုနှင့် အချက်အလက်ကောက်ယူမှုပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဥပဒေများနှင့် ဌာနဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအကောင်အထည်ဖော်ခြင်းကို အလေးထားဆောင်ရွက်ကြပါသည်။[187] နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည်အကျုံးဝင်မှုနယ်ပယ်ကျဉ်းမြောင်း ပါသည် (ဥပမာ Kimberley လုပ်ငန်းစဉ်) သို့မဟုတ် ကျောက်မျက်ကဏ္ဍတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများအား အတိအကျဖြေရှင်းမပေးနိုင်ကြပါ (ဥပမာ EITI သို့မဟုတ် OECD လမ်းညွှန်ချက်)။
- နိုင်ငံတော်ရည်ရွယ်ချက်များနှင့် မူဝါဒများလိုက်ဖက်ညီမှုမရှိခြင်း။ အခြားအရာများအပြင် နိုင်ငံသားတူးဖော်သူများနှင့် ပြည်တွင်းလုပ်ငန်းများ၏ ကျောက်မျက်များအား ပြည်တွင်းတွင်သွေးရန်နှင့် အချောထည်ပြုလုပ်ရန် စွမ်းဆောင်ရည် အပါအဝင် ကျောက်မျက်ကဏ္ဍတွင် အတွေ့ရအများဆုံးနှင့် အခက်ခဲဆုံး စိန်ခေါ်မှုအချို့ကို ဖြေရှင်းရန်မှာ မဟာဗျူဟာကျသောရေရှည်အလေးထားဆောင်ရွက်မှုလိုအပ်ပါသည်။ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များတွင် (တရားမဝင်တူးဖော်မှုကို လျှော့ချရန်ရည်ရွယ်၍) စစ်တပ်အင်အားတိုးမြှင့်ချထားခြင်း သို့မဟုတ် (ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းကို အားပေးရန်ရည်ရွယ်၍) ကျောက်မျက်အကြမ်းထည်တင်ပို့မှုတားမြစ်ခြင်းစသော အကျိုးကျေးဇူးများပိုမိုလျင်မြန်စွာရရှိရန် မျှော်မှန်းထားသော "လတ်တလော ပြင်ဆင်မှုများ" သည် ၎င်းတို့၏ ရည်မှန်းချက်ကို ပြည့်မီအောင် ကြိုးပမ်းရာတွင် ထိရောက်မှုမရှိပြီး နောက်ဆုံးတွင် အုပ်ချုပ်မှုတစ်ရပ်လုံး၏အရည်အသွေးကိုပါ လျော့ကျစေနိုင်ပါသည်။ အစိုးရနှင့် အခြားStakeholder များ၏ မျှော်မှန်းချက်များအား လုပ်ငန်းကဏ္ဍ၏လိုအပ်ချက်များအပြင် အသုံးပြုနိုင်သောမူဝါဒဆိုင်ရာနည်းလမ်းများ ၏ အသုံးဝင်မှုနှင့် အကန့်အသတ်များနှင့်အညီ တိကျစွာညှိနှိုင်းချိန်ဆရန် အရေးကြီးပါသည်။

- ရရှိနိုင်သောအချက်အလက်များ အားနည်းခြင်း။ ကျောက်မျက်များ၏ ဘူမိဗေဒ၊ ဈေးကွက်များနှင့် အုပ်ချုပ်မှုအား ကောင်းစွာနားလည်ခြင်းမရှိကြပါ။ အထူးသဖြင့် ရောင်စုံကျောက်မျက်များနှင့်ပတ်သက်ပြီး လက်ရှိသုတေသန လေ့လာမှုအတော်များများအား ကျောက်မျက်လုပ်ငန်းဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်အနည်းငယ်က ပြုလုပ်ထားပါသည်။ နိုင်ငံအလိုက်ကြုံတွေ့ရသောအတွေ့အကြုံများအား နှိုင်းယှဉ်ထိုက်သော အခြားနိုင်ငံများ၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ဆွေးနွေးနိုင်မည့်အခွင့်အလမ်းများ လွန်နည်းပါသည်။
- သက်ဆိုင်ရာ Stakeholders များ အကွဲကွဲအပြားပြားဖြစ်နေခြင်း။ စိန်များနှင့် အခြား (ရောင်စုံ)ကျောက်မျက်များ၏ ဈေးကွက်များနှင့် နိုင်ငံရေးဆိုင်ရာနည်းစနစ်အကြား သိသာထင်ရှားသောကွာဟမှုကြောင့် အဆိုပါကဏ္ဍနှစ်ခုအကြား သတင်းအချက်အလက်နှင့် အတွေ့အကြုံတို့၏ ပျံ့နှံ့မှုအား နှေးကွေးစေပါသည်။ အထူးသဖြင့် ရောင်စုံကျောက်မျက် ကဏ္ဍတွင် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းဆိုင်ရာ အဖွဲ့အစည်းများအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု နည်းပါးနေဆဲဖြစ်ပါသည်။

ကမ္ဘာ့ကျောက်မျက်ကဏ္ဍတွင်ပါဝင်သော လုပ်ဆောင်ချက်များနှင့် Stakeholders များ အမျိုးအစားကွဲပြားစုံလင်စွာရှိနေခြင်း ကြောင့် ဤအစီရင်ခံစာ၏ လွှမ်းခြုံမှုနယ်ပယ်အတွင်းမှ ပို၍တိကျအသေးစိတ်သော အကြံပြုချက်များပေးရန် လက်တွေ့မကျ သလို သင့်လျော်မည်လည်းမဟုတ်ပါ။ နယ်ပယ်များစွာတွင် အရေးပါသောအဆင့်များစွာကို ဆောင်ရွက်ခဲ့ပြီး ဖြစ်သော် လည်း[188] ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်ပြီးအများပြည်သူသိရှိနားလည်လာစေရန် နိုင်ငံအလိုက်လေ့လာမှုနှင့် အကြောင်း အရာအလိုက်လေ့လာမှုနှစ်ရပ်လုံးတွင် ပိုမိုအသေးစိတ်ကျသောလေ့လာမှု လိုအပ်ပါသည်။ ဤအရင်းအမြစ်ကြွယ်ဝမှု၏ အနာဂတ်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အများပါဝင်နိုင်သောဆွေးနွေးမှုများဖြစ်ပေါ်လာအောင်ပံ့ပိုးရန် သုတေသနအသစ်များ ပြုလုပ်လေ့လာသင့်ပါသည်။

# ထပ်ဆောင်းရှင်းလင်းချက်များ

1. ပုံ ၂ တွင် (Footnote 7တွင်ကိုးကားဖော်ပြထားသော Bain & Company နှင့် De Beersကုမ္ပဏီတို့၏တွက်ချက်မှုများအပေါ်အခြေခံ၍) စိန်အကြမ်းထည်ရောင်းချရမှုသည် အမေရိကန်ဒေါ်လာ ၁၂-၁၄ဘီလျံသော်လည်းကောင်း (ကမ္ဘာတစ်ဝှမ်းပြပွဲများတွင်ရောင်းချရမှုနှင့် ကျွမ်းကျင်သူများ နှင့်တွေ့ဆုံမေးမြန်းချက်များအပေါ်အခြေခံ၍) ကျောက်စိမ်းအကြမ်းထည်ထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၃ဘီလျံမှ ၆ ဘီလျံသော် လည်းကောင်း၊ (လက်လီရောင်းချရမှုကိန်းဂဏန်းများနှင့် ကျွမ်းကျင်သူများ၏တွက်ချက်မှုများအပေါ်အခြေခံ၍) ကျောက်စိမ်းမဟုတ်သောရောင်စုံကျောက်မျက်ထုတ်လုပ်မှုသည် အမေရိကန်ဒေါ်လာ ၂ဘီလျံမှ ၃ဘီလျံအထိသော်လည်းကောင်းရှိမည် ဟု ခန့်မှန်းထားပါသည်။ ဤခန့်မှန်းချက်များသည် လျှော့ပေါ့ခန့်မှန်းထားခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် ရောင်စုံကျောက်မျက်ရောင်းဝယ်မှု၏ အများဆုံးရာခိုင်နှုန်းဖြစ်သော ကျောက်စိမ်းနှင့် စိန်ရောင်းချရမှုသည် ၂၀၁၄ခုနှစ်မှ ၂၀၁၅ခုနှစ်အထိ များစွာကျဆင်းခဲ့သည်ဟု ခန့်မှန်းရ ပါသည်။

2. သဘာဝသယံဇာဆိုင်ရာလုပ်ငန်းအဆင့်ဆင့်တွင် ကြုံတွေ့ရသော စိန်ခေါ်မှုများအား Natural Resource Governance Institute, Natural Resource Charter, 2nd edition (2014)တွင် အကျဉ်းချုံးဖော်ပြထားပါသည်။

3. Kimberly Process Certification Scheme (kimberleyprocessstatistics.org ကိုကြည့်ပါ)က ထုတ်ပြန်ထားသော စိန်အကြမ်းထည် ဆိုင်ရာကိန်းဂဏန်းများနှင့် နိုင်ငံတကာ ရည်ညွှန်းဈေးနှုန်းများအပေါ်အခြေခံထားပြီး ထိုကိန်းဂဏန်းနှစ်ခုလုံးသည် ၂၀၁၅ခုနှစ်အတွက် ဖြစ်ပါသည်။

4. Gemfields data, as reported in Tao Hsu et al. "A Visit to the Kagem Open Pit Emerald Mine in Zambia" (Gemological Institute of America: December 2014)အပေါ် အခြေခံထားသည်။

5. အရည်အသွေးမြင့်ရောင်စုံကျောက်များရောင်းဝယ်ဖောက်ကားသူ Rayaz Taka က "ကက်ရှမီယားမှကျောက်တစ်လုံးသည်တစ်ကာရက် လျှင် ဒေါ်လာ ၁၀၀,၀၀၀ တန်ပြီး မဒါဂတ်စကာမှ နီလာတစ်လုံးသည် တစ်ကာရက်လျှင် ဒေါ်လာ ၂၀,၀၀၀ သာတန်သည်" အလားတူ ပင် "တစ်ကာရက်လျှင် ဒေါ်လာ၂၀၀,၀၀၀ တန်သော ပြုပြင်ထားခြင်း မရှိသည့် ကိုလံဘီယာမြသည် တစ်ကာရက်လျှင် ဒေါ်လာ ၄၀,၀၀၀ မှ ၅၀,၀၀၀အထိတန်သော ပြုပြင်ထားခြင်းမရှိသည့် ဇမ်ဘီယာမြထက် တန်ဖိုး ၅ဆပိုမြင့်ပါသည်" ဟု ပြောကြောင်း Gemstone Forecaster Newsletter 34:1 (Spring 2016) တွင် ကိုးကားဖော်ပြထားပါသည်။

6. ကမ္ဘာ့စိန်ထုတ်လုပ်မှု၏ ၇၀ရာခိုင်နှုန်းသည် ကျောက်မျက်အရည်သွေးရှိကြောင်း Bain & Company က အစီရင်ခံထားပါသည်။ အစီရင် ခံထားသောရောင်စုံကျောက်မျက်ထုတ်လုပ်မှု၏ ၅ နှင့် ၁၀ ရာခိုင်နှုန်းကြားသည် ကျောက်မျက်အရည်သွေးရှိသည်ဟု ကျွမ်းကျင်သူ တစ်ဦးက ခန့်မှန်းထားသော်လည်း အဆိုပါရာခိုင်နှုန်းသည် (ကျောက်မျက်မြုပ်နေသော ကျောက်တုံးများ)အရိုင်းတုံးများအား တွက်ချက် မှုတွင် မည်သည့်အတိုင်းတာအထိ ထည့်သွင်းထားသည့်အပေါ်မူတည်၍ များစွာကွာခြားသွားနိုင်ပါသည်။

7. De Beers Group of Companies, 2016 Diamond Insight Report (2016) and Bain & Company, The Global Diamond Industry (2016)အပေါ် အခြေခံထားသည်။

8. Kimberley Process Certification Scheme က ထုတ်ပြန်ထားသော စိန်အကြမ်းထည်ဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေခံထား သည်။ kimberleyprocessstatistics.org ကို ကြည့်ပါ။

9. Ibid., 7.

10. ကျောက်စိမ်းမဟုတ်သော ရောင်စုံကျောက်မျက်များသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ဘီလျံ မှ ၁၂ဘီလျံအထိရှိသော ကမ္ဘာပေါ် တွင် လက်ဝတ်ရတနာရောင်းချရမှု၏ ၅ နှင့် ၇ရာခိုင်နှုန်းအကြားရှိပါသည်။ (ဥပမာ the BUZ Consulting Survey quoted in Russell Shor and Robert Weldon, "An Era of Sweeping Change in Diamond and Colored Stone Production and Markets" Gems & Gemology [Fall 2010]ကို ကြည့်ပါ။အဆိုပါကိန်းဂဏန်းများအရ အချောထည်ကျောက်မျက်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ဘီလျံမှ ၄ဘီလျံဝန်းကျင်လောက်အထိ ရှိနိုင်ပြီး အကြမ်းထည်ကျောက်များ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂ဘီလျံမှ ၃ဘီလျံ လောက်အထိ ရှိနိုင်သည် ဟု ယူဆရပါသည်။

11. ကမ္ဘာ့ကျောက်စိမ်းရောင်းဝယ်မှု၏ပမာဏနှင့် တန်ဖိုးကို ကျယ်ကျယ်ပြန့်ပြန့်အငြင်းပွားနေကြပြီး ခန့်မှန်းချက်များသည် အနိမ့်ဆုံး (ပုဂ္ဂလိကရောင်းချရမှုများအား ထည့်သွင်း စဉ်းစားခြင်းမရှိသော နှစ်အလိုက်ပြပွဲများမှ တရားဝင်ကိန်းဂဏန်းများကိုအခြေခံလျက်) အမေရိကန်ဒေါ်လာ ၁-၃ ဘီလျံမှ (၂၀၁၄ခုနှစ် Global Witness အရ) အမေရိကန်ဒေါ်လာ ၃၀ ဘီလျံကျော်အထိရှိနိုင်ပါသည်

12. ကမ္ဘာပေါ်တွင်အရည်အသွေးမြင့် ဂျေဒိုက်ကျောက်စိမ်းအများစုအား မြန်မာနိုင်ငံ၏ ကချင်ပြည်နယ်တွင် တူးဖော်ရရှိသော်လည်း ကနေဒါနိုင်ငံမှထွက်ရှိသည့် (ဂျေဒိုက်ကျောက်စိမ်းနှင့် အချို့သောဂုဏ်သတ္တိများတူညီသည့်)နက်ဖရိုက်ကျောက်စိမ်းများကိုလည်း ကျောက်စိမ်းအဖြစ် ဈေးကွက်တင်ရောင်းချပါသည်။ တန်ဇန်နိုက်ကိုတော့ တန်ဇန်နီးယားနိုင်ငံ Merelani ဒေသတစ်ခုတည်းတွင်သာ တူးဖော်ရရှိပါသည်။

13. Ibid., 7.

14. အလားတူခန့်မှန်းချက်များကို ကျောက်မျက်ကဏ္ဍနှင့် ပညာရပ်ဆိုင်ရာ စာပေမျိုးစုံတွင် ဖော်ပြထားပါသည်။ ဥပမာအားဖြင့် ၂၀၁၀ခုနှစ်၊ မတ်လ၊ ၁၈ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ Basel မြို့တွင် Jean Claude Michelou တင်ပြခဲ့သော "Colored Gemstones from Mine to Market: Ethical Trade and Mining Certification Challenges" ကိုကြည့်ပါ။ သို့သော်လည်း ၂၀၁၀ခုနှစ်ကတည်းက Gemfields ကုမ္ပဏီက ဆောင်ရွက်သော အကြီးစားစီမံကိန်းများကိုကြည့်ခြင်းအားဖြင့် အဆိုပါဖော်ပြချက်များတွင် ရောင်စုံကျောက်မျက်အား နိုင်ငံသားများ၏ တူးဖော်မှုပမာဏကို ချဲ့ကားဖော်ပြထားခြင်းဖြစ်နိုင်ပါသည်။

15. Gemfields ကုမ္ပဏီသည် ဇမ်ဘီယာနိုင်ငံတွင် (မြနှင့် နီလာခရမ်း) ကိုလည်းကောင်း၊ မိုဇမ်ဘစ်နိုင်ငံတွင် (ပတ္တမြား)ကိုလည်းကောင်း တူးဖော်ခွင့်ရရှိထားပါသည်။ ကနေဒါနိုင်ငံတွင် မှတ်ပုံတင်ထားသော True North Gems ကုမ္ပဏီသည် ထိုစဉ်ကတည်းက ဒေဝါလီခံထား ရသော်လည်း စီးပွားဖြစ်ထုတ်ယူနိုင်သည့် ပမာဏရှိသော ပတ္တမြားနှင့် ပန်းရောင်နီလာ သိုက်များကို ၂၀၀၄ခုနှစ်တွင် ဂရင်းလန်ကျွန်း၌ ရှာဖွေမှု စတင်ခဲ့ပါသည်။ "Greenland Authorities Sign Agreement Over True North Gems Unit Bankruptcy," IDEX, 17 September 2016 ကို ကြည့်ပါ။

16. လက်ရှိ De Beers ကုမ္ပဏီ၏ sightholders စာရင်းနှင့် ထပ်ဆောင်းအချက်အလက်များကို www.debeersgroup.com/globalsightholdersales တွင်ရယူနိုင်ပါသည်။ ပုဂ္ဂလိကရောင်းချမှုသဘောတူညီချက်များသည် စိန်ရောင်း ဝယ်ရေးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ကျင့်သုံးကြသော်လည်း စိန်ထုတ်လုပ်သောနိုင်ငံအတော်များများမှ အစိုးရများသည် စိန်ထုတ်လုပ်မှု၏ (ဘော့ဆွာနာ၊ နမ်မီဘီယာ၊ တောင်အာဖရိကနိုင်ငံတို့တွင်)အချို့နှင့် (အန်ဂိုလာနိုင်ငံတွင်)အားလုံးကို ဈေးကွက်တင် ရောင်းချရန် ကုမ္ပဏီများ ဖွဲ့စည်းထားပါသည်။

17. Gemfields ကုမ္ပဏီ၏ လေလံပွဲများကို စင်္ကာပူ၊ Jaipur နှင့် Lusaka မြို့များတွင် ကျင်းပလေ့ရှိပါသည်။ အဆိုပါလေလံပွဲရလဒ်များနှင့် စပ်လျဉ်းသော ထပ်ဆောင်းအချက်အလက်များကို corporate.gemfields.co.uk/investors/aim-announcements တွင် ရယူနိုင်ပါ သည်။

18. Geological Institute of America, "Journey of a Diamond."

19. အဆိုပါနိုင်ငံများတွင် ရောင်စုံကျောက်မျက်မျိုးစုံကို အထူးပြုဆောင်ရွက်ပါသည်။ ဥပမာ ကျောက်စိမ်းအား ပုံမှန်အားဖြင့် တရုတ်နိုင်ငံ တွင် ထုဆစ်ပုံဖော်ကြပြီး ထိုင်းနိုင်ငံတွင် ကမ္ဘာပေါ်တွင်ထွက်ရှိသော ပတ္တမြားနှင့်နီလာအများစုကို ဆောင်ရွက်သော်လည်း (မကြာသေး မီက ၎င်း၏ဈေးကွက်ဝေစုအချို့ကို သီရိလင်္ကာနိုင်ငံထံသို့ ဆုံးရှုံးခဲ့ရပါသည်။) အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် မြဆင့်တက်ပြုပြင်မှုကို အများဆုံးဆောင်ရွက်ပါသည်။

20. Ibid., 7.

21. ဥပမာအားဖြင့် Gemstone Forecaster Newsletter 34:1 (Spring 2016) ကို ကြည့်ပါ။ ရုတ်တရက်ဈေးနှုန်းအပြောင်းအလဲ ကြီးကြီးမားမားဖြစ်ခြင်းဖြစ်ပေါ်နိုင်ပြီး ဈေးနှုန်းအပြောင်းအလဲဖြစ်ခြင်းသည် ဈေးနှုန်းအား အတက်နှင့် အကျနှစ်ဖက်လုံး ဖြစ်စေနိုင်သည်ကို မှတ်သားရန်အရေးကြီးပါသည်။ ရောင်စုံကျောက်မျက်အတော်များများ၏ လက်လီရောင်းချမှုတန်ဖိုးသည် ဆက်လက်မြင့်တက်မည်ဖြစ်သော်လည်း ဥပမာအားဖြင့် မကြာသေးမီနှစ်များတွင် အကြောင်းအချက်မျိုးစုံကြောင့် ကျောက်စိမ်းဈေးများ သိသိသာသာ ကျဆင်းခဲ့ပါသည်။

22. Stakeholder များနှင့်တွေ့ဆုံမေးမြန်းမှုများနှင့် မီဒီယာများတွင်ဖော်ပြချက်များအပေါ်အခြေခံထားသည်။ ကျွမ်းကျင်သူများကလည်း ရောင်းအားအကောင်းဆုံးကျောက်မျက်အမျိုးအစားများ၏ နိုင်းရဝေစုနှင့်ပတ်သက်၍ အငြင်းပွားနေကြပြီး နီလာသည် စုစုပေါင်းတန်ဖိုး၏ ၅၀ ရာခိုင်နှုန်းရှိမည်ဟု ဖော်ပြကြကာ ပတ္တမြားသည် စုစုပေါင်းတန်ဖိုး၏ ၄၀ရာခိုင်နှုန်းရှိမည်ဟု ဖော်ပြကြပါသည်။ Tanzanites နှင့် တိုမလင်း စသည့် အချို့ကျောက်မျက်အမျိုးအစား များသည် တစ်မျိုးချင်းအနေဖြင့် ဈေးနှုန်းမြင့်မားစွာရရှိနိုင်သော်လည်း ပတ္တမြား၊ နီလာနှင့် မြဈေးကွက်များနှင့် မယှဉ်ပြိုင်နိုင်လောက်အောင် ထုတ်လုပ်မှုမှာ နည်းလွန်းပါသည်။

